# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၆၆)





နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်မြို့သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ဒေသခံများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

## စိန်ခေါ်မှုမှန်သမျှကို အခွင့်အရေးဖြစ်အောင်လုပ်နိုင်တဲ့အစွမ်းဟာ ကျွန်မတို့ဆီမှာပဲရှိ

**ပဲခူး မတ် ၁၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာအောင်သူနှင့် ဒေါက်တာမြင့်ထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာရာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့ဝင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီး ဦးညွန့်ရွှေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ပြည်မြို့ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် သရေခေတ္တရာမြို့ဟောင်းရှိ သီရိခေတ္တရာပြတိုက်သို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်က သရေခေတ္တရာမြို့ဟောင်း၏ နောက်ခံသမိုင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ရရှိခဲ့သည့်စံနှုန်းများ၊ သုတေသန လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်တွင်း ပြည်ပ ဧည့်သည်တော်များအား ယဉ်ကျေးမှုအမွေအနှစ်နှင့်စပ်လျဉ်း၍ အသိပညာပေးဆောင်ရွက်မှုများ၊ ပြည်ပနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❐



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# လူကုန်ကူးမှု သတိပြုရမည့်အန္တရာယ်

လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးငယ်တစ်ဦး တရုတ်နိုင်ငံတွင် ရိုက်နှက်နှိပ်စက်ခံနေရသည့် ရုပ်သံဖိုင်တစ်ခု ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်ပေါ်၌ ပျံ့နှံ့နေသည်ကို တွေ့ရသည်။ မျှော်လင့်ချက်မဲ့စွာ တုံဏှိဘာဝေ ထိုင်နေသည့် အမျိုးသမီးငယ်ကို အခြားအမျိုးသမီးတစ်ဦးက ဆဲဆိုပြီး မျက်နှာနှင့်ပါးတို့ကို အချက်ပေါင်းများစွာ ရိုက်နှက်နေခြင်းဖြစ်သည်။ နှိပ်စက်ခံနေရသည့် အမျိုးသမီးငယ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရုပ်သံဖိုင်၏ ဇာစ်မြစ်နှင့် သတင်းအချက်အလက်တို့ကိုလည်းကောင်း ပြည့်ပြည့်စုံစုံမသိရသေး။ လူကုန်ကူးခံရပါက ဤသို့ နှိပ်စက်ခံရနိုင်သည်ဟူသော အချက်အလက်တစ်ခုကိုသာ ရုပ်သံဖိုင်တွင် တွေ့ရသေးသည်။

လူကုန်ကူးခံရခြင်း၏ အဓိက အကြောင်းရင်းများတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ဉာဏ်ပညာဗဟုသုတနည်းပါးပြီး စဉ်းစားချင့်ချိန်နိုင်စွမ်း မရှိခြင်း၊ လူကုန်ကူးသူများနှင့် လူခေါ်ပွဲစားတို့၏ လိမ်ညာပြောစကားများကို နားယောင်ပြီး တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် အခြားနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်သွားရောက်ခဲ့ခြင်းတို့ အဓိကပါဝင်သည်။ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ထုတ်ဝေသည့် လက်ကမ်းစာစောင်တစ်ခုတွင် ဖော်ပြထားသည့် အချက်အလက်များမှာ အထူးဂရုပြုဖွယ်ရာပင် ဖြစ်သည်။ အဆိုပါ လက်ကမ်းစာစောင်တွင် “ တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်၍ အလုပ်လုပ်ကိုင်ရန် သွားလာမည်ဆိုပါက လူကုန်ကူးခံရနိုင်သည်ကို အထူးဂရုပြုပါ” ဟူ၍ စာလုံးကြီးကြီးများဖြင့် ရှင်းလင်းစွာ ဖော်ပြထားသည်။ မည်သူမဆို အချိန်မရွေး၊ နေရာမရွေး၊ လူကုန်ကူးခံရနိုင်သည်ကို သတိပြုရန်လည်း နှိုးဆော်တိုက်တွန်းထားသည်။ ထို့အပြင် -

- ❖ တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ပြီး တရားဝင်သွားရောက်အလုပ်လုပ်ခွင့် မရှိပါ။ နယ်စပ်ဖြတ်ကျော်သွားလာခွင့်လက်မှတ်ဖြင့်လည်း အလုပ်လုပ်ခွင့်မရှိပါ။
- ❖ မိမိကိုင်ဆောင်သော နယ်စပ်ဖြတ်ကျော်သွားလာခွင့် လက်မှတ်၏ သွားလာခွင့်ပြုသည့်နေရာနှင့် နေထိုင်ခွင့်ပြုသည့် ကာလတို့ကို သိထားရန် လိုသည်။ (တာဝန်ရှိသူတို့ကို မေးပါ)
- ❖ သင်စာချုပ်ချုပ်ဆို၍ လက်မှတ်ထိုးသည့်တိုင်အောင် လိမ်လည်ခံရနိုင်သည်။ လက်မှတ်မထိုးပါနှင့်။
- ❖ တရားမဝင်အလုပ်လုပ်ရခြင်းကြောင့် အလုပ်သမားအခွင့်အရေးရမည် မဟုတ်ပါ။
- ❖ တရားမဝင် ဝင်ရောက်မှုဖြင့် ဖမ်းဆီးခံရနိုင်သည်။
- ❖ အဆိုးဆုံးအန္တရာယ်အဖြစ် လူကုန်ကူးခံရနိုင်သည်ဟူ၍ အသိပေးထားသည်။

ထို့အပြင် သင့်ကိုတစ်စုံတစ်ဦးက တရုတ်နိုင်ငံသို့ လိုက်ပါရန် ပြောဆိုလာပါက ထိုသူ၏အမည်ရင်း၊ ဖုန်းနံပါတ်၊ လိပ်စာတို့ကိုတောင်းရန်၊ ဖြစ်နိုင်ပါက ထိုသူကို ဖုန်းဖြင့် ဓာတ်ပုံရိုက်ထားရန်၊ ထိုသူက အချက်အလက်များပေးရန် ငြင်းဆန်ခြင်း၊ သံသယရှိဖွယ်တစ်စုံတစ်ရာ တွေ့ရှိခြင်းများရှိပါက မလိုက်ရန်၊ မိမိမှတ်ပုံတင် နယ်စပ်ဖြတ်ကျော်သွားလာခွင့်လက်မှတ်၊ မိမိ၏မှတ်စုစာအုပ်များကို သိမ်းဆည်းမည် ဆိုပါကလည်း မလိုက်ရန်၊ အတင်းခေါ်ဆောင်ခြင်း၊ ကြိုတင်ငွေထုတ်ပေးခြင်း၊ လမ်းခရီးတွင် စစ်ဆေးခြင်းကို လိမ်ညာရန် သင်ကြားလာခြင်းတို့ရှိပါက စစ်ဆေးရေးတာဝန်ရှိသူများထံ ဆက်သွယ်အကူအညီတောင်းခံရန်တို့ကိုလည်း အကြံပြုထားသည်။

လူပွဲစားများက တစ်ဖက်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်များတွင် လုပ်ခလစာ ကောင်းကောင်းရမည်ဟူ၍ လည်းကောင်း၊ အိမ်ဖော်အလုပ်ရမည်၊ ကလေးထိန်းသက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရမည်ဟူ၍ လည်းကောင်း၊ လမ်းစရိတ်အကုန်အကျခံ၍ လည်းကောင်း၊ ကြိုတင်လစာထုတ်ပေးခြင်း၊ တစ်ဖက်နိုင်ငံရောက်ပါက မိဘများထံ ငွေလွှဲပေးမည်ဟူ၍ လည်းကောင်း၊ ဟန်ဆောင်လက်ထပ်ခြင်း၊ ချစ်ကြိုက်ဟန်ဆောင်ခြင်း၊ အလည်အပတ်ခေါ်ခြင်း၊ ခိုးပြေးခြင်း နည်းလမ်းများဖြင့်လည်းကောင်း၊ တရုတ်အမျိုးသားနှင့် ၆ လ၊ တစ်နှစ်ပေါင်းသင်းပါက ငွေကျပ်သိန်းပေါင်းမည်ရွေ့မည်မျှ ရမည်ဟူ၍လည်းကောင်း စည်းရုံးလေ့ရှိကြသည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူအနေဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံစလုံး၏ ဥပဒေအရ ကာကွယ်စောင့်ရှောက်မှုကို ရပိုင်ခွင့်ရှိကြောင်းနှင့် လူကုန်ကူးမှုအတွက် ပြစ်ဒဏ်များမှာ ပြစ်မှုအပေါ်လိုက်၍ ထောင်ဒဏ်ငွေဒဏ်မှသည် သေဒဏ်အထိ အပြစ်ပေးနိုင်သည့်ကြီးလေးသော ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားကြောင်း အသိတရားနှင့်သတိထားနိုင်ကြပါစေကြောင်း။

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း ကို သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# သံအမတ်ကြီး ဦးမိုးကျော်အောင် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတထံခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၅

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမိုးကျော်အောင်သည် ၎င်း၏ခန့်အပ်လွှာကို မတ် ၉ ရက်တွင် တီဟီရန်မြို့၌ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟာဆန် ရိုဟာနီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် အမေရိကန်နိုင်ငံသံအမတ်ကြီးနှင့် နော်ဝေနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Scot Marciel နှင့် နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Tone Tinnes တို့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

အမေရိကန်သံအမတ်ကြီးနှင့်အဖွဲ့အား တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ထိန်းချုပ်ရေးနှင့် လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နော်ဝေသံအမတ်ကြီးနှင့်အဖွဲ့အား တွေ့ဆုံစဉ် နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အကူအညီပေးနေသည့်ကိစ္စ၊ လွှတ်တော်၌ဆောင်ရွက်လျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Tone Tinnes အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# အများအားဖြင့် သာယာ

**နေပြည်တော် မတ် ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သရေခေတ္တရာမြို့ဟောင်းရှိ သီရိခေတ္တရာပြတိုက်၌ လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

❒ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြခန်းဆောင်များအတွင်း ခင်းကျင်းပြသထားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို လှည့်လည်ကြည့်ရှုပြီး သီရိခေတ္တရာ ပြတိုက်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်တော်ယာဉ်များဖြင့် သရေခေတ္တရာမြို့ဟောင်းရှိ နန်းတော်ရာနေရာ၊ ရဟန္တာကန်နေရာများကို လှည့်လည်ကြည့်ရှုပြီး ဘောဘောကြီးစေတီတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ သစ်သီးနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ကာ စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည်အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် - ၅၀၀)သို့ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသူများအား ကြည့်ရှုအားပေးသည်။

**ဒေသခံပြည်သူများနှင့် တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်မြို့သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ပြည်ခရိုင်အတွင်းရှိ ရပ်မိရပ်ဖများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "အခုဆိုရင် တိုင်း/ပြည်နယ် တော်တော်များများကို ရောက်ပြီး ဖြစ်နိုင်တဲ့နေရာတိုင်း ပြည်သူလူထုနဲ့ တွေ့ဆုံပွဲတွေ လုပ်ပါတယ်။ တွေ့ဆုံပွဲတွေလုပ်ရတဲ့အကြောင်းကတော့ ကျွန်မတို့ ပြည်သူလူထုရဲ့အခြေအနေကို သိရအောင် ပြည်သူလူထုကလည်း မိမိတို့သိချင်တဲ့ကိစ္စတွေကို သိအောင် ဖြစ်ပါတယ်။

"ပြည်သူလူထုနဲ့တွေ့ဆုံပွဲတွေ လုပ်တယ်ဆိုတာလည်း ပစ္စုပ္ပန်အခြေအနေကို သုံးသပ် ချင်လို့ပါ။ ပစ္စုပ္ပန်အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်မှ အနာဂတ်အတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူတွေနဲ့တွေ့တဲ့အခါ ပြည်သူတွေရဲ့မေးခွန်းတွေဟာ ကျွန်မတို့အတွက် အဓိက ကဏ္ဍဖြစ်ပါတယ်။ အဲဒီလိုမေးတဲ့နေရာမှာ ကျွန်မတို့မေးသမျှမေးခွန်း၊ ပြောသမျှစကားများဟာ ကျွန်မတို့ နိုင်ငံရဲ့အကျိုးကို ဦးတည်တဲ့စကားများဖြစ်ပါစေလို့ သတိပေးချင်ပါတယ်။ တစ်ယောက်ယောက်ကို တိုက်ခိုက်ချင်လို့၊ အဖွဲ့အစည်းတစ်ခုခုကို တိုက်ခိုက်ချင်လို့ အစိုးရကို တိုက်ခိုက်ချင်လို့မဟုတ်ဘဲ နိုင်ငံရဲ့အကျိုးကို ဦးတည်ပြီးတော့ ပြောဆိုချက်တွေ မေးခွန်းတွေဖြစ်စေချင်ပါတယ်။

"ဒီလိုမေးခွန်းတွေ အကြောင်းအရာတွေကတူပေမယ့် အကြောင်းအရာတွေကို ချဉ်းကပ်တဲ့နေရာမှာ တစ်နေရာနဲ့တစ်နေရာ မတူဘူးဆိုတာလည်း သတိပြုမိပါတယ်။ တစ်တိုင်းပြည်လုံးမှာ တူတဲ့လိုအပ်ချက်တွေရှိပါတယ်။ ဥပမာဆိုရင် အခြေခံအားဖြင့် ကျွန်မက ရောက်ရာအရပ်မှာ သတိရတိုင်း အမှိုက်မပစ်ဖို့ဆိုပြီး ပြည်သူလူထုကို သတိပေးပါတယ်။ အမှိုက်မပစ်ဖို့ သတိပေးတာဘာလို့လဲဆိုတော့ အမှိုက်ပစ်တယ်ဆိုတာ ပတ်ဝန်းကျင်ညစ်ညမ်းရုံတင်မက၊ ပတ်ဝန်းကျင် အကျည်းတန်ရုံတင်မက ကျန်းမာရေးကိုလည်း ထိခိုက်တဲ့အနေအထားအထိ ဖြစ်နိုင်ပါတယ်။ ပတ်ဝန်းကျင်ကို သန့်သန့်ရှင်းရှင်းမထားဘူး၊ အမှိုက်ပစ်တယ်ဆိုတာ ကိုယ့်ရဲ့နိုင်ငံကို မလေးစားရာ၊ တန်ဖိုးမထားရာရောက်ပါတယ်။

"ဒီလိုအမှိုက်ပစ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြောလာတဲ့နေရာတွေမှာ ချဉ်းကပ်တဲ့ ပြဿနာတစ်ခု၊ အခြေအနေတစ်ခု၊ ကိစ္စရပ်တစ်ခုကို ချဉ်းကပ်တဲ့ ပုံမတူတာကို ပြောရရင် မုံရွာမှာ ပြည်သူလူထုနဲ့တွေ့ဆုံပွဲ လုပ်တဲ့အခါမှာ ပြည်သူတစ်ယောက်က အမှိုက်တွေ ရှင်းရေးကိစ္စမှာ စည်ပင်က တာဝန်မကျေတဲ့ကိစ္စ၊ ကျွန်မတို့လာမှ အမှိုက်တွေရှင်းတဲ့ကိစ္စကို တင်ပြတယ်။ ဒါပေမယ့် ကျွန်မက ပြန်ပြီးမေးတယ်။ ကိုယ်ကရော ပစ်ချင်တဲ့နေရာပစ်ပြီး စည်ပင်က တာဝန်မကျေပါဘူးလို့ ပြောနေတာလားဆိုတော့ အဖြေက ရှင်းရှင်းလင်းလင်းမပေါ်လာဘူး။

**ရောင်ပြန်ဟပ်နေတဲ့ကိစ္စဖြစ်**

"နောက်တစ်နေရာမှာ ကျွန်မပြောခဲ့တဲ့ကိစ္စက ထမံသီမှာပါ။ ပထမကတော့ ထမံသီ ပြည်သူလူထုက လိုအပ်ချက်တွေကို တင်ပြလာတယ်။ လုံးဝလောဘ မပါပါဘူး။ တကယ့် အခြေခံလိုအပ်ချက်တွေပါ။ ဥပမာဆိုရင် သောက်ရေသန့် လိုအပ်ချက်၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်၊ လျှပ်စစ်မီးတွေ လိုအပ်ချက်၊ နောက်ပြီးတော့ ဆရာဝန်တွေ လိုအပ်ချက် ဒါတွေကတော့ အခြေခံလိုအပ်ချက်တွေပါ။ တစ်နိုင်ငံလုံးရဲ့လိုအပ်ချက်တွေကို ရောင်ပြန်ဟပ်နေတဲ့ကိစ္စဖြစ်ပါတယ်။

"ဒါပေမယ့် ကျွန်မကလည်း ထုံးစံအတိုင်း ကိုယ့်ရပ်ကိုယ့်ရွာကို သန့်သန့်ရှင်းရှင်းထားနိုင်ဖို့ တာဝန်ရှိတယ်၊ ကိုယ့်ရပ်ကိုယ့်ရွာကို လေးစားဖို့ တာဝန်ရှိတယ်၊ အမှိုက်တွေတွေ့ရတယ်၊ ဒါဘယ်သူပစ်ထားတာလဲလို့မေးတော့ ရဟတ်ယာဉ်ဆင်းလို့ လေတိုက်တော့ အမှိုက်တွေက ပွလာတယ်လို့ ပြောတယ်။ ဘယ်သူ့ကိုမှ လွှဲချတာ၊ လက်ညှိုးထိုးတာမဟုတ်ပါဘူး။

"နောက်တစ်ခုက ဒလမှာ တံတားပန္နက်ရိုက်တဲ့ကိစ္စ ကျွန်မလုပ်ခဲ့တယ်။ ဒလဘက်ခြမ်းမှာ ကမ်းနားက ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ်။ အဲဒီမှာ ကမ်းနားမှာထိုင်ပြီး ကြိုနေတဲ့ ပြည်သူတွေနဲ့ စကားပြောပါတယ်။ အဲဒီတုန်းကလည်း အမှိုက်တွေဘယ်သူပစ်တာလဲဆိုတော့ သူတို့ သွက်သွက်လက်လက်ပဲ ကျွန်တော်တို့ပစ်တာပါလို့ ပြန်ဖြေတယ်။ ကျွန်မက သဘောကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ပစ်တာဆိုတာသိမှပဲ နောင်မပစ်ဘဲနဲ့ နောင်အခြေအနေ ပိုပြီးကောင်းအောင်လုပ်နိုင်မှာပါ။ အဲဒီတော့ ကျွန်မပြောချင်တာက အခွင့်အရေးနဲ့ တာဝန်နှစ်ခုစလုံးကိုကြည့်ပါ၊ အများမှာ တာဝန်ရှိတယ်လို့ထင်ရင် ကိုယ့်မှာရော ဘာတာဝန်ရှိသလဲဆိုတာ ပြန်ပြီးတော့ ကြည့်စေချင်ပါတယ်။

**လူတိုင်းရဲ့ တာဝန်**

"ဒီတော့ ကိုယ့်မှာ ပြောပိုင်ခွင့်ရှိတယ်။ အခု ဒီမိုကရေစီစံနှုန်းစံထားအရ၊ လုပ်ထုံးလုပ်နည်းအရ ကိုယ်ကနေပြီးတော့ ကိုယ့်ရဲ့ကိုယ့်နိုင်ငံမှာ အုပ်ချုပ်ရေးတာဝန်ကို ယူထားတဲ့သူတွေကို ဝေဖန်ပိုင်ခွင့်ရှိတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ဖို့ဆိုတာကတော့ ပထမဦးဆုံးလူတိုင်း လူတိုင်းရဲ့ တာဝန်ပဲလို့ ကျွန်မအနေနဲ့ ယူဆပါတယ်။

"ပြည်သူလူထုကလည်း တာဝန်ယူပါ။ ဒါမှ ပြည်သူလူထု တင်ထား၊ တင်မြှောက်ထားတဲ့ အစိုးရကလည်း ပြည့်ပြည့်ဝဝ တာဝန်ယူနိုင်မယ့် အနေအထားကို ရောက်သွားမှာပါ။ အစိုးရရဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ အားလုံးကလည်း ပြည်သူထဲက ပြည်သူတွေပဲဆိုတာကို မမေ့ပါနဲ့။ ဒီပြည်သူတွေက တင်မြှောက်ထားလို့ ပြည်သူထဲက ပြည်သူတွေပဲ အုပ်ချုပ်ရေးတာဝန်ကို ယူထားတာဖြစ်ပါတယ်။

"ကျွန်မတို့ အစိုးရမှာ အဓိက ဘာဖြစ်လို့ တာဝန်ရှိသလဲဆိုတော့ အစိုးရရဲ့တာဝန်တွေကို ထမ်းဆောင်နေတဲ့ လူတွေက ရွေးကောက်ပွဲမှာဝင်ပြီးတော့၊ ယှဉ်ပြိုင်တုန်းက ပြည်သူလူထုရဲ့ ထောက်ခံမှုကို ရယူပြီးတော့ ယှဉ်ပြိုင်ခဲ့တာ။ ပြည်သူလူထုရဲ့ ထောက်ခံမှုကိုရခဲ့လို့ ဒီတာဝန်ကိုထမ်းဆောင်နိုင်တာ။ အဲဒီတော့ ကျွန်မတို့က ဒီတာဝန်ကို ဘယ်တော့မှ မမေ့ရဘူးဆိုတာကို ထပ်တလဲလဲ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေကို ပြောပါတယ်။

**နိုင်ငံ့အကျိုးအတွက် ထမ်းဆောင်**

"အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာ နှစ်ပိုင်းရှိပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရပိုင်းဆိုင်ရာနဲ့ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဆိုတာ ဘယ်အစိုးရတက်တက်၊ ဘယ်ရွေးကောက်ပွဲက ဘယ်သူပဲတက်လာတက်လာ ပြည်သူကနေပြီးတော့ ရွေးချယ်လိုက်တဲ့ ပုဂ္ဂိုလ်တွေကို မှန်မှန်ကန်ကန်၊ သစ္စာရှိရှိနဲ့ လက်တွဲပြီးတော့ နိုင်ငံ့အကျိုးအတွက် ထမ်းဆောင်ရမှာဖြစ်ပါတယ်။

"အရင်တုန်းက အစိုးရနဲ့ ပိုပြီးအဆင်ပြေတယ်၊ ဒီအစိုးရနဲ့ အဆင်မပြေဘူး၊ ဒီလိုဟာမျိုးတွေ ကျွန်မ မကြားချင်ပါဘူး။ အရင်တုန်းက မလုပ်သင့်၊ မလုပ်ထိုက်တာတွေကို လုပ်ခဲ့တယ်ဆိုရင် ဆက်ပြီးတော့ မလုပ်ပါနဲ့တော့။ အဲဒီစိတ်တွေလည်း ပယ်ဖျက်လိုက်ပါ၊ ဖျောက်လိုက်ပါ၊ ထပ်မလုပ်ပါနဲ့။ ဖြစ်ပြီးတာတွေက ဖြစ်သွားပြီ။ ကျွန်မတို့ အနာဂတ်အတွက် အခုပစ္စုပ္ပန်မှာ မှန်မှန်ကန်ကန်နဲ့ လျှောက်လှမ်းသွားရမှာ ဖြစ်ပါတယ်။

"ကျွန်မတို့ အချင်းချင်း ပြည်သူလူထုနဲ့ ပြည်သူလူထုကြားထဲမှာရှိတဲ့ အစုအဖွဲ့တွေ အခုဆိုရင် အစုအဖွဲ့တွေကလည်း အများကြီးပဲ။ ဒီအစုအဖွဲ့တွေက ဘယ်သူ့ကို ကိုယ်စားပြုတယ်၊ ဘယ်လိုယုံကြည်ချက်ရှိတယ်၊ ဘာကိုမျှော်မှန်းတယ်ဆိုတာလည်း အားလုံးသိဖို့ဆိုတာ ခက်ပါတယ်။ ပြည်သူလူထုကလည်း ဒါတွေသိဖို့ စဉ်းစားရမယ်။ ဘယ်တော့မှာ လွယ်လွယ်ကူကူနဲ့ ပြောတာ၊ ဆိုတာ၊ စည်းရုံးတာ၊ ဆွဲဆောင်တာကို လက်မခံပါနဲ့။ ပြည်သူလူထုဟာ ဆင်ခြင်တုံတရားနဲ့ နေသွားမှ ဒီနိုင်ငံဟာ တန်ဖိုးရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြောတိုင်းလည်း မယုံပါနဲ့။ ယုံသင့်၊ မယုံသင့် ကိုယ့်ဟာကိုယ် ဆင်ခြင်ပါ။ ပြောတဲ့သူများဟာလည်း၊ ပြောတဲ့ပုဂ္ဂိုလ်များဟာလည်း သုဂတောဆိုတဲ့ ကျိုးရှိမှန်ကန်၊ သူခံသာတဲ့စကား ပြောရဲ့လားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ ဝေဖန်ကြပါ။

"ပထမဦးဆုံး အရေးကြီးတာက အကျိုးရှိသလား၊ မရှိသလားဆိုတာပါပဲ။ မမှန်တဲ့ ကိစ္စပြောပြီဆိုကတည်းက နောင်ပြောတဲ့ဟာတွေက ဘာမှအကျိုးမရှိတော့ဘူး။ မုသားစကားပေါ်မှာ အခြေခံပြီးတော့ လုပ်တဲ့လုပ်ရပ်တွေဟာ ဘယ်တော့မှလည်း အကောင်းမဖြစ် နိုင်ဘူး။ ဘယ်တော့မှလည်း နိုင်ငံကို အကျိုးမပြုနိုင်ဘူး။

စာမျက်နှာ ၄ သို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်မြို့အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၅၀၀ ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

"ဒုတိယက မမှန်တဲ့စကားကို ပြောခြင်းအားဖြင့် ဘယ်သူ့ကို အကျိုးပြုနိုင်မလဲ။ အဓိက ကျွန်မတို့ တွေ့ဆုံတဲ့အခါမှာ နိုင်ငံအကျိုးပြုမယ့်စကားဖြစ်သလားဆိုတာ အဲဒါကို မေးရမှာဖြစ်ပါတယ်။ မိမိကိုယ်ကိုယ် ဖြောင့်ဖြောင့်မတ်မတ် မဆက်ဆံနိုင်တဲ့သူက အခြားသူတွေကို ဘယ်လိုလုပ်ဖြောင့်ဖြောင့်မတ်မတ် ဆက်ဆံနိုင်မလဲ။ ဖြောင့်မတ်ခြင်းမရှိတဲ့သူက ဘယ်လိုလုပ်နိုင်ငံကို အကျိုးပြုနိုင်မလဲ။ ဒါကြောင့် အားလုံးဟာ အစိုးရဘက်ကပဲဖြစ်ဖြစ်၊ ဝန်ထမ်းတွေဘက်ကပဲဖြစ်ဖြစ်၊ ပြည်သူလူထုဘက်ကပဲဖြစ်ဖြစ် ပြောတဲ့စကားများဟာ မှန်ကန်ဖို့အရေးကြီးသလို အကျိုးရှိဖို့လည်း အင်မတန်မှ အရေးကြီးပါတယ်။

"အချို့ကိစ္စတွေကျတော့ အမှန်လည်းဖြစ်တယ်၊ နိုင်ငံအတွက် အကျိုးရှိမှာ ဖြစ်တဲ့အတွက် ပုဂ္ဂိုလ်ရေးအရ၊ အဖွဲ့အစည်းအရ မကျေမနပ်ရှိနိုင်ပေမယ့်လည်း ပြောသင့် ပြောထိုက်တာပြောရတာတွေလည်းရှိပါတယ်။ ဒါပေမယ့် ပြောပုံပြောနည်းလည်း ရှိပါတယ်။ ပြောပုံပြောနည်းတော့ ယဉ်ကျေးသိမ်မွေ့စေချင်ပါတယ်။ ဒါဟာ ကျွန်မတို့ နိုင်ငံရဲ့တန်ဖိုးကိုဖြတ်တာပဲ ဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေ ဘယ်လောက်ယဉ်ကျေးသိမ်မွေ့သလဲ၊ နိုင်ငံသူ နိုင်ငံသားတွေ အပြောအဆို၊ အနေအထိုင် ဘယ်လောက်လိမ္မာသလဲဆိုတာဟာ နိုင်ငံတစ်နိုင်ငံရဲ့တန်ဖိုးကို ဖြတ်တာဖြစ်ပါတယ်။


**နှစ်ပေါင်းများစွာ နောက်ကျကျန်ခဲ့**

"ကျွန်မတို့နိုင်ငံဟာ စိန်ခေါ်မှုတွေ အင်မတန်မှများပါတယ်။ စိန်ခေါ်မှု မှန်သမျှကို အခွင့်အရေးဖြစ်အောင် လုပ်နိုင်တဲ့အစွမ်းဟာ ကျွန်မတို့ဆီမှာပဲရှိပါတယ်။ အခြားပြင်ပကလာပြီးတော့ လုပ်ပေးလို့မရပါဘူး။ ဒီလိုစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့နေရာမှာ အရေးကြီးဆုံးလိုအပ်တဲ့အရည်အချင်းကတော့ ညီညွတ်ခြင်းပါပဲ။ ကျွန်မတို့တွေ ညီညွတ်မှ နိုင်ငံရဲ့ပြဿနာတွေကို ကျော်လွှားနိုင်မှာပါ။ ကျွန်မတို့နိုင်ငံဟာ နှစ်ပေါင်းများစွာ နောက်ကျကျန်ခဲ့တဲ့ နိုင်ငံပါ။ ဒါကြောင့်လည်း စိတ်ဓာတ်ကျစရာအကြောင်း မရှိပါဘူး။ ပိုပြီးတော့ ကြိုးစားဖို့ပဲရှိပါတယ်။ လွတ်လပ်ရေးမရခင်တုန်းက ဖေဖေပြောသွားတဲ့စကားမှာ တခြားသူတွေ လမ်းလျှောက်တဲ့နေရာမှာ ကျွန်ုပ်တို့က ပြေးနိုင်မှ တော်တော်ရယ် ဆိုတာအခုလည်း ဒီအတိုင်းပါပဲ။ တခြားသူတွေက လမ်းလျှောက်နေတဲ့နေရာမှာ ကျွန်မတို့ နိုင်ငံက ပြေးနိုင်ရမယ်။

"ကျွန်မတို့နိုင်ငံဟာ အင်မတန်မှ ပြေးဖို့လိုနေတဲ့နိုင်ငံဖြစ်တဲ့အတွက် ပြေးတဲ့အတွက် အနာကိုတော့ ရှောင်လို့မရဘူး။ ဒီအနာကိုခံနိုင်တဲ့သတ္တိ၊ သဘာဝဖြစ်အောင်လို့ မိမိကိုယ်ကို ပြုစုပျိုးထောင်ရမယ်။ ဒီအတိုင်းပဲ ကျွန်မတို့ နိုင်ငံဟာတိုးတက်ချင်တယ်ဆိုရင် ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်နဲ့ ဂုဏ်ရောင်တောက်ချင်တယ်ဆိုရင် အားလုံးဟာ နိစ္စဓူဝ အပင်ပန်းခံ ကြိုးစားရမှာဖြစ်ပါတယ်။ အားလုံးအတူတူလက်တွဲပြီး သွေးစည်းရမယ်။ ရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေဟာ အတူတူပဲဖြစ်လို့ တစ်လှေတည်းသွားနေတဲ့သူတွေက မိမိလိုချင်တဲ့ ကမ်းစပ်ကိုရောက်နိုင်တဲ့အထိ အားလုံးတက်ညီလက်ညီသွားကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေကို ထားစေချင်ပါတယ်။ ကျွန်မတို့တာဝန်ထမ်းဆောင်နေတဲ့ကာလမှာ လွတ်လွတ်လပ်လပ်ပြောပိုင်ခွင့်၊ ဆိုပိုင်ခွင့်၊ မေးပိုင်ခွင့်ရှိတယ်။ အဲဒီလို အခွင့်အရေးတွေကို အလွဲသုံးစားမလုပ်ပါနဲ့၊ နိုင်ငံ့အကျိုး၊ ပြည်သူပြည်သားတွေ အကျိုးအတွက်သုံးပါ။ အဓိကအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်" ဟု ပြောကြားသည်။

**လယ်ယာမြေဆိုင်ရာကိစ္စရပ်များတင်ပြ**

ထို့နောက် တွေ့ဆုံပွဲသို့ ဒေသခံပြည်သူများ ကြိုတင်တင်ပြထားသည့် ပြည်မြို့နယ် မြို့ပြ သန့်ရှင်းသာယာလှပရေးလုပ်ငန်းအတွက် လိုအပ်သောရန်ပုံငွေများကို နိုင်ငံတော် သီးသန့်ထောက်ပံ့ရန်ပုံငွေ ခွင့်ပြုချထားပေးရေး၊ ပေါက်ခေါင်းမြို့နယ်တောင်နဝင်းရေလှောင်တမံအနီး ရပ်သစ် - တောင်ရွှေလောင်းလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းဆောင်ရွက်ပေးနိုင်ရေး၊ တံတားနှစ်စင်းနှင့် Box Culvert တစ်စင်းတည်ဆောက်ပေးရေး၊ ရွှေတောင်မြို့နယ် ညောင်စာရေးကျေးရွာမှ ဇီးကျွန်းကျေးရွာအုပ်စု ရောဦးကျေးရွာသို့ ဆက်သွယ်သည့် ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရေး၊ ပန်းတောင်းမြို့နယ် ထုံးဘိုမှ အကောက်တောင်အထိ မြေသားလမ်းကို အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် ပေါင်းတည်မြို့နယ် ပေါင်းတည် - မှတ်တိုင်-ပေါက်တောလမ်းကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းမကြီးခင်းပေးနိုင်ရေး မေးခွန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ ဒေသခံပြည်သူ ငါးဦးမှ တင်ပြလာသည့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်သင်ပညာသင်တန်းဝင်ခွင့်ဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မြို့ဟောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်ရေး၊ မြစ်ဆုံစီမံကိန်းနှင့်စပ်လျဉ်းသည့် မေးခွန်း၊ ရွှေတောင်မြို့နယ်အတွင်း သိမ်းဆည်းမြေယာဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တောင်နဝင်းဆည် ရေလှောင်တမံကြံ့ခိုင်မှုနှင့် ရေထုတ်တံခါးတည်ဆောက်ပေးနိုင်ရေးမေးခွန်းများနှင့် ခန်းမအတွင်းရှိ ဒေသခံပြည်သူနှစ်ဦး မေးမြန်းသည့် ရွှေတောင်ချည်မျှင်နှင့် အထည်စက်ရုံနှင့်စပ်လျဉ်းသည့် လယ်ယာမြေသိမ်းဆည်းခံရခြင်းဆိုင်ရာကိစ္စ၊ ပန်းတောင်းမြို့နယ်၌ တပ်မတော်မှ သိမ်းဆည်းထားသည့် လယ်ယာမြေဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း တင်ပြကြသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သရေခေတ္တရာမြို့ဟောင်းရှိ ဘောဘောကြီးစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။**

သတင်းစဉ်

ထို့နောက် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ပြည်သူများ၏ ပြဿနာမှာ တစ်တိုင်းပြည်လုံး အတူတူပင်ဖြစ်ပါကြောင်း၊ မိမိတို့သည် တစ်လှေတည်းစီးနေပြီး ပန်းတိုင်တစ်ခုတည်းကိုရောက်အောင် ကြိုးစားရမည့်သူများ ဖြစ်ပါကြောင်း။

ပြည်သူလူထု အားလုံးပါဝင်ပြီး ဆွေးနွေးလိုကြသည်ကို သိပါကြောင်း၊ တတ်နိုင်သမျှ မျှမျှတတဖြစ်အောင် လုပ်ပေးပါကြောင်း၊ အားလုံးကို တန်းတူညီတူ အခွင့်အရေးပေးလိုပါကြောင်း၊ သို့သော် တန်းတူညီတူအခွင့်အရေးဆိုသည်ကို ပေတံနှင့်တိုင်းပြီး တိတိကျကျလုပ်၍ မရပါကြောင်း။

အားလုံး လုံးဝတန်းတူညီတူဟူ၍ မရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် အားလုံးကို မျှမျှတတလုပ်ပေးသည်ဆိုရာတွင် အားနည်းသူများကို ပိုပြီးကူညီရန် ဖြစ်ပါကြောင်း၊ ကူညီခြင်းသည် မျှတခြင်းဖြစ်ပါကြောင်း၊ ယင်းကို မိမိတို့ချင့်ချိန်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားမည်ဖြစ်ပါကြောင်း။

ဤတိုင်းဒေသကြီးတွင် အခြားတိုင်းနှင့် ပြည်နယ်များကဲ့သို့ မှတ်ချက်ချရမည့်ကိစ္စမှာ တိုင်းအစိုးရနှင့် အစိုးရအဖွဲ့ဝင်များသည် ပြည်သူလူထုနှင့် ပိုပြီးထိတွေ့ရန်၊ ကွင်းဆင်းရန်၊ ရပ်ကျေးအထိ ရောက်ရှိပြီး ပြည်သူများ၏စကားကို နားထောင်ရန်၊ ပြည်သူလူထု၏ ပြဿနာများကို ပိုပြီးလေ့လာရန် လိုအပ်သည်ဟုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူလေးများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ပြည်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် သာယာဝတီမြို့သို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ



ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သာယာဝတီမြို့ဆရာစံခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**မှန်မှန်ကန်ကန် တက်ကြွဖို့လို**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "သာယာဝတီ မြို့သူမြို့သားတွေဟာ အစဉ်အလာအားဖြင့် အင်မတန်မှ ခံနိုင်ရည်ရှိတယ်ဆိုတာ ကျွန်မတို့ သိပါတယ်။ နိုင်ငံရေးတက်ကြွတယ်ဆိုတာလည်း သိပါတယ်။ နိုင်ငံရေးတက်ကြွရင် မှန်မှန်ကန်ကန် တက်ကြွဖို့လိုပါတယ်။ မဟုတ်တဲ့နေရာမှာသွားပြီး တက်ကြွရင် နိုင်ငံကို အကျိုးမပြုပါဘူး။ သာယာဝတီရဲ့ကောင်းတဲ့အစဉ်အလာတွေကို ထိန်းထားပြီးတော့ မှန်မှန်ကန်ကန်တက်ကြွကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျွန်မတို့ပြည်သူတွေ နေပူကြီးထဲမှာ ဖွဲနပဲနဲ့ စောင့်နေတာဟာ ဘာတွေကို ကျွန်မတို့က ပြန်ဖြေမလဲဆိုတာ သိချင်လို့ပဲ ဖြစ်ပါတယ်။

"ပြည်သူတွေကို အုပ်ချုပ်တဲ့ တာဝန်ယူထားတဲ့ အဖွဲ့အစည်းတွေကြားထဲမှာ အမြဲပဲ ထိတွေ့မှုဟာ ရှိနေရမယ်။ တစ်ယောက်ရဲ့အသံကို တစ်ယောက်က နားထောင်ရမယ်။ တစ်ယောက်ကို ဖြေရှင်းခွင့် တစ်ယောက်ကပေးရမယ်။ တစ်ခါတလေဆိုရင် အုပ်ချုပ်တဲ့အပိုင်းကနေပြီးတော့ ပြည်သူတွေပြောတာ နားမထောင်ဘူး။ ငါတို့ပြောတာပဲလုပ်ဆိုပြီး အဲဒီလိုပြောချင်စိတ်ရှိတယ်။ တစ်ခါတလေ ပြည်သူတွေကလည်း အုပ်ချုပ်တဲ့ဘက်က ပြန်ပြောတာကို မကြားချင်ဘူး။ ကျွန်တော်တို့ ပြောချင်တာပဲပြောမယ်။ ကျွန်တော်တို့ လိုချင်တာပဲ တင်ပြမယ်ဆိုပြီး ပြန်ပြီးတော့အဖြေကို နားမထောင်ကြဘူး။ အဲဒီလိုဆိုရင် ကျွန်မတို့ တိုးတက်နိုင်မှာမဟုတ်ပါဘူး။ နှစ်ဖက်စလုံးဟာ တစ်ဖက်ရဲ့အသံကို နားထောင်ရုံသာမက နားထောင်ချင်တဲ့စိတ်ရှိရမယ်၊ သိချင်တဲ့စိတ်ရှိရမယ်၊ အဲဒီလိုသိချင်တဲ့စိတ်ရှိမှ ကျွန်မတို့လည်း သိနိုင်မှာပါ။ နောက်ဆုံးကြတော့ ဆန္ဒပါပဲ။ ဆန္ဒရှိမယ်ဆိုရင် ဘယ်လိုပြဿနာမျိုးမဆို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

**အပြန်အလှန်လေးစားမှုရှိ**

"ကျွန်မတို့ မနက်တုန်းက ပြည်မှာလည်း ပြည်သူလူထုနဲ့ တွေ့ခဲ့ပါတယ်။ ပြည်မှာ ပြည်သူလူထုနဲ့မတွေ့ခင် သီရိခေတ္တရာ ပြတိုက်ကို သွားပြီးကြည့်ပါတယ်။ သွားကြည့်တဲ့အခါမှာ ကျွန်မတို့နိုင်ငံသည် သမိုင်းအရ ရပ်တည်ခဲ့တာကြာပြီ၊ ဒီမြေပေါ်မှာပဲနေခဲ့ရတာဟာ နှစ်များထောင်နဲ့ချီပြီးတော့ ရှိနေပြီ၊ အခုထိ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းရေး မရနိုင်ဘူးလားဆိုတာကို စဉ်းစားစရာအများကြီးဖြစ်ပါတယ်။ တကယ်တော့ အများစုဟာ တစ်နေရာတည်းကနေပြီးတော့ ပေါက်ဖွားလာကြတာပါ။ မိမိတို့ရဲ့ တူညီတဲ့အရာတွေကိုကြည့်ရင် အားလုံးအတူတူပါပဲ။ မတူကွဲပြားတာတွေကိုပဲ ဦးစားပေးကြည့်ရင် မတူကွဲပြားတာပဲ။ မတူကွဲပြားမှုကိုတောင်မှ အင်အားအဖြစ်သုံးလို့ရပါတယ်။ တကယ်ပဲ မတူကွဲပြားမှုကို အင်အားအဖြစ် သုံးချင်တယ်ဆိုရင် အင်မတန်မှအရာရောက်မှာပါ။ တစ်ယောက်မလုပ်နိုင်တဲ့ကိစ္စကို နောက်တစ်ယောက်က လုပ်နိုင်တယ်။ တစ်ယောက်မှာမရှိတဲ့အခြေအနေ နောက်တစ်ယောက်မှာရှိတယ်။ အားလုံး မတူကွဲပြားမှုတွေကို စုစည်းပြီးတော့မှ အင်အားဖြစ်နိုင်မှာပါ။ ကျွန်မတို့နိုင်ငံဟာ လုံးဝတိုးတက်ရမယ်ဆိုတာ ယုံကြည်တယ်။ တိုးတက်မှုဘယ်လောက်မြန်တယ်၊ ဘယ်လောက်နှေးတယ်ဆိုတာ ပြည်သူ ပြည်သားအားလုံးအပေါ်မှာ မူတည်ပါတယ်။ တစ်ယောက်အတွက်မဟုတ်ဘူး။ အများကောင်းဖို့အတွက် လုပ်တယ်ဆိုတာ အများကောင်းမှလည်း တစ်ယောက်ကောင်းနိုင်မှာပါ။ မျှတမှုဟာအင်မတန်မှ အရေးကြီးပါတယ်၊ အားလုံးမျှမျှတတ တစ်ဦးပေါ်တစ်ဦး မေတ္တာထားရမယ်၊ အပြန်အလှန်နားလည်မှုပေးနိုင်ရမယ်၊ အပြန်အလှန်လေးစားမှုရှိရမယ်၊ မိဘနဲ့သားသမီးကြားမှာတောင်မှ အပြန်အလှန်လေးစားမှုရှိရမယ်။

"ထိုနည်းငှင်းပဲ နိုင်ငံအတွင်းမှာလည်း ဒီလိုပါပဲ။ အားလုံးဟာ ကိုယ်ဘယ်လောက်ပေးနိုင်သလဲဆိုတာ အဓိကကြည့်ကြပါလို့ ကျွန်မထပ်တလဲလဲ ပြောပါတယ်။ ဒါပေမယ့်လည်း ကိုယ်ပေးနိုင်တာ ဘာရှိသလဲလို့မကြည့်ဘဲနဲ့ ရနိုင်တာဘာရှိလဲပဲ ကြည့်ချင်နေတဲ့ တချို့ပုဂ္ဂိုလ်တွေကြောင့် ကျွန်မတို့နိုင်ငံရဲ့တိုးတက်မှုဟာ အင်မတန်မှ မနှေးသင့်ဘဲနဲ့ နှေးသွားရပါတယ်။ ဒါ့ကြောင့် ဒီကနေ့ကစပြုပြင်ရမှာပါ။ ဘယ်လိုပဲ အခက်အခဲတွေရင်ဆိုင်ရ၊ ရင်ဆိုင်ရ၊အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့ အရည်အချင်းတွေ အခြေခံအားဖြင့် ကျွန်မတို့ပြည်သူ ပြည်သားတွေမှာ ရှိပါတယ်။ ဒီအရည်အချင်းတွေကို ပြုစုပျိုးထောင်ပေးဖို့ ဖော်ထုတ်ပေးဖို့ပါ။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သာယာဝတီမြို့ဆရာစံခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ ဓာတ်ပုံ-ဘိုဘို

*စာမျက်နှာ ၄ မှ*

“အဓိကအားဖြင့် ကျန်းမာရေး၊ ပညာရေးကို အာရုံစိုက်တယ်ဆိုတာ ဒါတွေကြောင့်ပါ။ ကျန်းမာရေးဆိုတာ ရုပ်ပိုင်းဆိုင်ရာ ပြည်သူပြည်သားများ တိုးတက်အောင်၊ ဖွံ့ဖြိုးအောင်၊ ပညာရေးကတော့ စိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ပိုင်းဆိုင်ရာ၊ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ကြိုးစားသွားရတာပါ။ ကျွန်မတို့ပြည်သူများဟာ ကြိုးစားတဲ့အထဲမှာ အားလုံးပါဝင်ကြပါ။ အစိုးရပဲ လုပ်လို့မဖြစ်ပါဘူး။ အစိုးရကိုပဲ အားကိုးရင် ဒီမိုကရေစီဆန်မှာ မဟုတ်ပါဘူး။ ဒီမိုကရေစီစနစ်ကို ယုံကြည်တယ်ဆိုတာဟာ ပြည်သူကိုတန်ဖိုးထားတဲ့စနစ်မို့ ယုံကြည်တာပါ။ ပြည်သူကို တန်ဖိုးမထားဘဲနဲ့ ဒီမိုကရေစီကို ယုံကြည်ပါတယ်လို့ ပြောတဲ့သူတွေကတော့ အမှန်တရားပြောနေတာ မဟုတ်ပါဘူး။ ပြည်သူကို အခြေခံတဲ့စနစ်ကို ယုံကြည်ရင် ပြည်သူကို ယုံကြည်ရပါမယ်။

### အတူတူဖြေရှင်းရမယ့် ပြဿနာတွေ

“ပြည်သူတွေနဲ့တွေ့ဆုံပွဲလုပ်တယ်ဆိုတာဟာ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်တဲ့အထဲမှာ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပါပဲ။ ပြည်သူနဲ့ အုပ်ချုပ်ရေးတာဝန်ယူထားတဲ့သူတွေကြားထဲမှာ ဆက်စပ်မှုရှိနေဖို့ အမြဲတမ်းလိုအပ်ပါတယ်။ ဝန်ထမ်းတွေကလည်း ပြည်သူတွေနဲ့ ထိတွေ့မှုရှိရမယ်။ ပြည်သူတွေရဲ့ပြဿနာတွေ စိန်ခေါ်မှုတွေကို နားလည်ရမယ်။ ပြည်သူတွေကလည်း ဝန်ထမ်းတွေရဲ့ ပြဿနာတွေ စိန်ခေါ်မှုတွေကို နားလည်ရမယ်။ အားလုံးဟာ အတူတူဖြေရှင်းရမယ့် ပြဿနာတွေရှိတယ်ဆိုတာကို နှလုံးသွင်းထားဖို့လိုပါတယ်။

“ဒီနိုင်ငံမှာ ဘယ်နေရာမဆို ရင်ဆိုင်နေရတဲ့ ပြဿနာတွေက အတူတူတွေပါပဲ။ ကိုယ့်အချင်းချင်းတွေပါဆိုတဲ့စိတ်ထားကြပါ။ ကိုယ်ချင်းစာကြပါ။ လမ်းတွေလိုချင်တယ်။ လျှပ်စစ်မီးလိုချင်တယ်။ ကျန်းမာရေးစောင့်ရှောက်မှုလိုချင်တယ်။ ပညာရေးနဲ့ပတ်သက်လို့ ကျောင်းကောင်းတွေ လိုချင်တယ်။ လိုချင်တာတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် ကျွန်မတို့နိုင်ငံက အခုမှပြန်ပြီးတော့ အရှိန်ယူနေရတဲ့ နိုင်ငံဆိုတော့ အားလုံးကိုတော့ ချက်ချင်းဖြည့်ဆည်းပေးနိုင်မှာ မဟုတ်ပါဘူး။ ဦးစားပေးစီမံကိန်းတွေရေးဆွဲပြီး ဖြည့်ဆည်းရပါတယ်။

“နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်စီမံကိန်းတွေကို ဦးစားပေးရမလဲဆိုတော့ ပထမဆုံး နိုင်ငံရေးအရ ကြည့်ရတယ်။ နိုင်ငံရေးအရ ကြည့်ရတယ်ဆိုတာ ပြည်ထောင်စုတည်တံ့ခိုင်မြဲဖို့၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ဖို့၊ ပြည်ထောင်စုအတွက် ညီညွတ်မှုရှိဖို့ အဲဒါတွေ ဦးတည်ပြီးတော့ တချို့စီမံကိန်းတွေကို ဦးစားပေးပြီးတော့ ရွေးရပါတယ်။ နိုင်ငံအတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှု ညီညီမျှမျှဖြစ်ဖို့ ကြိုးစားရမှာပါ။ ဒါ့အပြင် လူမှုရေးအရ၊ စီးပွားရေးအရလည်း ကြည့်ရပါတယ်။ စီးပွားရေးတွက်ချက်မှုနဲ့ နိုင်ငံရေးတွက်ချက်မှုက တစ်ခါတလေ မတူပါဘူး။ မတူတဲ့အခါကျတော့ ဘယ်ဟာက ရေရှည်မှာ နိုင်ငံအတွက် အကျိုးပြုမလဲဆိုတာ ကြည့်ပြီးတော့ လုပ်ရပါတယ်။ ကျွန်မတို့ ထိပ်တန်းအရေးအကြီးဆုံး၊ အရေးအပါဆုံး၊ ဦးစားပေးရမယ့်ကိစ္စက ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးပဲ ဖြစ်ပါတယ်။

“ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးကို ကူညီပေးမယ့်၊ ထောက်ပံ့ပေးမယ့်၊ အားပေးမယ့်၊ စီမံကိန်းတွေဟာ ကျွန်မတို့အတွက် အရေးအကြီးဆုံး စီမံကိန်းဖြစ်ပါတယ်။ တချို့လမ်းပန်းဆက်သွယ်ရေးတွေဟာ ဦးစားပေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုအတွင်းမှာ ဆက်သွယ်ရေးကောင်းမှ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးနီးစပ်လာပြီး တကယ့်ညီရင်းမောင်နှမတွေလို ဖြစ်လာစေမှာပါ။ ဒါကြောင့် တချို့လမ်းတွေကို ကျွန်မတို့ ဦးစားပေးပြီးတော့ လုပ်ရပါတယ်။ နောက်ပြီး လမ်းတွေ ဆောက်လိုက်ပြီ၊ လျှပ်စစ်မီးတွေ သွယ်လိုက်ပြီဆိုရင် အရင်ဆုံးက မတိုးတက်တဲ့ဒေသတွေက မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာတာကိုလည်း သတိပြုမိပါတယ်။ ဒေသခံတွေကိုယ်တိုင်က စီးပွားဖြစ်အလုပ်ကလေးတွေ ဖော်ဆောင်နိုင်တဲ့ အခြေအနေတွေ ဖြစ်ပေါ်လာပါတယ်။ ဒီလိုလမ်းတွေကောင်းလာလို့၊ ဆက်သွယ်ရေးတွေကောင်းလာလို့၊ လျှပ်စစ်မီးတွေရလာလို့ဆိုပြီး သူတို့ရဲ့ တိုးတက်မှုတွေကို ကိုယ်ကိုယ်တိုင်ဖန်တီးနိုင်တဲ့ အခွင့်အရေးတွေရလာပါတယ်။

### နိုင်ငံရေး အစဉ်အလာပြည့်

“နောက်ဆုံး ကျွန်မပြောချင်တဲ့ကိစ္စကတော့ ကျွန်မတို့ စစ်ကိုင်းတိုင်းမှာ ရာသီဥတုကြောင့် ရဟတ်ယာဉ်နဲ့ ထမံသီကို ဆင်းပြီး ပြည်သူတွေနဲ့တွေ့ပါတယ်။ အဲဒီပြည်သူတွေထဲက လူငယ်တစ်ယောက်က ကျွန်မကို ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအကြောင်းကို မေးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးကိစ္စမှာ ပြည်သူတွေရဲ့ဆန္ဒ ဘာရှိသလဲဆိုတာ သိချင်ပါတယ်ဆိုပြီး မေးပါတယ်။ ဒါဟာတကယ့်နိုင်ငံရေးစိတ်ဓာတ်ပဲ၊ ကိုယ့်နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို တကယ်ပဲစိတ်ဝင်စားတာ၊ တကယ်ပဲကိုယ်နဲ့လည်းဆိုင်တယ်လို့ သတ်မှတ်တဲ့ ပုဂ္ဂိုလ်များဟာ တကယ့်နိုင်ငံရေးသမားတွေပါ။ နိုင်ငံ့အရေးကို လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့နိုင်ငံရေး အစဉ်အလာပြည့်လှတဲ့ သာယာဝတီပြည်သူပြည်သားများဟာ နိုင်ငံရေးသားကောင်းတွေ ဖြစ်ပါစေ၊ နိုင်ငံရေးသမားကောင်းတွေ ဖြစ်ပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းပေးပါတယ်။ ဆက်ပြီးတော့လည်း ဒီလိုပဲဖြစ်အောင် သွားကြမယ်လို့လည်း ကျွန်မယုံကြည်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက စာဖြင့်ပေးပို့မေးမြန်းလာသည့် လက်ပံတန်းမြို့နယ်ရှိ မဟာဗျူဟာလမ်းအား အဆင့်မြှင့်တင်ပေးရန်၊ ရေဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဟင်္သာတမြို့နယ်နှင့် ဆက်သွယ်သည့် ရေဝတီမြစ်ကူးတံတား တည်ဆောက်ပေးရန်၊ မိုးညိုမြို့နယ်နှင့်ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပတ်လမ်းနှင့် မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန်၊ နတ်တလင်းမြို့နယ် နတ်တလင်း - ဒမငယ် အရှည် ၁၂ မိုင် ၅ ဖာလုံအား ကတ္တရာလမ်းခင်းလျက်ရှိရာ ကျန်ရှိသောလမ်းပိုင်းအား ဆက်လက်ဆောင်ရွက်ပေးရန်၊ သာယာဝတီခရိုင်တွင် တစ်နှစ်လျှင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ (၄၀၀၀)ခန့်ရှိရာ တက္ကသိုလ်ကျောင်းတစ်ကျောင်း ချထားပေးရန်၊ မြစ်မခချောင်းအား ပြန်လည်တူးဖော်ဆောင်ရွက်ပေးပါက မြို့နယ် ခြောက်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုနည်းပါးသွားနိုင်သဖြင့် ကွင်းဆင်းစိစစ်တူးဖော်ပေးရန် မေးခွန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ ဒေသခံပြည်သူငါးဦးမှ မေးမြန်းလာသည့် နှစ်ပေါင်းများစွာ အသုံးပြုလာသည့် အများသုံးရေကန်အား ခြံစည်းရိုးခတ်ကာ ရေကန်အား သိမ်းဆည်းပြီး ပြည်သူရှစ်ဦးအား တရားစွဲဆိုထားမှုကြောင့် တရားရင်ဆိုင်နေကာ၊ အမှုရင်ဆိုင်နေရသူများ အလုပ်အကိုင်များပျက်၍ စားဝတ်နေရေးဒုက္ခရောက်နေသဖြင့် အမှန်အတိုင်းဖြစ်စေရေး ဆောင်ရွက်ပေးရန်၊ တောင်သူများ လုပ်ကိုင်စားသောက်နေသော ကိုင်းမြေများအား သိန်းရွှေကုမ္ပဏီမှ သိမ်းယူထားမှုအား ဖြေရှင်းပေးရန်၊ နတ်တလင်းမြို့နယ် မယက ဦးသန်းလှိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်နှစ်ဦးဖြစ်သော ဦးဇော်လွင်ဦးနှင့် ဦးထွန်းထွန်းတို့က တစ်ဧက တစ်သောင်းခွဲနှုန်းဖြင့် အတင်းအဓမ္မလယ်မြေသိမ်းဆည်းမှု ဖြေရှင်းပေးရန်၊ ပုံစံ(၇)ကျပြီး မြေလွတ်မြေပုံမရှိ၍ လယ်သမားနှင့်အင်းသမားပြဿနာဖြစ်နေသဖြင့် ပုံစံ (၇)ကျပြီး (၁၀၅) မြေလွတ်မြေပုံ ထုတ်ပေးရန်၊ မြစ်ခြားထားသည့် လက်ပံတန်းမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့တွင် ဟင်္သာတမြို့နယ်အား ကူးတို့လေလံဆွဲခွင့်ပြုထားပြီး လက်ပံတန်းမြို့နယ်အား ကူးတို့လေလံဆွဲခွင့်မရသည့်အပေါ် စိစစ်ပေးရန် မေးခွန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ခန်းမအတွင်းဘက်ရှိ ဒေသခံပြည်သူ သုံးဦးမှ မေးမြန်းလာသည့် ကျည်းကုန်းမြို့နယ်တွင် ၂၀၁၄ ခုနှစ်က မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇီးကုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တို့က ပုံစံ(၁၀၅) ထွက်ပြီး မြေသိမ်းဆည်းမှုအား စစ်ဆေးပေးရန်၊ သာယာဝတီ မြို့တွင် ယာဉ်ကြောကျပ်တည်းမှုကင်းဝေးစေရန်နှင့် မြို့အင်္ဂါရပ်နှင့်ညီရန် လမ်းတိုးချဲ့ရာတွင် လမ်းမလွတ်သည့် မီးရထားပိုင်မြေနေရာအား ဖယ်ရှားပေးရေးအတွက် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် ဘဏ္ဍာငွေဘတ်ဂျက်ချထားပေးရာတွင် သာယာဝတီခရိုင်သည် ဘတ်ဂျက်ရရှိမှုအနည်းဆုံး ဖြစ်နေပါသဖြင့် တန်းတူညီမျှ ဘတ်ဂျက်ချထားပေးရေး မေးခွန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း တင်ပြကြသည်။

### ဖြည့်စွက်ရှင်းလင်းပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အကျယ်တဝင့် ဖြည့်စွက် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်သူများနှင့် တွေ့သည့်အခါ မြေပိုင်ဆိုင်ခွင့်ကိစ္စပြောလာသည်ကို သတိပြုမိပါကြောင်း၊ ၁၉၈၈ ခုနှစ် မိမိနိုင်ငံရေးစလုပ်စဉ်က သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စများကို ပြည်သူများက တောင်းဆိုကြပါကြောင်း၊ မြေယာကိစ္စများသည် ၂၀၁၂ ခုနှစ် လွှတ်တော်၏ ဆုံးဖြတ်ချက်ချပြီးမှ ပေါ်လာသည့် ကိစ္စများဖြစ်ကြောင်း၊ လယ်မြေကိစ္စများကို လွှတ်တော်က ဆုံးဖြတ်လိုက်သည်မှာ မတရားသဖြင့် သိမ်းဆည်းခံလိုက်ရသည့် လယ်ယာမြေများကို မူလပိုင်ရှင်ထံ ပြန်ပြီးပေးရန် ဖြစ်ပါကြောင်း၊ သို့သော်လည်း သတ်မှတ်ချက်မှုများရှိပါကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းသည့်မြေများဖြစ်ရမည်ဖြစ်ပါကြောင်း။

အဆိုပါ ကိစ္စများသည် ဖြေရှင်းရ အင်မတန်ခက်ခဲကြောင်း၊ လက်ရှိပိုင်ရှင်များက မစွန့်လွှတ်ချင်၍ အမျိုးမျိုးအချိန်ဆွဲသည်များလည်း ရှိပါကြောင်း၊ ဒုတိယမှာ အုပ်ချုပ်ရေးပိုင်းက မပီပြင်၍လည်း ဖြစ်ပါကြောင်း၊ အဂတိလိုက်စားခြင်းနှင့် အလုပ်ကိုပိုင်ပိုင်နိုင်နိုင်မလုပ်နိုင်သည့် အခြေအနေကြောင့်လည်း ဖြစ်ပါကြောင်း၊ အရှုပ်အရှင်းများရှိပါက တရားစီရင်ရေးက ဝင်ရောက်ဖြေရှင်းရမည့် ကိစ္စဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးဘက်က လိုအပ်ချက်လည်း ရှိပါကြောင်း၊ ထိုလိုအပ်ချက်များ အားလုံးကို ဖြေရှင်းရခြင်းသည် မလွယ်ကူပါကြောင်း၊ ထိုကိစ္စကို ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဦးဆောင်ပြီး လုပ်ဆောင်နေပါကြောင်း၊ ထဲထဲဝင်ဝင် ကြိုးစားလုပ်ဆောင်နေပြီး လစဉ်လည်း တိုးတက်မှုများရှိပါကြောင်း၊ မိမိတို့ ပြည်သူများအကြား ပဋိပက္ခများ မလိုအပ်ဘဲ ဆက်လက်မရှင်သန်စေချင်သည့်အတွက် ဖြစ်ပါကြောင်း။

### ပြဿနာကို မြန်မြန်ဆန်ဆန် ဖြေရှင်း

နောက်တစ်ခုမှာ စီးပွားရေးတိုးတက်ရန်အတွက် လယ်ယာမြေ ပိုင်ဆိုင်မှုများသည် ပြတ်သားရန် အင်မတန်အရေးကြီးပါကြောင်း၊ ထိုအချက်များအပေါ်အခြေခံ၍ မိမိတို့၏ လူမှုရေးတည်ငြိမ်မှုအရသာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်ပါ လယ်ယာမြေကိစ္စများကို အမြန်ဆုံးဖြေရှင်းရန် မိမိတို့ကြိုးစားနေကြောင်း၊ အဘက်ဘက်ကလည်း ဝိုင်းဝန်းပြီး ကူညီကြစေလိုကြောင်း၊ မတရားသဖြင့် သိမ်းပိုက်ထားသည့် ပိုင်ရှင်များကလည်း စွန့်လွှတ်လိုက်ရန်၊ မတော်မတရားဆက်ပြီး ဖက်တွယ်မထားရန်၊ အုပ်ချုပ်ရေးအပိုင်းကလည်း အားစိုက်ထုတ်ကြရန်၊ ပြည်သူများ၏ ပြဿနာကို မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်ရန် ကြိုးစားကြစေလိုကြောင်း။

ပြည်သူများအနေဖြင့်လည်း မြန်မြန်ဆန်ဆန်ဖြင့် ပြဿနာများ ဖြေရှင်းနိုင်ရန် ဦးတည်ပြီး မည်သို့အကျိုးအမြတ်ထုတ်ရမလဲဆိုသည့် ပုံစံဖြင့်မကြည့်ဘဲ ပြဿနာများ ပြေလည်သွားမှ အားလုံးအတွက် ကောင်းမွန်မည်၊ ကိုယ့်အတွက်လည်း ကောင်းမည်ဆိုသည်ကို သဘောပေါက်စေချင်ပါကြောင်း။

### အားလုံးဝိုင်းဝန်းပြီး လုပ်ဆောင်

အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၏ အားနည်းချက်များကို တတ်နိုင်သလောက် ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ အမှုများကိုလည်း အမြန်ဆုံးပြီးစီးအောင် စိစစ်ပေးမည်ဖြစ်ကြောင်း၊ အမြန်ဆုံးပပျောက်အောင် အားလုံးဝိုင်းဝန်းပြီး လုပ်ဆောင်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသား ကျောင်းသူလေးများနှင့် ဆရာစံခန်းမအတွင်း စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ပြီး ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

❋ *ကျော်ဖုံးမှ*

အခွန်ပေးဆောင်မှုအခြေအနေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာနအပါအဝင် ဆက်စပ်ဌာနများနှင့် အဖွဲ့ ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများ၏ ကျောက်စိမ်းရိုင်းရောင်းချပွဲများသည် ဥပဒေနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ၊ အမှန်ကတယ်ရောင်းရငွေအား ဖော်ပြထားမှု ရှိ၊ မရှိ၊ သတ်မှတ်အခွန်အခများ ပေးဆောင်ခဲ့ခြင်း ရှိ၊ မရှိ၊ အဂတိလိုက်စားမှု ရှိ၊ မရှိတို့ကို အဖွဲ့၏စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများ၏ ကျောက်စိမ်းအရိုင်းရောင်းချပွဲများကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြိမ်ရေ အကန့်အသတ်ဖြင့်သာ ဆောင်ရွက်စေရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်သော ရောင်းချပွဲကြီးကြပ်ရေးကော်မတီများဖွဲ့စည်းပြီး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်းနှင့် လက်ရှိရေးဆွဲနေဆဲ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေတွင်လည်း ထည့်သွင်းရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဖြေကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ရောင်းရငွေ ဝင်ငွေအမှန်များကို ထိမ်ချန်ခြင်း မပြုစေရန် သတ်မှတ်ကာလအတွင်း အပြည့်အဝဖော်ထုတ်ရေး အကြောင်းကြားစာ ထုတ်ဆင့်ခြင်းကို ဆောင်ရွက်ကြရန် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးများကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ခဲ့သည့် ကျောက်မျက်ပြပွဲများအပြင် အခြားလုပ်ငန်းများမှ ဝင်ငွေများ၊ ကျန်ကာလများတွင် ကျောက်မျက်ရောင်းချရရှိခဲ့သည့် ဝင်ငွေများရှိပါက အခွန်အပြည့်အဝရရှိစေရန် တည်ဆဲအခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းကြပ်ကောက်ခံသွားမည်ဖြစ်ပါကြောင်း။

## အခွန်တိမ်းရှောင်ကြောင်း စိစစ်တွေ့ရှိရပါက တည်ဆဲအခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဒဏ်ငွေတပ်ရိုက်ပေးဆောင်စေခြင်းကိုဆောင်ရွက်သွားမည်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ပူးပေါင်း၍ ဖော်ထုတ်သွားမည်ဖြစ်ပါကြောင်း၊ အခွန်တိမ်းရှောင်ကြောင်း စိစစ်တွေ့ရှိရပါက တည်ဆဲအခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဒဏ်ငွေတပ်ရိုက်ပေးဆောင်စေခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပေါ့လျော့စွာဆောင်ရွက်သည့် ဝန်ထမ်းကို နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း၊ နောင်တွင် ပုဂ္ဂလိကကုမ္ပဏီများအား ကျောက်မျက်ရတနာပြပွဲများ ကျင်းပခွင့်ပြုပါက ပွင့်လင်းမြင်သာမှုရှိစေရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝရရှိစေရန် ပြည်တွင်းပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မန္တလေးမြို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ပြုလုပ်နေသည့် ကျောက်စိမ်းအရိုင်း ပြပွဲများ၏ အခွန်ငွေပေးဆောင်မှု အခြေအနေ တိုင်ကြားစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ်(၅/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်

မန္တလေးမြို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ပြုလုပ်နေသည့် ကျောက်စိမ်းအရိုင်းပြပွဲများ၏ အခွန်ငွေပေးဆောင်မှုအခြေအနေ တိုင်ကြားစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ်(၅/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးတို့က ဆွေးနွေးကြသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ပ) ၌ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စရပ်များ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းချက်ပါအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီသည် ဥပဒေနှင့်အညီ ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလုံးကို တိုင်းရင်းသားများ လိုလားတောင့်တနေသည့် ဖက်ဒရယ်စနစ်နှင့် သဟဇာတဖြစ်အောင် အလေးအနက် စဉ်းစားဆင်ခြင်ပြီး ဘက်စုံထောင့်စုံကနေ လိုအပ်သလို ပြင်ဆင်ရန် ကြိုးစားဆောင်ရွက်မှသာ တိုင်းပြည်ရေရှည်တည်ငြိမ် အေးချမ်းရေးအတွက် အကျိုးပြုနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကနေ ဒေသဆိုင်ရာအစိုးရများ၏ ဝန်ကြီးချုပ်များ ရွေးချယ်နိုင်ရေးကိုသာ ရည်ရွယ်ပြီး ပြင်ဆင်လိုက်မည်ဆိုပါက ပြည်ထောင်စုလွှတ်တော်က ရွေးချယ်ထားသည့် နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များကို ရွေးချယ်ခွင့်ဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မူလရရှိပြီးသည့် ဒုတိယသမ္မတတစ်ဦး၊ ပြည်ထောင်စုဝန်ကြီး သုံးဦး ခန့်အပ်ရန် အဆိုပြုခွင့်အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များခန့်အပ်ရေးတွင် ဝင်ရောက်အဆိုပြုခွင့် ရရှိမည်ဖြစ်သည့်အတွက် ဖက်ဒရယ်မူ၊ ဒီမိုကရေစီအနှစ်သာရနှင့် ပို၍ဝေးရာကို ဆုတ်ခွာသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၂၆၁ ကို ပြင်ဆင်လိုပါက ဆက်နွယ်နေသည့် ပုဒ်မများကိုပါ ထည့်သွင်းစိစစ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ



တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသန်းဝင်း



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန်းဝင်းက လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းထားသော ပုဒ်မ ၂၆၁ နှင့် ပုဒ်မခွဲများအား တင်ပြထားသည့် ပြင်ဆင်ချက်များပါအတိုင်း ပြင်ဆင်နိုင်မည်ဆိုပါက ၂၁ ရာစုပင်လုံ ညီလာခံမှ အတည်ပြုပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)တွင် ပါရှိသော အရေးအကြီးဆုံးအချက်ဖြစ်သည့် "နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ်ဖွဲ့စည်းရမည်" ဟူသောအချက်အား တိုက်ရိုက်ကူညီအားပေးရာရောက်ခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည် ဟူသည့် အခြေခံမူအား ပီပြင်စွာအကောင်အထည်ဖော်ပေးခြင်း၊ ယနေ့ ပြည်သူများလိုလားတောင်းဆိုနေကြသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအား လက်တွေ့ပြင်ဆင်ရာရောက်ခြင်း၊ တိုင်းရင်းသားများအတွက် ယနေ့ ဒီမိုကရေစီအစိုးရလက်ထက်တွင် အားလုံးတန်းတူညီမျှရေး ဆောင်ရွက်ပေးသည့်ပုံရိပ်ကို လက်တွေ့သက်သေပြနိုင်မည်ဖြစ်သည့်အတွက် ပုဒ်မ ၂၆၁ ကို ပြင်ဆင်ကာ ဒီမိုကရေစီ၏တန်ဖိုးများကို ပိုမိုတိုးမြှင့်ရယူနိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးဖြင့် ဖွဲ့စည်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ လုပ်ငန်းစဉ်များတွင် ထည့်သွင်းဆောင်ရွက်ရန်မသင့်ဘဲ ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

## ၂၀ ရာခိုင်နှုန်းကျော်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ဥပဒေအတိုင်း ဆောင်ရွက်ပိုင်ခွင့် အခွင့်အရေးကို ပိတ်ပင်တားဆီးလိုက်သကဲ့သို့ မဖြစ်ရန်လို

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအခန်း ၁၈ နည်းဥပဒေ အပိုဒ် ၁၃၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုကြောင်းအဆိုကို ဥပဒေမူကြမ်းအဖြစ် ရေးသားပြီး လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းက လက်မှတ်ရေးထိုး၍ နာယကထံ တင်ပြလာပါက လွှတ်တော်က လက်ခံဆွေးနွေးရမည်ဟု ဆိုထားသည့်အတွက် လွှတ်တော်က ဆွေးနွေးမှုပြုပေးရမည်ဖြစ်ပါကြောင်း၊ ပုဒ်မတစ်ခုတည်းဖြစ်သည့်အတွက်၊ ကော်မတီတစ်ရပ်ရပ်က လေ့လာသုံးသပ်နိုင်မည့် အခြေအနေရှိသည့်အတွက်ဆိုသည့် ကန့်သတ်ချက်မျိုး ဥပဒေနှင့် နည်းဥပဒေများတွင် မပါရှိသည်ကို တွေ့ရပါကြောင်း၊ ၂၀ ရာခိုင်နှုန်းကျော်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေအတိုင်း ဆောင်ရွက်ပိုင်ခွင့် အခွင့်အရေးကို ပိတ်ပင်တားဆီးလိုက်သကဲ့သို့ မဖြစ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းနိုင်က ဦးသိန်းထွန်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးက လက်မှတ်ရေးထိုးတင်ပြလာသည့် ဥပဒေပြင်ဆင်ချက်(မူကြမ်း)ကို လေ့လာကြည့်ပါက ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲငယ်(၁၊၂)၊ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င) တို့ကို ပြင်ဆင်ရန် တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ယခုလို ပြင်ဆင်ခြင်းသည် ဗဟိုချုပ်ကိုင်မှု လျှော့နည်းအောင် Decentralization ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ တိုင်းရင်းသားများ လိုလားနေသည့် ဖက်ဒရယ်၏ သဘောသဘာဝဖြစ်ပါကြောင်း၊ ဖက်ဒရယ်၏ သဘောသဘာဝအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအာဏာကို တတ်နိုင်သမျှ ထိထိရောက်ရောက် ဖြန့်ခွဲပေးနိုင်ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဆုံးဖြတ်ပိုင်ခွင့်ကို ပိုမိုရရှိအောင် ပြုလုပ်နိုင်ခြင်းသည် တိုင်းရင်းသားများ၏ လိုလားချက်ကို တတ်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်ပေးခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ငြိမ်းချမ်းရေးရလဒ်ကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေပုဒ်မပြင်ဆင်သည့် လုပ်ငန်းစဉ်ကိုလည်း ၄၅ ဦး ကော်မတီတွင် ထည့်သွင်းဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅ တို့နှင့် ကိုက်ညီခြင်းမရှိသည့်အပြင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃၊ ၁၃၆ တို့နှင့်လည်း ညီညွတ်ခြင်းမရှိသည့်အတွက် ကော်မတီ၏ အစီရင်ခံစာကို ကန့်ကွက်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများအရသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေးက ပြင်ဆင်ရန် တင်သွင်းခဲ့သည့် ဥပဒေမူကြမ်းသည် ၂၆၁ တစ်ခုတည်းဖြစ်သည့်အတွက် ယင်းပုဒ်မနှင့် ဆက်နွယ်နေသည့် ပုဒ်မများကိုပါ ထည့်သွင်းစိစစ်ရန်လိုအပ်ကြောင်း ပူးပေါင်းကော်မတီဝင်အများစုက ထောက်ပြဆွေးနွေးခဲ့သည်ကို တွေ့ရှိရသည့်အတွက် ကြိုဆိုလက်ခံပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းသည် ပုဒ်မ ၂၆၁ တစ်ခုတည်းသာ သီးခြားပြင်ဆင်ရန် တင်ပြလာခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကပင်မရေသောက်မြစ်ဖြစ်သည့်အတွက် နိဒါန်းမှစ၍ နောက်ဆက်တွဲဇယားများအထိ ပြဋ္ဌာန်းချက်များသည် တစ်ခုနှင့်တစ်ခု အစီအစဉ်တကျ တွဲဖက်ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်က အတည်ပြု ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ၄၅ ဦး၏ လုပ်ငန်းစဉ်များတွင် တစ်ပါတည်းထည့်သွင်းဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေက လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းက ဥပဒေနှင့်အညီ လက်မှတ်ရေးထိုး တင်သွင်းထားသည့် ဥပဒေမူကြမ်းကို လေ့လာကြည့်ပါက ရည်ရွယ်ချက်၊ အကျိုးအကြောင်း ဖော်ပြချက်နှင့် အစားထိုးပြင်ဆင်လိုသည့် ပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လက်ရှိအခြေနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဥပဒေမူကြမ်းပါ အစားထိုးပြင်ဆင်လိုသည့် ဥပဒေပုဒ်မသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅)၊ အုပ်ချုပ်ရေး ခေါင်းစဉ်အောက်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ဃ)၊ (င) ကို အစားထိုး ပြင်ဆင်ရန်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပြင်ဆင်ရန် မူကြမ်းကို ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေး ပူးပေါင်းကော်မတီသို့ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်စေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၅၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်ကိုက်ညီမှုမရှိဘဲ ကွဲလွဲဆန့်ကျင်နေပါကြောင်း၊ (၂၀၀၈)ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ သည် တိုင်းဒေသကြီး/ပြည်နယ်များ၏ အခွင့်အရေးများကို ဦးစားပေးဆောင်ရွက်ရန် ဝန်ကြီးချုပ် ခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့် ပုဒ်မဖြစ်သဖြင့် ပြင်ဆင်ရန် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက တိုင်းရင်းသားမျှော်လင့်နေသည့် ပုဒ်မတစ်ခုဖြစ်ပါကြောင်း ဆွေးနွေးသည်။

## ဒီမိုကရေစီနှင့်မကိုက်ညီသည့် ပုဒ်မများ၊ ဖက်ဒရယ်ဒီမိုကရေစီနှင့် မကိုက်ညီသည့် ပုဒ်မများအားလုံးကို ပြင်ပြီး ရှေ့နှင့်နောက် ညှိ၍ ပြင်ဆင်မည်ဖြစ်သည့်အတွက် အလွန်သင့်မြတ်သည့်ကိစ္စဖြစ်

ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်အတွင်းတွင်ရှိသည့် ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ အချိုးကျပါဝင်ပြီး ၄၅ ဦးဖြင့် ပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပုဒ်မ ၂၆၁ ကို ပယ်ဖျက်ပေးရန်၊ ၂၆၁ နှင့်ပတ်သက်ပြီး ပြင်ဆင်မှုကို လက်မခံရန် ဆွေးနွေးနေကြခြင်းမဟုတ်ပါကြောင်း၊ ပြင်ဆင်မှုကို တစ်ပိုင်းတည်းနှင့် ပြီးသွားအောင် မည်သို့လုပ်ကြမည်ဆိုသည်ကို နည်းကောင်းလမ်းကောင်းများ ရှာဖွေပြီး တင်ပြနေခြင်းဖြစ်ပါကြောင်း၊ ပြင်ဆင်ရေး ပူးပေါင်းအဖွဲ့သည် နိဒါန်းကစပြီး နောက်ဆက်တွဲ ပုဒ်မများအထိ ပြင်ဆင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနှင့်မကိုက်ညီသည့် ပုဒ်မများ၊ ဖက်ဒရယ်ဒီမိုကရေစီနှင့် မကိုက်ညီသည့် ပုဒ်မများ အားလုံးကို ပြင်ပြီး ရှေ့နှင့်နောက် ညှိ၍ ပြင်ဆင်မည်ဖြစ်သည့်အတွက် အလွန်သင့်မြတ်သည့်ကိစ္စဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ဟန်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာဆွေးနွေးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

**ကျော်သူထက်၊ လူမော်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီး



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြေကြားစဉ်။



ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြေကြားစဉ်။



သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် မေးမြန်းစဉ်။

**နေပြည်တော် မတ် ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း၏ **ရေဦးမြို့နယ် ခုတင် ၁၀၀ ဆံ့ ဆေးရုံနှင့် ကိုက်ညီသော သမားတော်ဆရာဝန်၊ ဆရာဝန်၊ ခွဲစိတ်ခန်း ပညာရှင်၊ သူနာပြုဆရာမများ ပြည့်စုံစွာ ခန့်ထားပေးရန်နှင့် ဆေးရုံတွင်းလမ်း၊ အစည်းအဝေးခန်းမ၊ ဝန်ထမ်းအိမ်ရာတို့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဘွဲ့လွန်အောင်မြင်ပြီး ဗဟိုအဆင့်ဆေးရုံကြီးများ၌ သတ်မှတ်ထားသည့် လေ့ကျင့်စဉ်ပြီးမြောက်သော လုပ်သက်ရ လက်ထောက်ဆရာဝန် ဆေးပညာရှင်များ ပြောင်းရွှေ့ခန့်ထားစဉ် ၂၀၁၉ ခုနှစ် ဧပြီလတွင် လက်ထောက်ဆရာဝန် ဆေးပညာတစ်ဦးအား ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း။

ရေဦးမြို့ ခုတင် ၁၀၀ဆံ့ ဆေးရုံကြီး ခွဲစိတ်ခန်းကျွမ်းကျင်ဝန်ထမ်းများ လက်ရှိဖွဲ့စည်းပုံအင်အားမှာ ခွဲစိတ်ကျွမ်းကျင်၂၊ ခွင့်ပြုတစ်ဦး၊ လစ်လပ်တစ်ဦး ဖြစ်ပါကြောင်း၊ ခွဲစိတ်ကျွမ်းကျင်၃၊ ခွင့်ပြု နှစ်ဦး၊ ခန့်ထား နှစ်ဦးဖြစ်ပါကြောင်း၊ ခွဲစိတ်ကျွမ်းကျင် ၄၊ ခွင့်ပြု နှစ်ဦး၊ ခန့်ထား နှစ်ဦးဖြစ်ပါကြောင်း၊ ရေဦးမြို့ခုတင် ၁၀၀ ဆေးရုံတွင် ခွဲစိတ်ခန်း ဝန်ထမ်း လေးဦးသည် ခွဲစိတ်ခန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လစ်လပ်သော ခွဲစိတ်ကျွမ်းကျင် ၂နေရာ၌ လောလောဆယ် ခန့်ထားပေးရန် အစီအစဉ် မရှိသေးပါကြောင်း။

ရေဦးမြို့နယ် ပြည်သူ့ဆေးရုံကြီး လက်ရှိ သူနာပြုအင်အားစာရင်းတွင် သူနာပြုကြီး ခွင့်ပြု ငါးဦး၊ ခန့်ထား လေးဦး၊ လစ်လပ် တစ်ဦး၊ အထက်တန်းသူနာပြု ခွင့်ပြု ၂၆ဦး၊ ခန့်ထား ၂၄ ဦး၊ လစ်လပ် နှစ်ဦး၊ သူနာပြု ခွင့်ပြု ၅၀ ၊ ခန့်ထား ၁၃ ဦး၊ လစ်လပ် ၃၇ ဦး ဖြစ်ပါကြောင်း၊ သူနာပြုကြီးရာထူးတိုးစာမေးပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့ပြီး သူနာပြုကြီးများရာထူးတိုးခန့်ထားစဉ် ၂၀၁၉ ခုနှစ် ဧပြီလတွင် သူနာပြုကြီး တစ်ဦး ခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ လစ်လပ်လျက်ရှိသော အထက်တန်းသူနာပြု နေရာများ ခန့်ထားနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ အထက်တန်း သူနာပြု ရာထူးတိုးခေါ်ယူရန် ဆောင်ရွက်လျက်ရှိပြီး ရာထူးတိုးခန့်ထားစဉ်၌ လုပ်ငန်း လိုအပ်ချက်အပေါ်မူတည်၍ ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနကို ကုသရေးဦးစီးဌာနရုံးချုပ်မှ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်စွဲဖြင့် သူနာပြုစုစုပေါင်း သူနာပြုသစ်လွင် ၂၇၁ ဦးကို ခွဲဝေခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ လစ်လပ်လျက်ရှိသော သူနာပြုများနေရာတွင် လုပ်ငန်း လိုအပ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ခွဲဝေချထားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၉ခုနှစ် မတ် ၁၃ ရက်က ဆက်သွယ်မေးမြန်းမှုအရ သူနာပြု ၁၁ ဦးအား ပြည်သူ့ဆေးရုံသို့ ခန့်ထားပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားရှိသည်ဟု သိရှိရပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာအဆောက်အဦ ထပ်မံတည်ဆောက်ရန်အတွက် ရန်ပုံငွေ ငွေကျပ်သန်း ၂၀၀ ခွင့်ပြုထားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုံးလမ်းခင်းရေးလုပ်ငန်းအတွက် ငွေကျပ် ၈ ဒသမ ၃၅ သန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ခွဲဝေချထားပေးပြီးဖြစ်ပါကြောင်း၊ ယခု လက်ရှိအခြေအနေ စိစစ်မှုအရ ဝန်ထမ်းအိမ်ရာများမှာ နှစ်ဆက်ဆောင်ရွက်လျက်ရှိနေပါသဖြင့် ဦးစားပေး ဆောင်ရွက်ရန် လိုအပ်မှုမရှိသေးပါကြောင်း၊ အစည်းအဝေးခန်းမပါဝင်သော မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကာလတွင် စီမံကိန်းလျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ပေလီကမ်းခြေဖွံ့ဖြိုးမှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိ

သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၏ **သံတွဲမြို့နယ်၊ ငပလီမြို့တွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြု ငပလီမြို့ဖွံ့ဖြိုးရေးသဘောထားပုံစံ (ရခိုင်ပြည်နယ်)ကို စီမံကိန်းချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များတွင် ရခိုင်ပြည်နယ်အတွင်း ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်ဟူ၍ ဖော်ပြပါရှိသည်နှင့်အညီ ရခိုင်ပြည်နယ်၏ အလွန်လှပသည့် ငပလီကမ်းခြေဖွံ့ဖြိုးမှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ငပလီကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ငပလီမြို့ကို မြို့ပြဖွံ့ဖြိုးရေး Town Plan ရေးဆွဲထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် Local Development Plan ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ငပလီကမ်းခြေဒေသတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့်လည်း ငပလီကမ်းခြေဧရိယာတွင် ခရီးသွားလုပ်ငန်းပင်မစီမံကိန်း Tourism Master Plan တစ်ခုကိုလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငပလီမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ စနစ်တကျ ညှိနှိုင်းရေးဆွဲပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ နှစ်စဉ်ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငပလီမြို့ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်မည့် အခြေအနေများ သိရှိနိုင်ပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်ဖြေကြားပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် တင်သွင်းသည့် **လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများ နေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## လိုအပ်သည့်ရန်ပုံငွေများ ပိုမိုဖြည့်ဆည်းပေးရန် လိုအပ်

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီက ကျေးလက်လမ်းများ ကောင်းမွန်မှု မရှိခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် ဆုံးရှုံးနစ်နာမှုသာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာစေသည့်အတွက် အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ ကျေးလက်ဒေသများနှင့် ပြည်သူများ တွေ့ကြုံနေရသည့် အခက်အခဲများကို ကျော်ဖြတ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် GDP တိုးတက်မှုတွင် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိသည့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံမှုပမာဏ အမှန်တကယ်လိုအပ်နေပြီ ဖြစ်ပါကြောင်း၊ ထိုရည်မှန်းချက်များကို ပိုမိုအောင်မြင်စေရန်အတွက် လိုအပ်သည့်ရန်ပုံငွေများကို ပိုမိုဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူလူထုအမှန်တကယ်လိုအပ်သည့် ကျေးလက်လမ်းတံတားများကို စံချိန်၊ စံညွှန်းနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အရေးပါသည့် အခန်းကဏ္ဍဖြစ်သည့် ပြည်သူ့ဝန်ထမ်းများကိုလည်း ပိုမိုဖြည့်ဆည်းပေးရန် တင်ပြလိုပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်မှ ပိုမိုဖြည့်ဆည်းပေးသည့်ရန်ပုံငွေကို အလေအလွင့်မရှိ အသုံးပြုနိုင်သည့်အတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဖွဲ့စည်းပေးထားသည့် အဖွဲ့အစည်းမှ စစ်ဆေးကြပ်မတ်မှုများနှင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုပြည့်စုံကောင်းမွန်သည့် ကျေးလက်လမ်းတံတားများကို အချိန်တိုအတွင်း ပြည်သူများ အသုံးပြုနိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၊ ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၊ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့ ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ အဆိုနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဦးစီးဌာနအနေဖြင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်စေရေး ဦးစားပေးဆောင်ရွက်စီမံချက်နှင့်အညီ စီမံကိန်းများ ချမှတ်ကာ ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်သည့် နေရာတွင် နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေပမာဏဖြင့် စီမံနေခြင်းဖြစ်ပြီး ခွဲဝေရရှိသည့် ရန်ပုံငွေများကို ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော ပြည်နယ်များတွင် ပိုမိုခွဲဝေလျာထားလျက် ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သည့် လူဦးရေအားဖြင့် တွက်ချက်ကြည့်ပါက ပြည်နယ်များ၏ ကျေးလက်ဒေသများတွင် နေထိုင်သည့် လူဦးရေသည် တစ်နိုင်ငံလုံး၏ ကျေးလက်ဒေသများတွင် နေထိုင်သည့် လူဦးရေ၏ ၂၉ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည့်အတွက် ရန်ပုံငွေအနေအထားသည် ပိုမိုခွဲဝေချထားခြင်း ခံရသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ GDP ကို ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၅ ဘီလီယံမှ ၂၀၂၃ ခုနှစ်တွင် ၁၀၉ ဒသမ ၇ ဘီလီယံအထိ တိုးတက်လာရန် ကုန်သွယ်ရေးလမ်းကြောင်းများကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ လက်ရှိသွားလာနေသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်များတွင်ရှိနေသည့် အသစ်ထပ်မံတိုးချဲ့ဖောက်လုပ်ရန် ဖြစ်နိုင်ဖွယ်ရာရှိနိုင်သည့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် Master Plan များ ရေးဆွဲချမှတ်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အဆိုရှင်ဦးနေလင်းအောင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

## ကြယ်ပွင့်ပြမေးခွန်း ၁၇၂ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြ မေးခွန်း ၅၃၅ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အစည်းအဝေးကျင်းပရက် ၂၅ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၇၂ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၅၃၅ ခုဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆို ၁၅ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ကိုးခု၊ မှတ်တမ်းတင် အဆိုလေးခုနှင့် လက်ခံဆွေးနွေးရန်မရှိ အဆိုနှစ်ခုတို့ ဖြစ်ကြပါကြောင်း၊ ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၃ ခု ရှိပြီး ဥပဒေကြမ်း ၁၁ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၂ ခု ကျန်ရှိနေပါကြောင်း၊ ကော်မတီဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ပြည်သူ့လွှတ်တော်တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီကို ကိုယ်စားလှယ် ၁၆ ဦးဖြင့်လည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီကို ကိုယ်စားလှယ် ၁၅ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် လွှတ်တော်မှ ဖွဲ့စည်းထားသည့် ကော်မတီ ၁၄ ခု၏ သက်တမ်းတိုးမြှင့်ခြင်း၊ ဥပဒေကြမ်းကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတို့ကို အတည်ပြုခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်သည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်၊ ဒီမိုကရေစီ၏ ပြယုဂ်၊ ဒီမိုကရေစီ၏ လက္ခဏာရပ်ဖြစ်သကဲ့သို့ ဒီမိုကရေစီစနစ် ပီပြင်ရန်အတွက် လွှတ်တော်များ၏ အခန်းကဏ္ဍသည် အရေးကြီးလှပါကြောင်း၊ လွှတ်တော်များ ခိုင်မာအားကောင်းမှသာ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ပိုမိုမြင့်တက်လာပြီး ဥပဒေပြုရေးမဏ္ဍိုင်နှင့် ပြည်သူလူထုအကြား အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်နေမည် ဖြစ်ပါကြောင်း၊ ပြည်သူကိုဗဟိုပြုပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်ကို အကျိုးရှိရှိ အသုံးချနိုင်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်ဆိုသည်မှာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ဆောင်ရွက်ချက်များ၊ အပြုအမူများဖြစ်သည်ကို သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း။

မိမိတို့သည် နေရာဒေသများ၊ လူတန်းစားအလွှာများ၊ ပါတီများမှ လွှတ်တော်ထဲသို့ ရောက်ရှိလာကြခြင်း ဖြစ်ပါကြောင်း၊ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ မတူညီသည့် အတွေးအခေါ်များ၊ အယူအဆများ၊ ခံယူချက်များ ရှိနေကြသည်မှာ အရှိတရားဖြစ်ပါကြောင်း၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ ပါတီတစ်ခုနှင့်တစ်ခု နားလည်အောင် ကြိုးစားပြီး ပြည်သူလူထုအကျိုး၊ နိုင်ငံတစ်ဝန်းလုံး၏ အကျိုးနှင့် ယှဉ်ပြီး လွှမ်းခြုံကြည့်မြင်နိုင်သည့် မြော်မြင်ဉာဏ်ကြီးမားသူများ ဖြစ်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်အဖြစ် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းရင်းသားလူမျိုးအချင်းချင်းအကြား ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ မတူညီကြသော်လည်း မွေးချင်းပြည်ထောင်စုဖွားများ၊ ပြည်ထောင်စုသားများ ဖြစ်ကြသည်ကို အမြဲနှလုံးသွင်းထားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ကာလတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုပြီး ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးကိစ္စကိုလည်း ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်ပြီး ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်သည်များကို သဘောထားကြီးခြင်း၊ အမြော်အမြင်ကြီး ခြင်းများနှင့် အပြုသဘောဆောင်ပြီး ဆွေးနွေးညှိနှိုင်း ပြင်ဆင်နိုင်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များကို ဟန်ချက်ညီညီ အပြန်အလှန် ထိန်းကျောင်းနိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်စေရန် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြပါ၊ မိမိတို့ကို ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူများနှင့် မဲဆန္ဒနယ်များမှ အားကိုးအားထားပြုရသည့် ကိုယ်စားလှယ်များအဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါ၊ ပြည်သူဗဟိုပြု ဒီမိုကရေစီစနစ် ပိုမိုထွန်းကားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ၊ လွှတ်တော်၏ဂုဏ်သိက္ခာ ဆက်လက်မြင့်မားနေရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် မတ် ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **ကုန်စျေးနှုန်းကြီးမြင့်မှုကို ကြုံတွေ့ခံစားနေကြရသော အမှုထမ်းများ (အထူးသဖြင့် ပြည်သူ့ရဲဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများ) အား ဒေသန္တရရှားပါးစရိတ် (CLA) ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်တွင် လိုငွေပြဘတ်ဂျက်ဖြစ်ပေါ်နေသော်လည်း နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ခ၊ လစာ၊ ခရီးစရိတ်နှင့် ခရီးသွားနေ့တွက်စရိတ်တို့ကို အခါအားလျော်စွာ တိုးမြှင့်ခံစားခွင့်ပြုထားသည့်အပြင် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက်ကိုလည်း (ဒေသန္တရရှားပါးစရိတ်)နှင့် သဘောသဘာဝတူညီသော ဒေသစရိတ်များကို သီးခြားခံစားခွင့်ပြုထားပြီး ဖြစ်ပါသဖြင့် ဒေသန္တရရှားပါးစရိတ် သီးခြားခွင့်ပြုပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်၏ **ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ကျေးရွာပေါင်း ၁၃၀ ရှိပြီး ကျေးရွာအုပ်စု ၅၅ အုပ်စုသာ ရှိသဖြင့် ကျေးရွာခွဲများကို ကျေးရွာအုပ်စုများအဖြစ် အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က တီးတိန်မြို့နယ်တွင် ကျေးရွာပေါင်း ၁၃၀ ကျေးရွာရှိသည့်အနက် တရားဝင်အမည်ပေါက်ကျေးရွာ ၁၀၈ ရွာ၊ အမည်မပေါက်သေးသော ကျေးရွာ ၂၂ ရွာ ရှိသည့်အနက် ဒိမ်ဇန်ကျေးရွာတစ်ရွာကိုအမည်ပေါက်ရရန် သက်ဆိုင်ရာ ဖူနွမ်းကျေးရွာအုပ်စုမှ ကန့်ကွက်ခဲ့ပါသဖြင့် ဆက်လက်တင်ပြနိုင်ခြင်း မရှိပါကြောင်း၊ ကျန်ကျေးရွာ ၂၁ ရွာအား တရားဝင်အမည်ပေါက်ကျေးရွာများအဖြစ် တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက် အမှုတွဲတည်ဆောက်ခဲ့ရာတွင် အဆိုပါ ကျေးရွာတိုး ၂၁ ရွာအနက် ကျေးရွာ ၁၀ ရွာသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာအတွင်း ကျရောက်နေသည့်အတွက် ရွာမြေအဖြစ်အသုံးပြုနိုင်ရန် မြေအမျိုးအစားသတ်မှတ်ချက်အပေါ် မူတည်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုနိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားနိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တီးတိန်မြို့နယ်အတွင်းရှိ တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာ ၂၁ ရွာ တရားဝင်အမည်ပေါက်ရရှိပြီးမှသာ ကျေးရွာအုပ်စုများအဖြစ် အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းနိုင်ရေး ခရိုင်၊ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းရေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာဇော်လင်းထွဋ်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန်** လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် က ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဝင် မန်းထွန်းကြိုင်က **ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**ကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးဝင်းအောင်က **ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန်** အဆိုတင်သွင်းသည်။


ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကိုအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။



ဒုတိယဝန်ကြီး ဦးတင်မြင့်



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်



အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်

## အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၁၂၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၃၀၃ ခုတို့ကို မေးမြန်းခဲ့

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ**နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ မတ် ၁၄ ရက်အထိ အစည်းအဝေး ကျင်းပရက် ၂၅ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် **မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင်** လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၁၂၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၃၀၃ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**အဆိုတင်သွင်းခြင်းကဏ္ဍတွင်** ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ **ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး** အဆို၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ **၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များ ရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတို့ကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုများကို လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း။

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့်** အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် **မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း**ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ **အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း နှင့် တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်း** တို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ယင်းဥပဒေများကို ၂၀၁၉ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၊ ဥပဒေအမှတ် ၃၊ ဥပဒေအမှတ် ၆၊ ဥပဒေအမှတ် ၇ များဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း။

**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် တံတားကြီးများ ဥပဒေကြမ်း** တို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ **ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများဖြစ်သည့်** ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း တင်သွင်းသည့် **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုးတင်သွင်းသည့် **တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်သို့ အသိပေးပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးကာ ၎င်း၏ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

## အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်က မှတ်တမ်းတင်ခဲ့

**အစီရင်ခံစာ** တင်သွင်းခြင်းကဏ္ဍတွင် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက်စိစစ်ခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါကြောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၂၁)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ(၇)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ (၂)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၁၀)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၆)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ(၂)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၅)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၃)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၆)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ(၇)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၉)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ(၈)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ

*စာမျက်နှာ ၁၁ သို့*

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် မတ် ၁၄**

သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ သတင်းစဉ်

### တက်ရောက်ကြည်ညို

အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီးဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရ က ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက "သာသနသဃစလောကသ ဝုဍ္ဎိဘဝတု သဗ္ဗဒါ"အစချီသော (၂)ဂါထာကို သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

### သြဝါဒနာယူ

ထို့နောက် အစည်းအဝေးကျင်းပမည့် ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း (၈၊၁၀၊၁၁) ရက်၊ ၂၀၁၉ ခုနှစ် မတ်လ (၁၄၊၁၅၊၁၆)ရက်များအတွက် အစည်းအဝေးအစီအစဉ်ကို လျှောက်ထားအတည်ပြုချက်ရယူပြီး နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒနာယူကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော်က အစည်းအဝေးဖွင့်သာရဏီယ သြဝါဒဂါထာကို မြွက်ကြားတော်မူရာတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်း၍ သာသနာတော်ကိစ္စအဝဝကို ဆောင်ရွက်တော်မူလာခဲ့ကြသည်မှာ နှစ်ပေါင်း ၃၈ နှစ်ကျော်ရှိပြီး သက်တမ်းအကြိမ်ရေအားဖြင့်လည်း အဋ္ဌမအကြိမ် သက်တမ်းသို့ ရောက်လုပြီဖြစ်ပါကြောင်း။ သံဃာ့အဖွဲ့အစည်းကြီး အခိုင်အမာဖြစ်ရေး၌ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် အဓိကပင်ဖြစ်ပါကြောင်း။ "ဝိနည်းသည် သာသနာ၏ အသက်ဖြစ်သကဲ့သို့" အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်ခိုင်မာတည်တံ့ရေးအတွက် အသက်သွေးကြောပင် ဖြစ်ပါကြောင်း။

### အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေး

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၆)အပိုဒ် (၁၀၉) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အပိုဒ်ခွဲ(က)တွင် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး တစ်ခုနှင့် တစ်ခုအကြား သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်မှုကို တာဝန်ယူဆောင်ရွက်ရမည်ဟု လည်းကောင်း၊ အပိုဒ်ခွဲ(စ)တွင် ဤလုပ်ထုံးလုပ်နည်း အခန်း(၄) အပိုဒ်(၇၆)တွင် သတ်မှတ်ထားသည့်အတိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းပေးရမည်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ည)တွင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းမှတစ်ပါး လိုအပ်သော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းများကို ပြုလုပ်နိုင်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း။ ထိုသို့ပြဋ္ဌာန်းထားရှိသော ဆရာတော်များ၏ လုပ်ပိုင်ခွင့်လုပ်ငန်းတာဝန်များအရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များကို ရွေးချယ်ပေးတော်မူကြရမည် ဖြစ်ပါကြောင်း။ ထို့အပြင် အပိုဒ်ခွဲ(ဍ)အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တင်ပြသည့်ဆောင်ရွက်ချက်အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေး၍ အကြံဉာဏ်များ ပေးကြရန်ကိုလည်း လျှောက်ထားအပ်ပါကြောင်း။

ထိုသို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ပိုင်ခွင့်ရှိသည့်အတိုင်း ဆောင်ရွက်ကြရာ၌ ရတ္တညုမဟတ္တစသော အကြောင်းတရားလေးပါးသည် သက်တမ်းရှည်အဖွဲ့အစည်းများအတွက် အနှောင့်အယှက် အတားအဆီးဖြစ်သော အာသဝဋ္ဌာနိယဓမ္မပင်တည်းဟု ဆင်ခြင်တော်မူကြ၍ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ထားသည့် လုပ်ငန်းစီမံချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်း။

တစ်နှစ်လျှင်တစ်ကြိမ်သာ ကျင်းပပြုလုပ်သည့် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သတ္တမအစည်းအဝေးကြီးသို့ ယခုကဲ့သို့ စုံစုံညီညီစည်းစည်းလုံးလုံး ကြွရောက်ချီးမြှင့်ခွင့်ရရှိသည့် အခါသမယဝယ် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားကြောင်းဖြစ်သော သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးတိုင်ပင်တော်မူကြ၍ လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပေးတော်မူကြရန် တိုက်တွန်းပါကြောင်း မြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ ဓမ္မဝိနယကို အလေးဂရုပြုခြင်းဖြင့် သံဃာကိုသာ အလေးဂရုပြုရမည်၊ ပုဂ္ဂိုလ်ကို အလေးဂရုမပြုရ၊ စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အများ၏သဘောထားနှင့် ဆန္ဒကို အနည်းစုက လိုက်နာခြင်း၊ အနည်းစု၏ သဘောထားနှင့် ဆန္ဒကို အများက လေးစားခြင်း၊ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်တို့ကို အောက်အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း၊ အောက်အဖွဲ့အစည်း၏တင်ပြချက်ကို အထက်အဖွဲ့အစည်းက အလေးဂရုပြု အရေးယူဆောင်ရွက်ခြင်းတို့ကို ဓမ္မဝိနယနှင့်အညီ ပြုလုပ်ကြရမည်ဟုလည်း ပြဋ္ဌာန်းထားပါကြောင်း။

### အမှားနည်းနိုင်သမျှ နည်းအောင် ကြိုးစား

ယခုကျင်းပပြုလုပ်သည့် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးသည် သတ္တမအကြိမ် သက်တမ်း၏ နောက်ဆုံးအစည်းအဝေးဖြစ်ပြီး သတ္တမအကြိမ် သက်တမ်းခြောက်နှစ်အတွင်း ၂၅ (ရာခိုင်နှုန်း) အနားယူအစားထိုးအစီအစဉ်အရ အသစ်အသစ်ရွေးချယ် တာဝန်ထမ်းဆောင်ကြမည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်များက ဆက်လက်တာဝန်ယူကြတော့မည်ဟု သိရှိရပါကြောင်း။ သံဃာ့အဖွဲ့အစည်းများ လုပ်ထုံးလုပ်နည်းများကျွမ်းကျင်လာသည်နှင့်အမျှ ၃၉ နှစ်တာကာလအတွင်း တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ အားနည်းချက်၊ ချို့ယွင်းချက်များကိုလည်း သင်ခန်းစာယူလျက် ညှိနှိုင်းပေါင်းစပ် ပြုပြင်ပြင်ဆင်ကြပြီး အမှားနည်းနိုင်သမျှ နည်းအောင် ကြိုးစားဆောင်ရွက်နိုင်ကြလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသည့် နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ပြီး အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် သြဝါဒါစရိယဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ သတင်းစဉ်

တင်သွင်း၍ အတည်ပြုချက်ရယူကာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသက တင်သွင်းလျှောက်ထားပြီး နံနက်ပိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများထံ လှူဒါန်းမည့် ငွေကျပ် သိန်း ၆၄၀ တန်ဖိုးရှိ ပိဋကတ်သုံးပုံပါဠိတော် ကျမ်းစာအုပ် ၄၀၊ အဋ္ဌကထာကျမ်းစာအုပ် လေးအုပ် စုစုပေါင်း ၄၄ အုပ်လျှင် တစ်စုံ၊ အစုံ ၅၀၀ ကျမ်းစာအုပ်များနှင့် ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ ခေတ်မီစာပုံနှိပ်စက်တစ်လုံးကို လှူဒါန်းရာ ဆရာတော်ကြီးများ၏ ဥပတ္ထမ္ဘကအဖြစ် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ အလှူရှင် စည်သူဝဏ္ဏကျော်ထင် ဦးရန်ဝင်း+ဒေါ်လွင်လွင်ဝေ (အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးစိုးမြင့်ဆွေ+ သုဓမ္မသိင်္ဂီ ဒေါ်ရည်ဝိုင်းဦးနှင့် သားမောင်ခန့်စည်သူ၊ ဦးအာကာကြိုင်+သုဓမ္မသိင်္ဂီ ဒေါ်သိင်္ဂီလင်းနှင့် သမီး မဂုဏ်ရှိန်မြင့်မိုရ်ကြိုင် သားသမီးမြေးတစ်စုတို့က ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာဆရာတော်များက ဖတ်ကြားတင်သွင်းတော်မူကြပြီး အစီအစဉ်များအတိုင်း ဆက်လက်ဆွေးနွေးတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာကြသည့် အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒတို့က ရှင်းလင်းပြန်ကြားလျှောက်ထားကြပြီး ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင်+ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုက (၃၉)ကြိမ်မြောက် ဆက်ကပ်လှူဒါန်းခဲ့သည်။ **သတင်းစဉ်**

# တောင်ငူမြို့သမိုင်းဝင်မြတ်စောညီနောင်ဘုရားပွဲတော် ဗုဒ္ဓပူဇနိယ(တပေါင်း)ပွဲတော် ဖွင့်ပွဲကျင်းပ

**တောင်ငူ မတ် ၁၄**

တောင်ငူမြို့သမိုင်းဝင်မြတ်စောညီနောင်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယ (တပေါင်း)ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဘုရားကြီး၏ ဘက်စုံ ပြုပြင်မွမ်းမံသော အလှူရှင်မိသားစု၊ ဘုရားကြီးဂေါပကအဖွဲ့များ တက်ရောက်ခဲ့ကြပြီး မြတ်စောညီနောင်ဘုရားကြီး၊ ညီတော်စေတီမုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ ဆက်လက်ပြီး အလှူရှင် ကိုဇင်ကိုဝင်း ရွှေဥဒေါင်းဆေးလိပ်ခုံ (မိသားစု)တို့က ဘုရားကြီးအတွင်း ဘက်စုံပြုပြင်လှူဒါန်းမှုများအတွက် ပင့်သံဃာတော်များနှင့် တက်ရောက်လာကြသောအလှူရှင်များ၊ ဧည့်သည်တော်များမှ ရေစက်ချတရားတော်နာယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရားကြီး ဗုဒ္ဓပူဇနိယ(တပေါင်း) ပွဲတော်သို့ တောင်ငူခရိုင် ခြောက်မြို့နယ်လုံးသာမက ကရင်ပြည်နယ် သံတောင်ကြီးဒေသနေပြည်သူများနှင့် ပဲနှင့် ဆောင်းသီးနှံရိတ်သိမ်းပြီးချိန် တောင်သူများက နွားလှည်းများဖြင့် အိုးခွက်ပန်းကန်များ အပြည့်တင်ဆောင်၍ ချောင်းများ၊ မြစ်များကို ဖြတ်ကာ မိသားစုလိုက် ဘုရားဖူးလာကြကြောင်း၊ ယခုနောက်ပိုင်း ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များ၊ ကားများဖြင့် ဘုရားဖူးလာကြကြောင်း၊ ဘုရားသို့ရောက်လျှင် နီးစပ်ရာ ကုက္ကိုပင်များ၊ သစ်ပင်ကြီးများ၊ စောင်းတန်း၊ ဓမ္မာရုံများအောက်တွင် နေရာယူ၍ ချက်ပြုတ်စားသောက်ကြပြီး ဘုရားကြီး၏အောက်ခြေတွင် ဖြတ်သန်းစီးဆင်းနေသော ပြုံးချောင်းအတွင်း ချောင်းရေဆော့ကစားခြင်းတို့ဖြင့် အနားယူကြကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ **သူရ(တောင်ငူ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၆/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဋ္ဌေးဝင်းအောင်(ခ) ဦးပြုံးချိုနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၆/၂၀၁၉)ကျင်းပစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပဲခူးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ

**ပဲခူး မတ် ၁၄**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ပဲခူးတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများအား ယနေ့ညပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တော်ဝင်ဟံသာခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်းက ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ယနေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ ပြုပြင်ပြောင်းလဲမှုများကို သိသာမြင်သာ ပြည်သူများ မြင်တွေ့နိုင်အောင် ကြိုးပမ်းရမည့် အချိန်အခါ ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဟုဆိုရာတွင် သီအိုရီများ၊ စံနမူနာများ အများကြီးရှိပါကြောင်း၊ အမှန်တကယ် ပြုပြင်ပြောင်းလဲနိုင်ရန်မှာ ကာယကံရှင်များ၏ အတွေးအမြင်၊ အတွေ့အကြုံများ၊ စဉ်းစားချက်များကို အခြေခံပြီးလုပ်ငန်း စဉ် ချမှတ်ရန် လိုအပ်သည်ကို သတိထားမိပါကြောင်း၊ မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဘယ်လိုရှာဖွေမလဲ၊ ဘယ်လိုစတင်မလဲဆိုသည်ကို စပြီးစဉ်းစားသုံးသပ်သော အဆင့်ကနေ အကောင်အထည်ဖော်သည့်အဆင့်အထိ အဆင့်တိုင်းတွင် မိမိတို့ဝန်ထမ်းများကို အခြေခံပြီး ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများပါဝင်သည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီမှ အစိုးရအဖွဲ့အတွင်းရေးမှူးများအပြင် ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပါကြောင်း၊ ယင်းဆွေးနွေးပွဲသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများက အခြေခံပြီး ဆွေးနွေးကြသည့်ပွဲလည်း ဖြစ်ပြီး ရှေ့ဆက်လျှောက်လှမ်းမည့် အနာဂတ်အတွက် ခြေလှမ်းအသစ်၊ လုပ်ငန်းစဉ် အသစ်၊ လမ်းစဉ်အသစ်များ ချမှတ်နိုင်ခဲ့ပါကြောင်း။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ရေရှည်မျှော်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းခွင် စံနှုန်းတန်ဖိုးများနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ထွက်ပေါ်လာခဲ့ပါကြောင်း။

ပထမဆုံးအနေဖြင့် ရေရှည်မျှော်မှန်းချက်(Vision)မှာ "ပြည်သူကို ဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရားတည်ဆောက်ရေး" ဖြစ်ပါကြောင်း။

ဒုတိယအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ (Mission) သည်- နံပါတ်(၁) တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နံပါတ် (၂) နိုင်ငံတော်အစိုးရ၏ မူဝါဒများအကောင်အထည်ဖော်ရေး၊ နံပါတ်(၃) ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရေးနှင့် နံပါတ်(၄) ပြည်သူဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ ဖြစ်ပါကြောင်း။

တတိယအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းခွင် စံနှုန်းတန်ဖိုးများ (Value) သည်- ထိရောက်မှုနှင့် စွမ်းရည်ပြည့်ဝမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှု၊ ပြည်သူလူထု ယုံကြည်အားထားမှု၊ တန်းတူညီမျှ အားလုံးပါဝင်မှု၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေမှုတို့ဖြစ်ပါကြောင်း။

စတုတ္ထအနေဖြင့် ထွက်ပေါ်လာသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၃)ရပ်မှာ လုပ်ငန်းစဉ် (၁) မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ လုပ်ငန်းစဉ် (၂) လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် လုပ်ငန်းစဉ်(၃) ဒေသဖွံ့ဖြိုးရေးနှင့် လုပ်နည်းစနစ်ကောင်းများ တည်ဆောက်ရေးတို့ ဖြစ်ပါကြောင်း။

မိမိတို့ဝန်ထမ်းတွေအနေဖြင့် Vision အသစ်၊ Mission အသစ်၊ စံနှုန်းတန်ဖိုး Value အသစ်များဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၃)ရပ်ကို တစ်ချိန်တည်းတစ်ပြိုင်တည်း ဖော်ဆောင်ကြရာတွင် "ပြုပြင်ပြောင်းလဲရေးအတွက် ပြည်နယ်တစ်ခု- မြို့နယ်တစ်ခု စီမံချက်" One State -One Township ကို ဆက်စပ်ဖော်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

ဝန်ထမ်းတွေကို အလေးအနက်ထားပြီး မှာကြားလိုသည်မှာ ပြုပြင်ပြောင်းလဲမှုကို လိုက်ပါဖော်ဆောင်ရန် တွေဝေနေသည်များ၊ စိုးရိမ်နေခြင်းများ မရှိဘဲ ရဲရဲတင်းတင်းနှင့် မူဝါဒ၊ စည်းမျဉ်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ဦးနှောက်ကို ဖွင့်ပြီး အပြောင်းအလဲအသစ်များကို ရှာဖွေကြံဆဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ အခြေခံအားဖြင့် မိမိတို့ထိတွေ့ဆက်ဆံနေရသော ပြည်သူများနှင့် ဆက်ဆံရာတွင် ထွေ/အုပ်က တာဝန်ယူဆောင်ရွက်ပေးနေရသော ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးရာတွင် စေတနာကိုအရင်းခံ၍ ကြိုးစားပြီး ဆောင်ရွက်ပေးကြရန် အလေးထား မှာကြားလိုပါကြောင်း၊ ပြည်သူလူထုဆိုသည်မှာ ကြေးမုံပြင်လိုပါ ရောင်ပြန်ဟပ်ပါကြောင်း၊ ယခုလိုမျိုး အသေးအဖွဲ့လေးတွေကစပြီး ပြောင်းလဲနိုင်အောင် ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ တစ်ဦးချင်းမှ စတင်လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အပြောင်းအလဲဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဝန်ထမ်းများသည် လုပ်နေကျအလုပ်တွေကို ပိုမိုကောင်းမွန်အောင်၊ ပိုမိုထိရောက်အောင်သတိပြုပြီး ဆောင်ရွက်ကြပါ။ ချမှတ်ပေးလိုက်တဲ့ မူဝါဒတွေကို စိတ်ဝင်တစားလေ့လာ သုံးသပ်ပြီး မိမိအလုပ်ခွင်က လုပ်နည်းလုပ်ဟန်တွေကို ပြောင်းလဲနိုင်အောင် ကြိုးစားကြပါ။ အနိမ့်ဆုံးပြည်သူလူထုနှင့် ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာနှင့် ဆက်ဆံနိုင်အောင် အားထုတ်ကြပါ။ ပြည်သူတွေအတွက် တာဝန်ထမ်းဆောင်နေရတာဆိုတဲ့ အသိကိုနှလုံးသွင်းပြီး ကြိုးစားကြပါ။ "ပြုပြင်ပြောင်းလဲရေးအစ ထွေ/အုပ်က" ဆိုတာကို အမှန်တကယ် လက်တွေ့မြင်တွေ့လာရအောင် တတ်နိုင်သမျှ တက်ညီလက်ညီနှင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပေးကြပါဟု အလေးအနက် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပဲခူးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။** သတင်းစဉ်

# HKIAC မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၊ Arbitration Chamber Hong Kong-London ၏ Arbitrator ; Mr. Robert S. Pe နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်၌ Hong Kong International Arbitration Centre (HKIAC) ဖွဲ့စည်းတည်ထောင်ထားမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ ပြည်တွင်းနှင့် နိုင်ငံတကာကုန်သွယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများ မျှတစွာနှင့် ထိရောက်စွာဖြေရှင်းနိုင်ရန်အတွက် အနုညာတစီရင်ဆုံးဖြတ်ရေးစင်တာ (Arbitration Centre) တည်ထောင်နိုင်မည့် အလားအလာများနှင့် Hong Kong International Arbitration Centre (HKIAC) မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ပုသိမ် မတ် ၁၄**

ပုသိမ်မြို့နယ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဒီဇယ်အင်ဂျင်စက်ပြင်သင်တန်းအမှတ်စဉ်(၂/၂၀၁၉) ကို မတ် ၁၂ ရက်က အစိုးရနည်းပညာအထက်တန်းကျောင်း လွန်ကန်ရပ် ပုသိမ်မြို့၌ဖွင့်လှစ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေးက အမှာစကားပြောကြားသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သင်တန်းကိုးခုဖွင့်လှစ်ခဲ့ရာ ယခုဖွင့်လှစ်သောသင်တန်းမှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာအုပ်စု ၁၈ အုပ်စု၊ ကျေးရွာ ၁၈ ရွာမှ သင်တန်းသားများဖြင့် ဖွင့်လှစ်ပြီး သင်တန်းကာလမှာ ရက် ၂၀ ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# အာဆီယံဒေသတွင်းရှိ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများအတွက် အခွင့်အလမ်းများရရှိရန် အမျိုးသားစီမံကိန်းအကြံပေးအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၄

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) နှင့် UN Women တို့ ပူးပေါင်း၍ အာဆီယံဒေသတွင်းရှိ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများအတွက် အခွင့်အရေးများနှင့် အခွင့်အလမ်းများရရှိရန် အမျိုးသားစီမံကိန်းအကြံပေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**





ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမျိုးသားစီမံကိန်းအစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုစီမံကိန်းကို မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေးစီမံအုပ်ချုပ်မှုမူဘောင်များ ပိုမိုတိုးတက်လာရန်၊ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများအတွက် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများ ပိုမိုတိုးတက်ရရှိရန်၊ အမျိုးသမီးများအတွက် ကွန်ရက်ချိတ်ဆက်စုစည်းမှုအခွင့်အရေး ပိုမိုတိုးတက်လာရန်၊ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများ၏ အတွေ့အကြုံဆိုင်ရာ သတင်းအချက်အလက်များနှင့် အထောက်အထားများကို ဖြန့်ဝေရန်၊ အမျိုးသမီးရွှေ့ပြောင်းသွားလာသူများ၏ လူ့အသိုက်အဝန်းအား အထောက်အပံ့ပြုမှုများကို ပိုမိုနားလည်ရေး စည်းရုံးလှုံ့ဆော်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ UN Women အနေဖြင့် အလုပ်သမားရေးရာများ အထူးသဖြင့် ကျား၊ မ ရေးရာရှုထောင့်မှ အကြံဉာဏ်များ ဆက်လက်ပံ့ပိုးပေးရေး၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာအမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများအတွက် မိသားစုပြန်လည်ပေါင်းစည်းရေးအစီအစဉ်တွင် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပေးရေး ဆက်လက်ကူညီပေးစေလိုကြောင်း၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေပြီး အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေး လက်ရှိဥပဒေကို ပြင်ဆင်ရေးဆွဲနေသဖြင့် ILO အနေဖြင့် လိုအပ်သည့် နည်းပညာအကူအညီ ဆက်လက်ပံ့ပိုးပေးရန်လိုကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေးနိုင်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာအမျိုးသမီးများ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရာတွင် စိတ်ချလုံခြုံရသည့် လုပ်ငန်းပတ်ဝန်းကျင်တစ်ခုဖြစ်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် အပြည့်အဝကာကွယ်ပေးနိုင်ရန်အတွက် လိုအပ်ချက်ရှိသောကြောင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ဝန်ကြီးဌာနအနေဖြင့် မြန်မာအမျိုးသမီးများအား အပြည့်အဝ အကာအကွယ်ပေးနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် “Safe & Fair” စီမံကိန်းအကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို အကြံပြုဆွေးနွေးနိုင်ရေးကို ရည်ရွယ်ချက်တစ်ခုအနေဖြင့် ထည့်သွင်းကျင်းပခြင်းဖြစ်သည့်အတွက် တက်ရောက်လာသူများအနေဖြင့် ရွှေ့ပြောင်းအမျိုးသမီးများ၏ အခွင့်အရေးနှင့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက် ဝိုင်းဝန်း ကြိုးစားပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် UN Resident and Humanitarian Coordinator မှ Mr.Knut Ostby နှင့် EU Head of Cooperation မှ Dr Johann Hesse တို့က အမှာစကားပြောကြားကြသည်။

**မျှတမှုရှိသည့် ရွှေ့ပြောင်းသွားလာမှု**

အမျိုးသားစီမံကိန်း အကြံပေးအစည်းအဝေးကို လူကုန်ကူးခံရနိုင်သည့် အန္တရာယ်များနှင့် အမျိုးသမီးများအတွက် ဘေးကင်းလုံခြုံပြီး မျှတမှုရှိသည့် ရွှေ့ပြောင်းသွားလာမှုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်၊ နိုင်ငံတော်၏ ပြောင်းလဲလာမှုနှင့်အညီ ဦးစားပေးကဏ္ဍများအပေါ် မဟာဗျူဟာမြောက် လမ်းညွှန်အကြံပြုချက်များပံ့ပိုးပေးရန်၊ တိုးတက်မှုကိုစောင့်ကြည့်လေ့လာရန်၊ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်အပေါ် ဆွေးနွေးသုံးသပ်ပြီး အကြံပြုချက်များနှင့် အကဲဖြတ်စိစစ်နိုင်ရေး သဘောထားများ ပံ့ပိုးပေးရန်၊ သုတေသနကို ပြန်လည်သုံးသပ်ရန်နှင့် စာအုပ်ထုတ်ဝေနိုင်ရေး ပြန်လည်သုံးသပ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ပုံနှိပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၄**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ပုံနှိပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး လုပ်ငန်းအချိန်မီပြီးစီးရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

အခမ်းအနားတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အချိန်မီပြီးစီးရန်နှင့် အရည်အသွေးပြည့်မီရန် လိုအပ်ပါကြောင်း၊ အခက်အခဲရှိပါက အတတ်နိုင်ဆုံးပြေလည်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆင့်ကဲဆင့်ကဲ တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသူရိန်ထွန်း၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးတို့က လုပ်ငန်းပြီးစီးတိုးတက်မှုအခြေအနေနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ကော်မတီ(၆) ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ (၈) ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၅)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၈)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ(၅)ကြိမ် စုစုပေါင်း ကော်မတီအစည်းအဝေး (၁၁၈)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate)ကို (၁)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတိုနှစ်စောင် ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၄၇ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် ၆၀ ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ ၂၂ ချက် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည် ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင်ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်**

# တိုးမြှင့်ပင်စင်ငွေပေးမိန့်များ စိစစ်တွက်ချက်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ နေ့စဉ်ပေးပို့လျက်ရှိ

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်အစိုးရသည် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပင်စင်လစာမှစတင်၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီးဖြစ်ရာ ပင်စင်စားတစ်ဦးချင်းစီအတွက် တိုးမြှင့်ပင်စင်ငွေပေးအမိန့်များ စိစစ်တွက်ချက်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးသို့ နေ့စဉ်ပေးပို့လျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်လစာများ ဆောလျင်စွာ ခံစားရရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ကာကွယ်ရေးပင်စင်စားများအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ငွေစာရင်းရုံးများမှ လည်းကောင်း၊ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများမှ အငြိမ်းစားများအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများမှလည်းကောင်း၊ မြို့ပြနှင့် နိုင်ငံရေးပင်စင်စားများအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှလည်းကောင်း တိုးမြှင့်ပင်စင်ငွေပေးမိန့်များထုတ်ပြန်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ပင်စင်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးသည့် ပင်စင်စားဦးရေ (ဦးစီး၊ နိုင်ငံရေး) ၄၀၅၉၇၉ ဦးအနက် မတ် ၁၃ ရက်အထိ မြို့ပြပင်စင်စားဦးရေ ၃၁၇၈၁၀ ဦး၊ နိုင်ငံ ရေးပင်စင်စားဦးရေ ၄၉၉၆၈ ဦး၊ စုစုပေါင်း ပင်စင်စားဦးရေ(ဦးစီး၊ နိုင်ငံရေး) ၃၆၇၇၇၈ ဦး၏ငွေပေးမိန့်များအား ထုတ်ပြန်၍ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲ အသီးသီးသို့ ပေးပို့ခဲ့ပြီးဖြစ်သဖြင့် စုစုပေါင်းပင်စင်စားဦးရေ (ဦးစီး၊ နိုင်ငံရေး) ၏ ၉၀ ဒသမ ၅၉ ရာခိုင်နှုန်းအတွက် တိုးမြှင့်ပင်စင် ငွေပေးမိန့် ထုတ်ပြန်ဆောင်ရွက်ပြီးစီးပြီး ငွေပေးမိန့်ထုတ်ပြန်ရန် ၉ ဒသမ ၄၁ ရာခိုင်နှုန်းသာ ကျန်ရှိသည်။ အဆိုပါကျန်ရှိသည့် ပင်စင်စားများအတွက် ငွေပေးမိန့်များ ဆက်လက်ထုတ်ပြန်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပင်စင်ဦးစီးဌာနမှ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ ပေးပို့ထားသည့် တိုးမြှင့်ငွေပေးမိန့်များအနက် မတ် ၈ ရက်အထိ မြို့ပြပင်စင်စား ၁၃၅၁၀၀ ဦး၊ နိုင်ငံရေးပင်စင်စား ၂၄၁၄၉ ဦး၊ စုစုပေါင်းပင်စင်စား ၁၅၉၂၄၉ ဦးသာ ပင်စင်လစာငွေများ ထုတ်ယူခဲ့ပြီး ထုတ်ယူရန်ကျန်ရှိနေသည့် ပင်စင်စားဦးရေမှာ ၂၀၈၃၀၁ ဦးဖြစ်သည်။

သို့ဖြစ်ပါ၍ မိဘပြည်သူပင်စင်စားများအနေဖြင့် မိမိတို့၏ တိုးမြှင့်ပင်စင်လစာများအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ သွားရောက်ဆက်သွယ်ထုတ်ယူကြပါရန်နှင့် တိုးမြှင့်ပင်စင်ငွေပေးမိန့်စာရင်းများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website ဖြစ်သည့် https://www.mopf.gov.mm.com မှ ပင်စင်ဦးစီးဌာန၏ သတင်း(သို့မဟုတ်)Home Page ၏ ဘဏ္ဍာရေးကဏ္ဍသို့ ဝင်ရောက်၍ ပင်စင်ဦးစီးဌာန၏ Update သတင်းတွင်လည်းကောင်း၊ ပင်စင်ဦးစီးဌာန၏ Pension Department Facebook Page တွင် လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

တိုးမြှင့်ပင်စင် ငွေပေးမိန့်စာရင်းများတွင် ပါဝင်ခြင်းမရှိသေးသော မိဘပြည်သူပင်စင်စားများအနေဖြင့် ပင်စင်ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၏ Hot Line-တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၁၀၃၇၃၊ မိုဘိုင်းလ်ဖုန်းအမှတ်၊ ၀၉-၄၄၂၁၄၅၉၁၃၊ Fax - ၀၆၇-၃၄၁၀၄၁၉၊ email-managepension@gmail.com သို့ လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပင်စင်ဦးစီးဌာနရုံးများဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးဖုန်း ၀၁-၃၇၄၇၆၅၊ ၀၁-၃၇၆၆၄၀၊ ၀၁-၃၇၆၆၈၅၊ ဧရာဝတီတိုင်းဒေသကြီးရုံးဖုန်း ၀၄၂-၂၅၅၅၃ ၊ ပဲခူးတိုင်းဒေသကြီးရုံးဖုန်း ၀၅၂-၂၂၂၁၂၆၊ ပဲခူးတိုင်းဒေသကြီးရုံးခွဲ(ပြည်မြို့) ရုံးဖုန်း ၀၅၃-၂၆၄၇၆၊ မွန်ပြည်နယ်ရုံးဖုန်း ၀၅၇-၂၇၁၅၀၊ ကရင်ပြည်နယ်ရုံးဖုန်း ၀၅၈-၂၂၅၂၂၊ တနင်္သာရီတိုင်းဒေသကြီးရုံးဖုန်း ၀၅၉-၂၀၂၃၄၉၃၊ ရခိုင်ပြည်နယ်ရုံးဖုန်း ၀၄၃-၂၄၃၁၅၊ မန္တလေးတိုင်းဒေသကြီး ရုံးဖုန်း ၀၂-၂၈၄၈၄၁၀၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးဖုန်း ၀၇၁-၂၃၄၉၅၊ ၀၇၁-၂၃၆၁၆၊ မကွေးတိုင်းဒေသကြီးရုံးဖုန်း ၀၆၃-၂၀၂၅၅၈၀၊ ရှမ်းပြည်နယ် (တောင်ကြီးမြို့) ၀၈၁-၂၁၂၅၀၁၉၊ ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုးမြို့) ရုံးဖုန်း ၀၈၂-၂၉၃၀၉၄၁၊ ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံမြို့) ရုံးဖုန်း ၀၈၄-၂၃၀၂၅၊ ကချင်ပြည်နယ်ရုံးဖုန်း ၀၇၄-၂၂၁၆၄၊ ကယားပြည်နယ်ရုံးဖုန်း ၀၈၃-၂၂၅၃၇၊ ချင်းပြည်နယ်ရုံးဖုန်း ၀၇၀-၂၁၆၂၈ တို့အား ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများလွယ်ကူချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency-CIDCA) တို့ဦးဆောင်၍ မြန်မာနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency-CIDCA) Deputy Administrator Mr.Deng Boqing ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများလွယ်ကူချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် အချက်အလက်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) အဆင့်မြှင့်တင်ရေးဆိုင်ရာစာလွှာနှင့် မီးရထားစက်ခေါင်းတွဲဝယ်ယူခြင်းစီမံကိန်းဆိုင်ရာ စာလွှာနှစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) နှင့် သက်ဆိုင်ရာဝန်ကြီးဌာနနှစ်ခုတို့မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ **သတင်းစဉ်**




အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) အဆင့်မြှင့်တင်ရေးဆိုင်ရာစာလွှာနှင့် မီးရထားစက်ခေါင်းတွဲဝယ်ယူခြင်းစီမံကိန်းဆိုင်ရာ စာလွှာနှစ်ခုကို ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းရှေ့မှောက်၌ လက်မှတ်ရေးထိုးကြစဉ်။

## တက္ကသိုလ်ဝင်စာမေးပွဲ အငြိမ်နေ့ နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ပထဝီဝင်ဘာသာရပ်ကို ဖြေဆိုသူပေါင်း ၁၂၅၃၈၁ ဦးရှိ

**နေပြည်တော် မတ် ၁၄**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့ ပထဝီဝင်ဘာသာရပ်ကို ယနေ့တွင် ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ခုနစ်ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၃၅၂ ခု၊ စာစစ်ဌာနစုစုပေါင်း ၁၃၅၉ ခုတွင် ဖြေဆိုသူပေါင်း ၁၂၅၃၈၁ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၁၂၅၃၈၁ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၂၀၊ အမြင်အာရုံ မသန်စွမ်းဖြေဆိုသူ ၂၄ ဦး၊ အကြားအာရုံမသန်စွမ်းဖြေဆိုသူ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ လေးဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၃၅ ဦး၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၇၈ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၉ ဦး ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ်ဖြေဆို

နေပြည်တော် မတ် ၁၄

**၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့အဖြစ် ပထဝီဝင်ဘာသာရပ်ကို ယနေ့ဖြေဆိုကြသည်။**

**မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် ပထဝီဝင်ဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ကျောင်းသားကျောင်းသူ ၁၃၅၅၃၀ တွင် ဖြေဆိုသူ ၁၂၅၃၈၁ ဦးရှိပြီး ဖြေဆိုရန်ပျက်ကွက်သူ ၁၀၁၄၉ ဦးဖြစ်၍ ဖြေဆိုမှု ရာခိုင်နှုန်း ၉၂ ဒသမ ၅၁ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။** သတင်းစဉ်

### ၂၀၁၉-ခုနှစ်၊မတ်လတွင်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား

ရက်စွဲ- ၁၄-၃-၂၀၁၉ ဘာသာ-ပထဝီ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို % |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၃၄၇၅ | ၄၂၆၃ | ၇၇၃၈ | ၃၀၇၉ | ၃၉၉၃ | ၇၀၇၂ | ၃၉၆ | ၂၇၀ | ၆၆၆ | ၉၁.၃၉% |
| ၂ | ကယားပြည်နယ် | ၁၄၁၃ | ၂၁၀၁ | ၃၅၁၄ | ၁၃၀၁ | ၂၀၁၈ | ၃၃၁၉ | ၁၁၂ | ၈၃ | ၁၉၅ | ၉၄.၄၅% |
| ၃ | ကရင်ပြည်နယ် | ၈၅၂ | ၁၄၈၅ | ၂၃၃၇ | ၇၂၅ | ၁၃၈၀ | ၂၁၀၅ | ၁၂၇ | ၁၀၅ | ၂၃၂ | ၉၀.၀၇% |
| ၄ | ချင်းပြည်နယ် | ၁၆၁၀ | ၁၈၈၆ | ၃၄၉၆ | ၁၃၃၀ | ၁၆၅၈ | ၂၉၈၈ | ၂၈၀ | ၂၂၈ | ၅၀၈ | ၈၅.၄၇% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀၃၈၈ | ၁၃၈၄၆ | ၂၄၂၃၄ | ၉၆၁၃ | ၁၃၃၄၀ | ၂၂၉၅၃ | ၇၇၅ | ၅၀၆ | ၁၂၈၁ | ၉၄.၇၁% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄၀၁ | ၅၉၃ | ၉၉၄ | ၃၅၂ | ၅၄၁ | ၈၉၃ | ၄၉ | ၅၂ | ၁၀၁ | ၈၉.၈၄% |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) | ၂၂၄၉ | ၂၈၅၂ | ၅၁၀၁ | ၂၀၂၅ | ၂၆၉၇ | ၄၇၂၂ | ၂၂၄ | ၁၅၅ | ၃၇၉ | ၉၂.၅၇% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) | ၁၅၀၆ | ၁၇၉၆ | ၃၃၀၂ | ၁၃၅၇ | ၁၇၀၀ | ၃၀၅၇ | ၁၄၉ | ၉၆ | ၂၄၅ | ၉၂.၅၈% |
| ၉ | မကွေးတိုင်းဒေသကြီး | ၅၁၆၂ | ၅၆၇၀ | ၁၀၈၃၂ | ၄၈၀၁ | ၅၄၇၂ | ၁၀၂၇၃ | ၃၆၁ | ၁၉၈ | ၅၅၉ | ၉၄.၈၄% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၂၃၆၉ | ၂၆၈၄ | ၅၀၅၃ | ၂၁၇၉ | ၂၅၆၃ | ၄၇၄၂ | ၁၉၀ | ၁၂၁ | ၃၁၁ | ၉၃.၈၅% |
| ၁၁ | နေပြည်တော် | ၁၂၈၀ | ၁၁၂၅ | ၂၄၀၅ | ၁၁၅၅ | ၁၀၆၃ | ၂၂၁၈ | ၁၂၅ | ၆၂ | ၁၈၇ | ၉၂.၂၂% |
| ၁၂ | မွန်ပြည်နယ် | ၄၈၀ | ၈၅၀ | ၁၃၃၀ | ၄၂၄ | ၈၀၉ | ၁၂၃၃ | ၅၆ | ၄၁ | ၉၇ | ၉၂.၇၁% |
| ၁၃ | ရခိုင်ပြည်နယ် | ၂၈၉၆ | ၃၅၆၉ | ၆၄၆၅ | ၂၅၀၀ | ၃၂၈၆ | ၅၇၈၆ | ၃၉၆ | ၂၈၃ | ၆၇၉ | ၈၉.၅၀% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၆၁၉၀ | ၅၁၄၇ | ၁၁၃၃၇ | ၅၆၁၃ | ၄၈၁၉ | ၁၀၄၃၂ | ၅၇၇ | ၃၂၈ | ၉၀၅ | ၉၂.၀၂% |
| ၁၅ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၁၉၆ | ၁၄၇၃ | ၂၆၆၉ | ၁၁၄၁ | ၁၄၁၇ | ၂၅၅၈ | ၅၅ | ၅၆ | ၁၁၁ | ၉၅.၈၄% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၇၅၆ | ၉၆၁ | ၁၇၁၇ | ၆၉၉ | ၉၁၇ | ၁၆၁၆ | ၅၇ | ၄၄ | ၁၀၁ | ၉၄.၁၂% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၀၉ | ၇၀ | ၁၇၉ | ၉၀ | ၆၀ | ၁၅၀ | ၁၉ | ၁၀ | ၂၉ | ၈၃.၈၀% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၈၃၀ | ၂၃၉၇၂ | ၄၂၈၀၂ | ၁၆၇၈၄ | ၂၂၄၅၅ | ၃၉၂၃၉ | ၂၀၄၆ | ၁၅၁၇ | ၃၅၆၃ | ၉၁.၆၈% |
| ၁၉ | နိုင်ငံခြား | ၅ | ၂၀ | ၂၅ | ၅ | ၂၀ | ၂၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| | **စုစုပေါင်း** | **၆၁၁၆၇** | **၇၄၃၆၃** | **၁၃၅၅၃၀** | **၅၅၁၇၃** | **၇၀၂၀၈** | **၁၂၅၃၈၁** | **၅၉၉၄** | **၄၁၅၅** | **၁၀၁၄၉** | **၉၂.၅၁%** |

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

**နေပြည်တော် မတ် ၁၄**

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ယူနန်ပြည်နယ်အပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ဒေသ၊ အလယ်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသတို့ရှိ ပြည်နယ်အချို့ရှိ ဝက်ခြံပေါင်း (၁၀၄) ခြံတွင် ရောဂါပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ဝက်ကောင်ရေ (၁၀၀၀၀၀၀) အား သုတ်သင်ရှင်းလင်းခဲ့ရသောကြောင့် မိမိနိုင်ငံရှိ ဝက်ခြံများကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကိုအထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန်ကျွေးခြင်းမပြုလုပ်ရန်၊ မီးဖိုချောင်ထွက် အသားအပိုင်းအစများကို အစာကြွင်းကျန်ထဲမထည့်ရန်နှင့် အိမ်မွေးဝက်များကိုမကျွေးရန်၊

(ဃ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင် အထွက်ထိန်းချုပ်ရန်၊

(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရန်၊

(စ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဆ) ပြည်ပမှ တရားမဝင် တင်သွင်းလာသောဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဇ) တောဝက်နှင့် အိမ်မွေးဝက်များရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်နှင့် တောဝက်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်၊

(ဈ) တောဝက်နှင့် အိမ်မွေးဝက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ည) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❐ ***ကျော့ဖုံးမှ***

ယခုရာသီ ပထမတန်းအမှတ်ပေးပြိုင်ပွဲတွင် ပထမအကျော့၌ ရလဒ်များဆိုးရွားပြီး ပွဲတိုင်းရှုံးထားသည့် ငွေကြယ်ပွင့်အသင်းသည် ယခုပွဲတွင် MNL ကလပ် Chinland အသင်းကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။ Chinland အသင်းသည် နိုင်ငံခြားသားကစားသမားများပါဝင်သော်လည်း ငွေကြယ်ပွင့်ကို အနိုင်မယူနိုင်ဘဲ ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ငွေကြယ်ပွင့်အသင်းအတွက် အနိုင်ဂိုးကို ၈၈ မိနစ်တွင် ဇော်ဇော်ထွန်းက သွင်းယူခဲ့သည်။ ငွေကြယ်ပွင့်အသင်းသည် ဒုတိယအဆင့်တွင် Southern အသင်းနှင့် တွေ့ဆုံနေသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

◆ ***ကျော့ဖုံးမှ***

ယင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲမတိုင်မီ အကြိုပြင်ဆင်မှုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် နည်းပြသစ် ဦးစိုးမြတ်မင်း လက်ထက်တွင် ပထမဆုံးနိုင်ငံတကာ ခြေစမ်းပွဲအဖြစ် မတ် ၇ ရက်က ဂျပန်ကလပ် နီဂါတာအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၄**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းဘူးမြို့နှင့် အောင်လံမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ ကျောက်မျက်အတွဲ ၅၀၀ အနက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၆၉ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် မတ် ၁၄**

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ ကျောက်မျက် အတွဲ စုစုပေါင်း ၆၉ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၅၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ကျောက်မျက်အတွဲ ၆၉ တွဲကို ယူရို ငွေ ၁ ဒသမ ၀၂၄သန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မတ် ၁၅ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ ၁၂၀၀ အထိလည်းကောင်း၊ မတ် ၁၆ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၂၀၁ မှ ၂၄၀၀ အထိ လည်းကောင်း၊ မတ် ၁၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၂၄၀၁ မှ ၃၆၀၀ အထိ လည်းကောင်း၊ မတ် ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၆၀၁ မှ ၄၈၀၀ အထိ လည်းကောင်း၊ မတ် ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၄၈၀၁ မှ ၆၀၀၀ အထိ လည်းကောင်း၊ မတ် ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၀၀၁ မှ ၆၉၇၃ အထိ လည်းကောင်း ခင်းကျင်းပြသရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲသို့ တရုတ်၊ ထိုင်း၊ ဩစတြေးလျ၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်ပရတနာကုန်သည် စုစုပေါင်း ၂၉၀၅ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၅၉၂ ဦး စုစုပေါင်းရတနာကုန်သည် ၄၄၉၇ ဦး တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည် အများအပြားတက်ရောက်ကြသည်။

**မွေးကြူဇင်၊ ဓာတ်ပုံ- အေးသန်း**



မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်စိမ်းအတွဲများ ရောင်းချရန်ပြသထားစဉ်။


ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ အခြေခံပညာဦးစီးဌာနနှင့် ပူတာအိုခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပူတာအိုမြို့ )



၂၀၁၉ ခုနှစ် ၊ မတ်လ (၁၈၊ ၁၉)ရက်၊ (တနင်္လာ၊ အင်္ဂါ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ဖုန်ကန်ရာဂီခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း၊ ပူတာအိုမြို့


# မြန်မာနှင့် ဗီယက်နမ်အမျိုးသမီးအသင်း မန္တလေး၌ ခြေစမ်းပွဲကစားမည်

**မန္တလေး မတ် ၁၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဗီယက်နမ် လက်ရွေးစင်အမျိုးသမီးအသင်းသည် မန္တလေးမြို့၌ ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ယင်းခြေစမ်းပွဲများကို မတ် ၂၁၊ ၂၃ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးသည် အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲကစားခွင့် ရရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ တင်ပြခဲ့ရာ အာဆီယံ ထိပ်သီးအသင်းများနှင့် ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။ မြန်မာ အမျိုးသမီးအသင်းသည် မူလက ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် သဘောတူညီမှုရခဲ့သော်လည်း ကစားမည့် ရက် ညှိနှိုင်းမှုအဆင်မပြေသောကြောင့် ဗီယက်နမ်အသင်းနှင့် ပြောင်းလဲကစားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဧပြီ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည့် ၂၀၂၀ တိုကျိုအိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိပြီး အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက်ပိုင်း ကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲကို မန္တလေးမြို့၌ ကစားမည်ဖြစ်သောကြောင့် ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲကိုလည်း မန္တလေးမြို့၌သာ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲ၊ ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲ ကစားရန် မတ် ၁၇ ရက်တွင် မန္တလေးမြို့သို့ ထွက်ခွာမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**- ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ** - ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ** - ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုးသမား** - ဇာဇာမြင့်၊ မေဇင်နွယ်၊ မေသဇင်ထွန်း၊ **နောက်တန်း** - ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း**- ရူပါခိုင်၊ ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သန္တာဦး၊ သင်းသင်းယု၊ လဲ့လဲ့လှိုင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း** - ရီရီဦး၊ ဝင်းသီဂီထွန်း၊ လှယဉ်ဝင်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် စားသုံးသူကာကွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဝက်မွေးမြူရေးခြံများတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ရှိ၊ မရှိကို မတ် ၁၄ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။

မြို့နယ်(ပြန်/ဆက်)



# အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၄**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူး ကျင်းပသည့် (၄၅)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို မတ် ၆ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်အားကစားခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် စစ်တုရင်ချန်ပီယံ ကစားသမား ၁၆ ဦးက ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ယင်းပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် အမြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး ချန်ပီယံဖြစ်ပါက ပြည်ပပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

ဆုကြေးအဖြစ် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် စတုတ္ထဆု ငွေကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အေကေလင်း**




အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပစဉ်။

# လီဗာပူးတို့ ဘိုင်ယန်မြူးနစ်ကို အဝေးကွင်းအနိုင်ယူပြီး အင်္ဂလန်လေးသင်း နောက်တစ်ဆင့် တက်ရောက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်း ရှုံး/ထွက် ဒုတိယအကျော့ နောက်ဆုံး ပွဲစဉ်များမှ မတ် ၁၄ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ဘိုင်ယန်မြူးနစ်နှင့် လီဗာပူး ပွဲတွင် ဂျာမန်မြေ၌ လီဗာပူးအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချန်ပီယံလိဂ် ပထမအကျော့ အင်္ဂလန်မြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က ဂိုးမရှိ သရေကျခဲ့ပြီး ယနေ့ပွဲတွင် အိမ်ရှင် ဘိုင်ယန်အသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် လီဝမ်ဒေါ့စကီးကို အထောင်ထားပွဲထွက်ခဲ့ပြီး ဧည့်သည် လီဗာပူးအသင်းသည် ၄-၃-၃ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် မာနေး၊ ဖာမီနိုနှင့် ဆာလက်ချ်တို့ပါဝင်ခဲ့သည်။ ပွဲချိန် ၂၆ မိနစ်တွင် မာနေးက ဘိုင်ယန်ဂိုးသမား နူအာကို လှည့်ပတ်ပြီး လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် ဘိုင်ယန် တောင်ပံကစားသမား ဂနာဘရီ ဖြတ်တင်ဘောကို လီဗာပူး နောက်တန်းကစားသမား မာတစ် ဖျက်ထုတ်ရာမှ ဂိုးဝင်ခဲ့၍ ဘိုင်ယန်အသင်း ချေပဂိုးရရှိခဲ့သည်။ ဒုတိယပိုင်းတွင် လီဗာပူးအတွက်



အနိုင်ဂိုးများကို ပွဲချိန် ၆၉ မိနစ်တွင် ဗန်ဒိုက်နှင့် ၈၄ မိနစ်တွင် မာနေးတို့က သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် လီဗာပူးတိုက်စစ်မှူး မာနေးက အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့ပြီး ဘိုင်ယန်ကစားသမားများ၏ လေးလံမှုကို လီဗာပူးအသင်း အခွင့်ကောင်းယူနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် အဝေးကွင်းအနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ချန်ပီယံလိဂ် ဒုတိယအကျော့ အခြားပွဲစဉ်တစ်ပွဲဖြစ်သော ဘာစီလိုနာနှင့် လိုင်ယွန်ပွဲတွင် ပထမအကျော့ ပြင်သစ်မြေ၌ ဂိုးမရှိသရေကျခဲ့ပြီး ဒုတိယအကျော့ စပိန်မြေတွင် အိမ်ရှင် ဘာစီလိုနာအသင်း ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။ မတ် ၁၃ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ဒုတိယအကျော့ ပွဲစဉ်ရလဒ်များဖြင့် မန်စီးတီးက ရှော်လ်ကေးကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဂျူဗင်တပ်စ်က အက်သလက်တီကို ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ အင်္ဂလန်ကလပ် လေးသင်းဖြစ်သော မန်စီးတီး၊ လီဗာပူး၊ မန်ယူနှင့် စပါးအသင်းတို့ တက်ရောက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ နောက်ပိုင်းတွင် အင်္ဂလန်အသင်း လေးသင်းစလုံး ပထမဦးဆုံးအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အခြားတက်ရောက်သည့် အသင်းများမှာ စပိန်ကလပ် ဘာစီလိုနာ၊ အီတလီကလပ် ဂျူဗင်တပ်စ်၊ ပေါ်တူဂီကလပ် ပေါ်တိုနှင့် နယ်သာလန်ကလပ် အေဂျက်အသင်းတို့ဖြစ်သည်။ ကွာတားဖိုင်နယ်သို့ အသင်းရှစ်သင်း တက်ရောက်ခဲ့ပြီး မတ် ၁၅ ရက် သောကြာနေ့တွင် ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲခွဲရွေးချယ်မည်ဖြစ်ကာ ဧပြီ ၉ရက်နှင့် ၁၀ရက်တွင် ပထမအကျော့ယှဉ်ပြိုင်မည်ဖြစ်ပြီး ဧပြီ ၁၆ ရက်နှင့် ၁၇ ရက်တွင် ဒုတိယအကျော့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **သီဟ** ■

# သီပေါမြို့နယ်၌ နေရပ်စွန့်ခွာသူများအား ဆန်နှင့် ငွေများထောက်ပံ့

**သီပေါ မတ် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အရှေ့တောင်ခြမ်းဒေသနှင့် အနောက်မြောက်ခြမ်းဒေသတို့မှ နေရပ်စွန့်ခွာလာသူများအား ကူညီပံ့ပိုးလျက်ရှိရာ ယမန်နေ့က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ခိုလှုံရေးစခန်းများသို့ သွားရောက်ကူညီပြီး အားပေးစကားပြောကြားခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်မြို့ခိုလှုံရေးစခန်း၊ တုံစင့်ခိုလှုံရေးစခန်း၊ စံဖိတ်/နားလွယ် ခိုလှုံရေးစခန်းနှင့် မြို့နယ်အတွင်းရှိ ခိုလှုံရေးစခန်း ခုနစ်ခုသို့ ဆန်နှင့် ဆေးစိမ်ခြင်ထောင်များ၊ စားသောက်ဖွယ်ရာ အသုံးအဆောင်များအပြင် ငွေကျပ် ၂၄၂၀၀၀၀ ကို ကူညီပံ့ပိုး ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# တောင်ငူမြို့တွင် ငွေကျပ် ၂၈၉၅၇ ဒသမ ၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

အမှတ်(၃)တောင်ငူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၃ ရက်နံနက်ပိုင်းက တောင်ငူမြို့ (၄)မိုင်စစ်ဆေးရေးဂိတ်တွင် ထွန်းထွန်းလင်း မောင်းနှင်ပြီး စိန်လွင်ဦး လိုက်ပါလာသည့် ဟီးနိုးအမျိုးအစားခြောက်ဘီး မော်တော်ယာဉ်ကိုစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် ပိတ်ဆို့ရှာဖွေရာ သပြေလှကျေးရွာအနီး၌ ထွန်းထွန်းလင်းအား မော်တော်ယာဉ်နှင့်အတူ တွေ့ရှိရပြီး စိန်လွင်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွား၍ မော်တော်ယာဉ်ကို ဆက်လက် စစ်ဆေးရှာဖွေရာ ကာလတန်ဖိုး ၂၈၉၅၇ ဒသမ ၅ သိန်းခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၅၂၅၀၊ ငွေကျပ် ၉၀၀၀၀နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၇)လှိုင်လင်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကာလိမြို့အမှတ်(၁)ရပ်ကွက်နေ မပါယိုင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၂ ပြား၊ ဘိန်းဖြူ ၅၁ ဂရမ်နှင့် ဘိန်းစိမ်းဂရမ် ၆၅၀ တို့ကို လည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်- မန္တလေး သွားကားလမ်း မိုင်တိုင်အမှတ်(၈၀/၄)အနီးတွင် အောင်သူရ မောင်းနှင်ပြီး ညီညီထွန်း(ခ) အောင်ကျော်ထွန်း၊ ဖြိုးကိုကိုမင်း (ခ)မိုးကြီးနှင့် မမေမြတ်နိုးတို့လိုက်ပါလာသည့် တိုယိုတာ ဟိုင်းလပ်အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၃၇၂၈ ပြားနှင့် ဖုန်းသုံးလုံး တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ထွန်းထွန်းလင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

## ဖန်းမောက်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူသုံးဦး သုံးဘီးယာဉ်ပေါ်မှပြုတ်ကျ၍ ဒဏ်ရာရ

**ဖန်းမောက် မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့အထွက်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းသူများ စီးနင်းခဲ့သောသုံးဘီးယာဉ်သည် တံခါးပွင့်၍ ပြုတ်ကျသဖြင့် ကျောင်းသူသုံးဦးနှင့် ဂိုက်ဆရာတို့တွင်ဒဏ်ရာများရရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖန်းမောက်မြို့ မြနန္ဒာရပ်ကွက်နေ မချစ်စု၊ မအေးအေးသောင်း၊ မသဲစုခိုင်တို့သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က ဖန်းမောက်မြို့မြနန္ဒာရပ်ကွက်ရှိ တော်ဝင်ဘော်ဒါဆောင်မှ ဖန်းမောက်မြို့နယ် စက်တောစာစစ်ဌာနသို့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ညီညီ(ခ)ကုလားမောင်းနှင်လာသော သုံးဘီးဆိုင်ကယ်ဖြင့် သွားရောက်ခဲ့သည်။

ထိုသို့ သွားရောက်စဉ် ဖန်းမောက်- မံစီသွားကားလမ်း၌ သုံးဘီးဆိုင်ကယ် တံခါးချိတ်ပြုတ်သွားသဖြင့် မချစ်စုပါသုံးဦးတို့မှာ ပြုတ်ကျ၍ ဒဏ်ရာများ ရရှိသဖြင့် ဖန်းမောက်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူပြီး စာမေးပွဲဆက်လက်ဖြေဆိုနိုင်ရန်အတွက် တာဝန်ရှိသူများက စက်တောစာစစ်ဌာနသို့ အချိန်မီ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖန်းမောက်မြို့ မြနန္ဒာရပ်ကွက်နေ ညီညီ(ခ)ကုလားကို ဖန်းမောက်မြို့ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**လှအောင် (ကသာ)**

## ယာဉ်များပေါ်မှ လူသုံးကုန်ပစ္စည်း ခိုးယူသူများအား ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည်ခိုးမှုပြစ်ချက်ဟောင်းရှိသည့် ဘိုဘို(ခ)ကျင်ဝှက်အား မတ်လပထမပတ်အတွင်းက ဒဂုံဆိပ်ကမ်းမြို့နယ် (၁၆၈) ရပ်ကွက် ကနောင်မင်းသားကြီး လမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများအား ဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

ဖမ်းဆီးရမိသည့် တောင်ဒဂုံမြို့နယ် ၁၄၀ ရပ်ကွက်နေ ဘိုဘို(ခ)ကျင်ဝှက် (၂၁ နှစ်)၊ (၆၅) ရပ်ကွက်နေစိုးပိုင် (၃၆ နှစ်)၊(၆၅)ရပ်ကွက်နေ အောင်ပြည့်ဖြိုး(ခ)ထော့ကျိုး (၂၉ နှစ်)၊ (၅၅)ရပ်ကွက်နေ ဝင်းနိုင်ထွန်း(ခ) ကျော်နိုင်(ခ) အီစွတ် (၃၇ နှစ်)တို့လေးဦးအား စစ်ဆေးခဲ့ရာ ၂၀၁၈ ခုနှစ် မေ၊ ဇွန်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ ဒီဇင်ဘာလများတွင် သာကေတမြို့နယ်၌ ညအိပ်ရပ်နားသော ကုန်တင်ကားပေါ်မှ ဆီပုံး ၁၀ ပုံး၊ မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်း ရပ်ထားသောယာဉ်များပေါ်မှ အဝတ်အထည်များ၊ တာမွေမြို့နယ် မအူကုန်း ရပ်ကွက်တွင် ရပ်ထားသောယာဉ်ပေါ်မှ အဝတ်အထည်များ၊ RUBY ဆေးလိပ်ဘူး ၁၅ တောင့်၊ ဆေးဘူး ၂၁ ဘူး၊ ဖိနပ်မျိုးစုံ ၄၁ ရန်၊ တောင်ဒဂုံမြို့နယ် အတွင်းရှိ အမှတ်(၂)လမ်းမဆီဆိုင် တစ်ဆိုင်အနီးတွင် ညအိပ်ရပ်ထားသော ကုန်တင်ကားပေါ်မှ ပိတ်စမျိုးစုံနှင့် ဆန်အိတ် ခြောက်အိတ်၊ ၁၇ ရပ်ကွက် အမှတ်(၂)လမ်းမဘေးတွင် ရပ်ထားသော ယာဉ်ပေါ်မှ ပဲတီစိမ်းအိတ် ၁၄အိတ်၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မင်္ဂလာဈေးအနီးတွင် ရပ်ထားသောယာဉ်များပေါ်မှ ပိတ်စအထည်များနှင့် ဖိနပ်မျိုးစုံ ၁၁၈ ရန်တို့အား ခိုးယူခဲ့ကြောင်းစစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ဘိုဘို(ခ)ကျင်ဝှက်ပါ လေးဦးအား အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅-၃-၂၀၁၉ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၉း၂၀ - "မြန်မာ့ဂုဏ်ဆောင်လိပ်မျိုးများ ထိန်းသိမ်းကြစို့အများ"
၁၀း၃၀ - လူမှုစီးပွားမြင်ကွင်းများ
၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၃၀)"သစ္စာတော်ခံ" (ဇာတ်သိမ်းပိုင်း) (ထိုက်တန်လင်း၊ သဲနော်ဇာ၊ သတ္တိ) ဒါရိုက်တာ-ဟိန်းဇော်
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၁၃)
၁၄း၁၀ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ ခင်သီတာထွန်း
၁၄း၄၅ - "မလီခမြစ်ပင်လယ်က နတ်ကျွန်းအလှသဘာဝ"

**ညပိုင်း**

၁၆း၃၅ - "သားတို့သမီးတို့ လိမ္မာယဉ်ကျေးဖို့"
၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "သွေးအိတ်ရောဂါနှင့် အသားလုံးရောဂါအကြောင်း သိကောင်းစရာ"
၁၈း၄၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကျွန်မအချစ်ဆုံးယောကျ်ား သုံးယောက်+တာတူး"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၁)(ထွန်းထွန်းဝင်း၊ ဇေယျ၊ မျိုးသန္တာထွန်း၊ ခင်သန်းနွယ်) ဒါရိုက်တာ-ကြည်စိုးထွန်း
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "မေတ္တာဖြင့် ပေးကမ်းခြင်း Gift ပြုကြရာဝယ်"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့ လင်းရောင်ခြည်"(အပိုင်း-၈)
- ပြည်သူ့နီတိ "စေတနာရေစီးကမ်းပြို"

## နမ့်ခမ်းနှင့် နန်းယွန်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် မတ် ၁၄**

နမ့်ခမ်းမြို့နယ် တာကွန့်ကျေးရွာမြောက်ဘက် လေးမိုင်ခန့်အကွာ၌ အမြင့် တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း သုံးဧကခန့်ကို မတ် ၁၃ ရက်က ပန်ဆေးနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ဇော်မျိုးမင်း ဦးစီးပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့က ခန္တီးခရိုင် နန်းယွန်းမြို့နယ် တကားကျေးရွာ၌ ဘိန်းစိုက်ခင်း စုစုပေါင်း ၂၂ ဧကခန့်ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ ကုန်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် မတ် ၁၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၇၉ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၅၉ သန်း၊ စုစုပေါင်းတားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၈၃၈ သန်းအား ဖမ်းဆီးရမိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ယာဉ်ငယ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်၊ ကျင်စက်၊ စကားပြောစက်နှင့် Used Laptops၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၇၉ သန်းအားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုသိမ်ကြီးမြို့နယ်၌ ဒယ်နီအိုးအပူလွန်ကဲပြီး မီးလောင်မှုဖြစ်

**မန္တလေး မတ် ၁၄**

ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာ ဦးဇော်မိုးလွင်၏ နှစ်ထပ်နေအိမ်၌ ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် ဟင်းချက်စဉ် အပူလွန်ကဲပြီး ဝါးထရံသို့ မီးကူးစက်လောင်ကြောင်း သိရသည်။

မီးလောင်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် အစီး ၄၀၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ မီးသတ်ရေသယ်ယာဉ် ၁၀ စီး၊ သန္ဓေမီးသတ် ၇၀၊ အရန်မီးသတ် ၁၅၀ တို့ဖြင့် သွားရောက်ငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီမိနစ် ၅၀ တွင် လုံးဝငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် မီးဘေးသင့် အိမ်ထောင်စု ၁၈ စု၊ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၇၃ ဦးတို့အား ကျေးရွာမူလတန်းကျောင်းတွင် ယာယီစခန်းဖွင့်လှစ်ထားရှိကြောင်း သိရသည်။ မီးလောင်မှုကြောင့် စုစုပေါင်း နေအိမ် ၁၈ လုံးနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ပိုင်ရှင် ဦးဇော်မိုးလွင်ကို ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ပုသိမ်ကြီးမြို့နယ်၌ မီးလောင်မှုဖြစ်သည့်နေရာအား မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများက ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

## မိုင်းဖြတ်မြို့နယ်၌ တောမီးမှတစ်ဆင့် လူနေအိမ်ခြောက်လုံး မီးလောင်

**မိုင်းဖြတ် မတ် ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ မတ် ၁၃ရက် ညနေ ၇ နာရီခန့်က နမ့်ဝိုးထောင်ကျေးရွာတွင် တောမီးလောင်ရာမှတစ်ဆင့် ကျေးရွာရှိ လူနေအိမ်ခြောက်လုံးကို မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ကြောင်း သတင်းအရ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးပြည့်၊ မြို့မ ရဲစခန်းမှ ဒုရဲအုပ် မိုးကျော်လွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခိုင်စိုးဝင်း၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မီးဘေးသင့်အိမ်ထောင်စု ခြောက်စုမှ မိသားစုဝင် ၃၁ ဦးတို့ကို အားပေးစကားများ ပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် အလှူရှင်များက စားနပ်ရိက္ခာ၊ အဝတ်အထည်များနှင့် ရေသန့်ဘူးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုးထရံကာလူနေအိမ်ခြောက်လုံး၊ စပါးတင်း ၃၆၀၊ စပါးစက်တစ်လုံးနှင့် ဆိုင်ကယ်တစ်စီးမီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာ ရရှိမှု မရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘိုးရင်း ၇၃၇ အမျိုးအစား ဂျက်လေယာဉ် ပျံသန်းမှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း အမေရိကန် သမ္မတပြော

ဝါရှင်တန် မတ် ၁၄

**အမေရိကန်နိုင်ငံထုတ် ဘိုးရင်း ၇၃၇ အမျိုးအစား ဂျက်လေယာဉ်ပျံသန်းမှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။**



ပျံသန်းမှု ရပ်ဆိုင်းထားသော အမေရိကန်နိုင်ငံထုတ် ၇၃၇ အမျိုးအစား ဘိုးရင်းလေယာဉ်။

အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တော်တွင် မကြာသေးမီက လေယာဉ်ပျက်ကျခဲ့ပြီး လူပေါင်း ၁၅၇ ဦး သေဆုံးခဲ့သည့် ဖြစ်ရပ်ဖြစ်ပွားပြီးနောက် အဆိုပါ ဂျက်လေယာဉ်ပျံသန်းမှုကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဂျက်လေယာဉ်ပျံသန်းမှု ရပ်ဆိုင်းခဲ့သည့် အထင်ကရနိုင်ငံများထဲတွင် အမေရိကန်နိုင်ငံသည် နောက်ဆုံးနိုင်ငံဖြစ်သည်။

ဘိုးရင်းကုမ္ပဏီသည် အလွန်ကောင်းမွန်သည့် ကုမ္ပဏီတစ်ခုဖြစ်သော်လည်း လူများ၏ အသက်လုံခြုံမှုသည် ထိပ်တန်းအရေးကြီး ကိစ္စဖြစ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။ ငါးလအတွင်း နှစ်ကြိမ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၅၀ နီးပါး သေဆုံးခဲ့သည့် အဆိုပါ ဘိုးရင်း ၇၃၇ မက်စ် ၈ အမျိုးအစားလေယာဉ်ပျံသန်းမှုကို ကနေဒါနိုင်ငံက မတ် ၁၂ ရက်အစောပိုင်းက ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ဂြိုဟ်တုမှ ရရှိခဲ့သည့် သတင်းအချက်အလက်များအရ ယခုတစ်ကြိမ်ပျက်ကျမှုသည် ပထမတစ်ကြိမ်ပျက်ကျမှုနှင့် ပုံစံတူဖြစ်နိုင်သည့်အတွက် ပျံသန်းမှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ကနေဒါ သယ်ယူပို့ဆောင်ရေးဝန်ကြီး မာ့စ်ဂါနေရူးက ပြောသည်။

အီသီယိုးပီးယားလေကြောင်း ခရီးစဉ်အမှတ် ၃၀၂ မပျက်ကျခင် လေယာဉ်မှူးသတင်းပို့ခဲ့သည့် ပြဿနာမျိုး မကြာသေးမီ လပိုင်းအတွင်း အမေရိကန် လေယာဉ်မှူးများလည်း ငါးကြိမ်မက သတင်းပို့ဖူးခဲ့ကြောင်း သိရသည်။

ပြည်တွင်းပြည်ပ ဖိအားများကြုံတွေ့ခဲ့ရသည့် ဘိုးရင်းကုမ္ပဏီအကြီးအကဲက စိတ်ချလုံခြုံရပါသည်ဟု ဖုန်းဆက်ပြောကြားခဲ့သည့်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါ လေယာဉ်ပျံသန်းမှုကို မရပ်ဆိုင်းဘဲ တင်းခံနေခဲ့ကြောင်း သိရသည်။ ဘိုးရင်းကုမ္ပဏီသည် အမေရိကန်သမ္မတ ထရမ့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်က ရန်ပုံငွေထည့်ဝင်လှူဒါန်းခဲ့ပြီး အမေရိကန်အစိုးရအတွက် အရေးကြီးသည့် အကျိုးဆောင် ကုမ္ပဏီတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ကင်ဂျုံနမ်အားသတ်မှုဖြင့် ဖမ်းဆီးခံထားရသည့် ဗီယက်နမ်အမျိုးသမီးအား လွှတ်ပေးရန် တောင်းဆိုမှု ပယ်ချခံရ

**ကွာလာလမ်ပူ မတ် ၁၄**

မြောက်ကိုရီးယားခေါင်းဆောင်၏ အစ်ကို ဝမ်းကွဲတော်စပ်သူ ကင်ဂျုံနမ်အား လုပ်ကြံမှုဖြင့် ဖမ်းဆီးထားသည့် ဗီယက်နမ်အမျိုးသမီးအား ချက်ချင်း လွှတ်ပေးရန် တောင်းဆိုမှုကို မလေးရှားအာဏာပိုင်များက မတ် ၁၄ ရက်တွင် ပယ်ချလိုက်ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးကဲ့သို့ပင် စွပ်စွဲခံခဲ့ရသည့် အင်ဒိုနီးရှားအမျိုးသမီးကို လွှတ်ပေးလိုက်ပြီးနောက် ရက်ပိုင်းအကြာတွင် ၎င်းအား လွှတ်ပေးရန် တောင်းဆိုမှုကို အာဏာပိုင်များက ငြင်းပယ်လိုက်ခြင်း ဖြစ်သည်။

နိုင်ငံတော်ရှေ့နေချုပ်က ဗီယက်နမ်အမျိုးသမီး ဒွံသီဟုန်ကို လွှတ်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်လိုက်ကြောင်းနှင့် ၎င်း၏အမှုကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း အစိုးရရှေ့နေတစ်ဦးက ကြေညာလိုက်ပြီးနောက်တွင် အဆိုပါအမျိုးသမီးမှာ ဝမ်းနည်းကြေကွဲစွာငိုကြွေးခဲ့သည်။ဟုန်ကိုပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ကင်ဂျုံနမ်အား ကွာလာလမ်ပူ လေဆိပ်၌ လုပ်ကြံရန် ကြံစည်ခဲ့မှုစွပ်စွဲချက်ဖြင့် ဖမ်းဆီးကာ တစ်နှစ်နှင့် ခြောက်လကြာအောင် ကြားနာစစ်ဆေးမှုလုပ်ဆောင်ခဲ့သည်။

ပြီးခဲ့သည့် တနင်္လာနေ့က အဆိုပါ လူသတ်မှုတွင် ၎င်းနှင့်အတူ တရားရင်ဆိုင်နေရသည့် အင်ဒိုနီးရှားအမျိုးသမီးအပေါ် စွပ်စွဲထားချက်များကို ပယ်ဖျက်ကာ မလေးရှားတရားရုံးက ပြန်လွှတ်ပေးခဲ့သည်။ ထိုသို့ဖြစ်ပြီးနောက် ဟုန်အား လွှတ်ပေးရန်အတွက် ၎င်း၏ ရှေ့နေများက လျှောက်လဲရန် ဗီယက်နမ်ဘက်မှ တောင်းဆိုလာခဲ့သည်။ တရားရုံး၌ ဟုန်က ၎င်းမတရားခံရကြောင်း၊ ၎င်းတွင် အပြစ်မရှိကြောင်းနှင့် မိသားစုဝင်များ အနေဖြင့် ၎င်းအတွက် ဆုတောင်းပေးစေလိုကြောင်း သတင်းထောက်များသို့ ကြေကွဲဝမ်းနည်းစွာ ပြောကြားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**


ကင်ဂျုံနမ်အား လုပ်ကြံမှုဖြင့် တရားရင်ဆိုင်နေရသည့် ဗီယက်နမ်အမျိုးသမီးကို တွေ့ရစဉ်။

# မလေးရှား၌ စွန့်ပစ်ဓာတုပစ္စည်း ညစ်ညမ်းမှုကြောင့် ပိတ်ထားရသည့်ကျောင်းပေါင်း ၁၁၁ ကျောင်းရှိလာ

**ကွာလာလမ်ပူ မတ် ၁၄**

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟွာပြည်နယ် ပါဆာဂူဒန်ဒေသတွင် ဓာတုပစ္စည်းညစ်ညမ်းမှုအခြေအနေများ ဆိုးရွားလျက်ရှိပြီး အဆိုပါဒေသရှိ စာသင်ကျောင်းပေါင်း ၁၁၁ ကျောင်းတို့ကို အကန့်အသတ်မရှိ ရပ်နားလိုက်ရကြောင်း သိရသည်။

ဂျိုဟွာပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ သတင်းအချက်အလက်များအရ ယခုကဲ့သို့ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း သိရသည်။ စာသင်ကျောင်းများ ရပ်နားထားချိန်အတွင်း သက်ဆိုင်ရာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့်ဝန်ထမ်းများ ကျောင်းသို့ လာရန်မလိုအပ်ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ဂျိုဟွာပြည်နယ်ရှိ မြစ်ရေစီးကြောင်းတစ်ခုအတွင်း စွန့်ပစ်ဓာတုပစ္စည်းများကြောင့် ညစ်ညမ်းမှုဖြစ်ပွားခဲ့သည်။ မတ်လ ၁၂ ရက်တွင် ကျောင်းသားများအပါအဝင် ဒေသခံ ၂၀၀ကျော် ကိုယ်လက် မအီမသာ ဖြစ်ပွားမှုကြောင့် ဆေးကုသမှုခံယူခဲ့ရပြီးနောက် စာသင်ကျောင်းအချို့ကို ရပ်နားရန် ဒေသအစိုးရက ကြေညာခဲ့သည်။

မတ် ၁၃ ရက်အစောပိုင်းတွင် ပညာရေးဝန်ကြီး မတ်ဇလီမာလစ်က စာသင်ကျောင်းပေါင်း ၃၄ ကျောင်းကို ရပ်နားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ လက်ရှိတွင် ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူသုံးဦးကို မလေးရှားရဲတပ်ဖွဲ့က ဖမ်းဆီးထားပြီဖြစ်ကြောင်း သိရသည်။ တရားမဝင်တာယာဟောင်းများ ပြန်လည်ပြုပြင်ရေးစက်ရုံမှ တာဝန်ရှိသူတစ်ဦးကိုလည်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး ယိုဘီယင်က ပြောသည်။

ညစ်ညမ်းမှုဖြစ်ပွားခဲ့သည့်မြစ်ရေကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် တာယာအရည်ပျော်စေသည့် ဓာတုပစ္စည်းပါဝင်လျက်ရှိကြောင်း ယိုဘီယင်က ပြောကြားခဲ့သည်။ ပဆာဂူဒန်ဒေသတွင် ရေနံ၊ဓာတု စက်မှုလုပ်ငန်းများ လုပ်ကိုင်မှုများပြားပြီး ယခုလအစောပိုင်းကလည်း တရားမဝင်ဓာတုပစ္စည်းစွန့်ပစ်မှုများကြောင့် လူထောင်ချီ ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

# ယီမင်စစ်ပွဲ၌ အမေရိကန်၏ ကူညီထောက်ပံ့မှုကိုအဆုံးသတ်ရန် ဆီးနိတ်လွှတ်တော်၌ မဲခွဲ

**ဝါရှင်တန် မတ် ၁၄**

အမေရိကန် ဆီးနိတ်လွှတ်တော်သည် သမ္မတထရမ့်၏ နိုင်ငံခြားရေးမူဝါဒနှင့် ဆော်ဒီနှင့်မဟာမိတ်ဆက်ဆံမှုကို ဝေဖန်ပြစ်တင်ခဲ့ပြီး ယီမင်၌ ဆော်ဒီဦးဆောင်သည့် စစ်ပွဲများဆင်နွှဲရန် ကြိုးပမ်းရာတွင် အမေရိကန်က ကူညီအားပေးနေမှုကို အဆုံးသတ်ရန် မတ် ၁၃ ရက်တွင် မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆီးနိတ်လွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်မှုတွင် ၅၄ မဲ ၄၆ မဲရှိခဲ့ပြီး ရီပတ်ဘလစ်ကန်အမတ် ခုနစ်ဦးက သမ္မတကို ဆန့်ကျင်ကာ ဒီမိုကရက်အဖွဲ့ဝင်များနှင့် ပူးပေါင်းခဲ့သည်။ အိမ်ဖြူတော်က ဆီးနိတ်လွှတ်တော်၏ ထိုသို့ဆောင်ရွက်မှုကို ဒေသတွင်း နှစ်နိုင်ငံဆက်ဆံရေးအား ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ဖျက်နှိမ်နင်းရာတွင် ဝါရှင်တန်၏ စွမ်းဆောင်ရည်ကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့တွင် ကျွန်ုပ်တို့သည် ကွန်ဂရက်လွှတ်တော်က ခွင့်မပြုခဲ့သည့်အပြင် ဖွဲ့စည်းပုံနှင့် ညီညွတ်မှုမရှိသည့် စစ်ပွဲတစ်ခုအတွင်း အမေရိကန်၏ ပါဝင်ပတ်သက်မှုကို အဆုံးသတ်စေခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အာဏာအား ပြုပြင်မွမ်းမံမည့်ဖြစ်စဉ် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆီးနိတ်လွှတ်တော်အမတ် ဘာနီဆန်းဒါးစ်က ပြောကြားခဲ့သည်။ ၎င်းသည် ၂၀၂၀ ပြည့်နှစ်အတွက် သမ္မတနေရာတွင် ပါဝင်ယှဉ်ပြိုင်ရန် မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နေသူဖြစ်သည်။

ယီမင်အစိုးရကို သစ္စာခံသည့် တပ်ဖွဲ့များနှင့် အီရန်မဟာမိတ်ပြုထားသည့် ဟူသီသူပုန်များအကြား ဖြစ်ပွားသည့် စစ်ပွဲအတွင်း ပြည်သူ ၁၀၀၀၀ ခန့် သေဆုံးခဲ့ပြီး သေဆုံးသူအရေအတွက် မြင့်တက်လာဖွယ်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့များက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



နော်ဝေဒုက္ခသည်ကောင်စီထံမှ လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့ပစ္စည်းများ ရရှိထားသည့် အိုးအိမ်မဲ့ ယီမင်နိုင်ငံသားတစ်ဦးကို တွေ့ရစဉ်။

# တိုင်းဒေသကြီးအဆင့် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ဆွေးနွေးပွဲကျင်းပ

**မကွေး မတ် ၁၄**

တိုင်းဒေသကြီးအဆင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မကွေးမြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ UNODC မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများသည် လူသားများ၏ ကျန်းမာရေးနှင့် အေးချမ်းစွာနေထိုင်မှုကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိပြီး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအခြေခံအုတ်မြစ်များအား လိုက်စားလာသည်ကို တွေ့ရှိရကြောင်း၊ ဘာသာရေး အစွန်းရောက် အကြမ်းဖက်မှုများမှ လူထုအကြား ဖြစ်ပွားလေ့ရှိသည့် မှုခင်းငယ်များအထိ လုံခြုံရေး နှင့် မှုခင်းဆိုင်ရာ တရားစီရင်ရေးစနစ်များမှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသလို ပြည်သူ့ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံပြီး အေးချမ်းသာယာဝပြောသော လူမှုပတ်ဝန်းကျင်ကိုပါ ထိခိုက် လာစေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တာဆီး ကာကွယ်ရေးအဖွဲ့အဆင့်ဆင့်တွင် စိတ်ဝင်စားပြီး တက်ကြွစွာ ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းများကို ပါဝင်ဖွဲ့စည်းပြီး ၎င်းတို့၏အားနှင့် လုပ်ငန်းစီမံချက်များ အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားသည်။



အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ရှင်းလင်းဆွေးနွေးပွဲကျင်းပစဉ်။

ဆက်လက်၍ ရဲမှူးကြီးအုပ်စိုးထွန်းက အမျိုးသား မူးယစ် ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ၊ ထုတ်လုပ်မှုလျှော့ချရေးကဏ္ဍနိုင်ငံ တကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးကဏ္ဍနှင့် လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယရဲမှူးကြီး ဝင်းမြင့်က မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ၊ အစားထိုးဖွံ့ဖြိုး ရေးကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ ဒေါက်တာယုယုအောင်၊ ဒေါက်တာဝင်းမာနှင့် ဒေါက်တာမောင်မောင်လွင်တို့က သက် ဆိုင်ရာ မူဝါဒကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒ ထွက်ပေါ်လာရေးအတွက် ဆောင်ရွက်ချက် မှတ်တမ်း ဗီဒီယိုကို တက်ရောက်လာသူများ၏ သိလိုသည့် ဆွေးနွေးမေးမြန်းမှုများကို တာဝန်ရှိသူတို့က ပြန်လည် ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး (ဇဖ)**

## မြန်မာ့ဂုဏ်ဆောင်ချင်းတိုင်းရင်းသား MMA ကစားသမားအား ဂုဏ်ပြု

**ဟားခါး မတ် ၁၄**

မြန်မာနိုင်ငံတွင် မတ် ၈ ရက်က ကျင်းပခဲ့သော One Championship- MMA (Mixed Martial Arts) ဘက်စုံသုံး ကိုယ်ခံပညာပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံသားကို အနိုင်ရရှိပြီး ဇာတိမြေသို့ ပြန်လည်ရောက်ရှိလာသော မြန်မာ့ဂုဏ်ဆောင် ချင်းတိုင်းရင်းသား MMA ကစားသမား “ The Dragon Leg ”ခေါ် ဆလိုင်း Tial Cung Thang အား ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းကို မတ် ၁၂ ရက်က ဟားခါးမြို့ ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြရာ အနိုင်ရ MMA ကစားသမား ဆလိုင်း Tial Cung Thang က လက်ခံခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



မြန်မာ့ဂုဏ်ဆောင်ချင်းတိုင်းရင်းသား MMA ကစားသမားအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ ချမ်းမြေ့လေးထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ ရက်က အဆိုပါ အဆောက်အအုံသစ်ရှေ့တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အလှူရှင်များက ပြည်သူ့ဆေးရုံချမ်းမြေ့ လေးထပ်ဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(အဆိုပါ ချမ်းမြေ့လေးထပ်ဆောင်သစ်သည် အလျား ၇၁ ပေ၊ အနံ ၃၅ ပေ၊ အမြင့် ပေ ၅၀ ရှိသော အာရ်စီအဆောက်အအုံ အမျိုးအစားဖြစ်ကာ မန္တလေးမြို့နေ ဦးအောင်မောင်း (ချမ်းမြေ့ပွဲရုံ) မိသားစုနှင့် ဦးကျော်ဇေယျ (ခိုင်ချမ်းမြေ့စတိုး) မိသားစုတို့က ငွေကျပ်သိန်း ၁၈၅၀နှင့် နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သိန်း ၃၅၀ စုစုပေါင်း ငွေကျပ် သိန်း ၂၂၀၀ အကုန်ကျခံကာ တည်ဆောက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။)

ထွန်းကိုကို (ယင်းမာပင်)

## နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှု ရခိုင်ပြည်နယ်ဝန်ကြီး ကြည့်ရှုစစ်ဆေး

**မာန်အောင် မတ် ၁၄**

ရခိုင်ပြည်နယ်လျှပ်စစ်၊စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ နှင့်တာဝန်ရှိသူများသည် မတ် ၁၂ ရက်က မာန်အောင်မြို့နယ်သို့ ရောက်ရှိပြီး ခအုန်းမော်ကမ်းခြေတွင် မာန်အောင် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမို ဖြန့်ဖြူးပေးနိုင်ရေးအတွက် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ် အားပေးစက်ရုံ တည်ဆောက်နေမှုနှင့် ခအုန်းမော် ကမ်း ခြေ ဇက်ဆိပ်တည်ဆောက်နိုင်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မျှော်တော်ဦးကျေးရွာ၌ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ဆောင်ရွက်လျက်ရှိသော မျှော်တော် ဦးဘုရားနှင့် ပြားကြီးကျေးရွာအကြား ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင် အခြေပြု ကျောက်စီရေထိန်းနံရံအလျား ပေ ၅၅၀ ဆောင်ရွက်နေသော လုပ်ငန်း စီမံကိန်းကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဇီးတောကျေးရွာ၌ အုန်းဆံစက်ရုံ ဆောက်လုပ်နေမှု၊ ပန်းဖဲတံတား တည် ဆောက်နေ မှု၊ မကျည်းကုန်းကျေးရွာတွင် ရေထိန်း ရေကာတာ ဆောက်လုပ်နေမှု၊ မိမ္မကြွယ်ကျေးရွာနှင့် ကအီးကျေးရွာ အကြားရှိ ဟိုတည်ဇုန် တည်ဆောက်နေမှု၊ ကမား ကျေးရွာ ပင်လယ်ကမ်းခြေ ဒီရေလှိုင်းကာ ပြုလုပ်နေမှုတို့ကို ကြည့်ရှု စစ်ဆေး သည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သိမ်ကုန်းကျေး ကျေးရွာနှင့် ဆင်နား ချောင်ကျေးရွာ ဆက်သွယ်ထားသော တံတားကို ကွန်ကရစ်တံတား တည် ဆောက်နိုင်ရန်အတွက် ကြည့်ရှုစစ်ဆေးခဲ့ သည်။

**သိန်းဇေ(ပြန်/ဆက်)**



နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ပြည်နယ်ဝန်ကြီး ကြည့်ရှုစစ်ဆေးစဉ်။

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**လွိုင်ကော် မတ် ၁၄**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ပြည် နယ်ပညာရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ယမန်နေ့က ဖရူဆိုမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ ဇီဝဗေဒ နှင့် ဘောဂဗေဒဘာသာရပ် ဖြေဆိုနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ဖရူဆိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၆၆ ဦး ဝင်ရောက်ဖြေဆိုနေမှုနှင့် အခက်အခဲများရှိပါက တင်ပြဆောင်ရွက် နိုင်ရေး အားပေးခဲ့ပြီး အထက (ခွဲ) ဟိုယာမှ ညအိပ်လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ မာခရော်ရှေ့နှင့် ထီးပေါ်ဆိုအထက (ခွဲ)မှ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် ဆေးဝါးကုသမှု ခံယူနေသည့် ကျောင်းသားအတွက် ငွေကျပ် ၅၀၀၀၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်တို့က ထောက်ပံ့ပေးအပ်ကြကြောင်း သိရ သည်။

**ကျော်စိုး**

## လွယ်ဂျယ်မြို့ သီးနှံလက်ကားအရောင်းကွင်းအား ကချင်ပြည်နယ်ဝန်ကြီး ကြည့်ရှုစစ်ဆေး

**လွယ်ဂျယ် မတ် ၁၄**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ ညီညွတ်သော မြောက်ပိုင်းတောင်သူများ၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် သီးနှံလက်ကားအရောင်းကွင်းအား ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးဝေလင်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ မတ် ၁၀ ရက်က ကြည့်ရှုစစ်ဆေးသည်။ ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည့် ဦးဟိန်းနေလင်း၊ ဦးကျားဖုနှင့် ဦးသီဟစိုးတို့က သီးနှံ လက်ကားအရောင်းကွင်းနှင့် ပတ်သက်သည့် အချက်အလက်များ၊ ယခုနှစ် ဖရဲသီးပေါ်ချိန်တွင် ရောင်းဝယ်ဖောက်ကားမှုများကို ရှင်းလင်းပြသသည်။ ဆက်လက်၍ သီးနှံလက်ကား အရောင်းကွင်းဖွင့်ပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စိုးထက်၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုး၊ လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်နှင့် တာဝန်ရှိသူများက ကုမ္ပဏီဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း (လွယ်ဂျယ်)**

# လှိုင်သာယာကျန်စစ်မင်းအိမ်ရာ တည်ဆောက်ခြင်းစီမံကိန်းပြီးစီးသောအပိုင်းမှ တိုက်ခန်းများကို ရောင်းချပေးလျက်ရှိ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရုံးမှတ်တိုင်အနီး ကျန်စစ်သားလမ်းမကြီးနံဘေးတွင် ကျန်စစ်သားအိမ်ရာစီမံကိန်းကို အပိုင်းနှစ်ပိုင်းခွဲ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဦးစီးဌာနမှ တည်ဆောက်လျက်ရှိရာ တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီးသောအပိုင်းမှ တိုက်ခန်းများကို တန်ဖိုးသင့်အိမ်ရာအဖြစ် ရောင်းချပေးလျက်ရှိသည်။

"တည်ဆောက်မှု ပြီးစီးတဲ့ ၇၀ ရာခိုင်နှုန်းထဲက အိမ်ရာတွေကို ရောင်းချပေးနေပါပြီ။ မတ် ၁၀ ရက်က ဖွင့်ပွဲပြုလုပ်ခဲ့ပါတယ်။ အိမ်ရာဝယ်ယူမယ်ဆိုရင် ပန်းဆိုးတန်းခုံးကျော်တံတားနားက ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှာ လျှောက်ထားနိုင်ပါပြီ။ ၃၀ ရာခိုင်နှုန်း ကြိုသွင်းရတာပါ။ တိုက်ခန်းပုံစံအမျိုးမျိုးရှိတဲ့အတွက် ငွေကျပ်သိန်း ၉၀ ဝန်းကျင်ကနေ ငွေကျပ်သိန်း ၅၀၀ ဝန်းကျင်နှုန်း ရှိပါတယ်။ တိုက် ၄၁ လုံး တည်ဆောက်မှုပြီးစီးတဲ့အတွက် အပိုင်း ၁ တိုက်ခန်းတွေက အခန်း ၁၉ ခန်းမှာ လူနေထိုင်နေကြပါပြီ" ဟု ကျန်စစ်မင်းအိမ်ရာဆောက်လုပ်ရေးတာဝန်ခံ ဦးစည်သူဖြိုးဝေက ပြောသည်။

အဆိုပါ တန်ဖိုးသင့်အိမ်ရာကို တည်ဆောက်ခဲ့ရာ အပိုင်း (၁) တွင် လေးခန်းတွဲ ငါးလွှာမှ ၁၂ ခန်းတွဲ ငါးလွှာအထိ အခန်းပေါင်း ၃၁၀၄ ခန်းနှင့် အပိုင်း (၂)တွင် တစ်ခန်းတွဲ လေးလွှာမှ လေးခန်းတွဲ ငါးလွှာအထိ အခန်း ၆၆၄ ခန်းကို စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ အိမ်ရာတည်ဆောက်ရေး စီမံကိန်းတွင် အပိုင်း(၁)၊ အပိုင်း(၂)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြ၊ ရေ/သန့်၊ လျှပ်စစ်၊ ဗိသုကာ၊ Structural Engineer နှင့် အင်ဂျင်နီယာများ၊ ShweLattPwint Construction& Quality Control Group၊ Inspection Engineer၊ UNO Soil Test Co.Ltd နှင့် N.E.P.S Co., Ltd-(Drainage System Design Team) တို့က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



လှိုင်သာယာ မြောက်ပိုင်း ကျန်စစ်မင်း အိမ်ရာကို တွေ့ရစဉ်။ ဓာတ်ပုံ -သန်းစိုး

အပိုင်း(၁)တွင် တာဝန်ယူတည်ဆောက်သောကုမ္ပဏီ ၁၁ ခုရှိပြီးတိုက် ၇၃လုံးနှင့် အပိုင်း ၂ တွင် ကုမ္ပဏီ ၁၈ ခုမှ တိုက် ၆၈ လုံးကို တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

လှိုင်သာယာမြို့နယ် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာကိုလည်း ထိုသို့ ၃၀ ရာခိုင်နှုန်းသွင်း၍ အရစ်ကျငွေသွင်းသောစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ပိုင်ရှင်ကိုယ်တိုင် နေထိုင်ခြင်းထက် အခန်းငှားနေထိုင်သူများသောကြောင့် အိမ်ရာတွင်နေထိုင်သူနှင့် အိမ်ငှားနေထိုင်သော လူမှုပြဿနာများအပြင် အိမ်ရာတည်တံ့ကြံ့ခိုင်ရေးနှင့် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေလျက်ရှိရာ တန်ဖိုးသင့်အိမ်ရာများတွင်လည်း အိမ်ခန်းငှားသောစနစ်ကို ဖယ်ရှားနိုင်မှသာ အိမ်ရာတစ်ခု၏ ဂုဏ်အင်္ဂါနှင့်အညီ အမှန်တကယ် နေထိုင်လိုသောပြည်သူတို့အတွက် အကျိုးရှိစေမည်ဖြစ်သည်။

ကျန်စစ်မင်း တန်ဖိုးသင့်အိမ်ရာသည် ရန်ကုန်-ညောင်တုန်းကားလမ်းမကြီးနှင့် ကျန်စစ်သားလမ်းမကြီးအနီးတွင်တည်ရှိသောကြောင့် သွားလာရေး အဆင်ပြေသောနေရာတစ်ခုဖြစ်ပြီး ၇၀ ရာခိုင်နှုန်းတည်ဆောက်ပြီးသော တိုက်ခန်းများကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။


**သန်းထိုက်**

# သက်တမ်းကုန်ကြိုးတံတားကို ဖျက်သိမ်း၍ သံမဏိသံပေါင်တံတား အစားထိုးတည်ဆောက်

**ပွင့်ဖြူ မတ် ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာကားလမ်းပေါ်ရှိ မဲဇလီကြိုးတံတားကို ဖျက်သိမ်း၍ Box Girder အမျိုးအစား သံမဏိရက်မသံပေါင်တံတား အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ကြီးကြပ်မှုဖြင့် တံတားဦးစီးဌာန တံတား တည်ဆောက်ရေးအဖွဲ့ (၃) က ဆောင်ရွက်လျက်ရှိသည်။

ယခုဖြုတ်သိမ်းလိုက်သော မဲဇလီကြိုးတံတားသည် ၂၀၀၄ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ဆောက်လုပ်ခဲ့ပြီး ၂၀၀၇ ခုနှစ်က ဖွင့်လှစ်ခဲ့သော တံတားဖြစ်သည်။ တံတားမှာ ယာဉ်တစ်စီးချင်း တန် ၆၀ ခံနိုင်ဝန်သာ တည်ဆောက်ထားသော်လည်း တန်ပိုတင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှုကြောင့် ကြိုးတံတားတွင် တပ်ဆင်ထားသော သံမဏိစတီးကြိုး၏ ခံနိုင်ရည်အားမှာ သတ်မှတ်ထားသော အချိန်ထက်စော၍ သက်တမ်းကုန်ဆုံးသွားကြောင်း သိရပြီး အဆိုပါ တံတားကို ဖြုတ်သိမ်း၍ သံမဏိရက်မသံပေါင်ဖြင့် Box Girder အမျိုးအစားကို အစားထိုးပြန်လည်တပ်ဆင်သွားမည်ဟု သိရသည်။



ကြိုးတံတားကို ဖျက်သိမ်းပြီး သံမဏိသံပေါင်တံတား အစားထိုးတည်ဆောက်မည့်နေရာကို တွေ့ရစဉ်။

ယခုအစားထိုးတည်ဆောက်မည့် တံတားအမျိုးအစားမှာ (1.2) မီတာလွှန်တူးပိုင် အုတ်မြစ်တံတားဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်၊ တံတားအပေါ်ထည်မှာ သံမဏိရက်မသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ချဉ်းကပ်တံတား ယခင်ရှိပြီး အကျယ်ပေ ၂၀၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေ ခြောက်လက်မ တံတား အရှည်မှာ ဖျက်သိမ်းခဲ့သည့် ပင်မကြိုးတံတား အရှည်ပေ ၄၀၀၊ ယခင်တည်ဆောက်ထားသည့် ချဉ်းကပ်တံတား ပေ ၅၄၀ ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀၊ ခန့်မှန်းစီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်း ၂၅၀၀ ခန့်မှန်းထားပြီး ဇွန် ၃၀ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်း - စိုးမြင့်**

# ဂန္ထဝင်စာရေးဆရာကြီး သခင်မြသန်း ဂုဏ်ပြုစာတမ်းဖတ်ပွဲ ရန်ကုန်စာအုပ်လမ်း၌ ပြုလုပ်မည်

**ရန်ကုန် မတ် ၁၄**

စနေ၊ တနင်္ဂနွေ အပတ်စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိနေသော ရန်ကုန်မြို့ သိမ်ဖြူလမ်း (ဝန်ကြီးများရုံးဟောင်းရှေ့) ရန်ကုန်စာအုပ်လမ်း၌ ယခုအပတ် မတ် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီမှ စတင်၍ ဂန္ထဝင်စာရေးဆရာကြီးသခင်မြသန်းကို ဂုဏ်ပြုသောအားဖြင့် နာမည်ကျော်ကဗျာဆရာကြီးများက စာတမ်းများဖတ်ကြားသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲကို ပြုံးစာပေမှ ဦးဆောင်ကျင်းပသွားမည်ဖြစ်ပြီး ပွဲလာပရိတ်သတ်များကို ပြုံးစာပေမှထုတ်ဝေသော ဆရာကြီးသခင်မြသန်း၏ နာမည်ကျော်ဝတ္ထုတစ်အုပ်ဖြစ်သည့် "ရောဝတီ"စာအုပ်ကို မေတ္တာဖြင့် ပေးသွားမည်ဖြစ်ကြောင်း ထုတ်ဝေသူ ဒေါ်ပြုံးပြုံးခင်က ပြောသည်။

စာတမ်းဖတ်ပွဲတွင် ကဗျာဆရာသူရဇော်က "ရောဝတီဝတ္ထုဇာတ်လမ်းနှင့် ပြည်တွင်းစစ်"၊ ကဗျာဆရာမောင်သွေးသစ်က "ဆရာကြီးသခင်မြသန်းနှင့် ၎င်း၏ နာမည်ကျော်ဝတ္ထုတစ်အုပ်ဖြစ်သည့် မမိုးစွေဝတ္ထု" အကြောင်းတို့ကို ဖတ်ကြားသွားမည့်အပြင် ဆရာမကြီးရွှေကူမေနှင်းနှင့် ဆရာကြီး၏သား ဆရာစည်သူမြသန်းတို့ကလည်း အားဖြည့်ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၃-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၆၅ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၈၀ ကျပ် | ၈၁၅/၈၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၇၀ ကျပ် | ၈၉၀/၉၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၉ · ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၁ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ · ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၃၄ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၉ · ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၀ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ · ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၈၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ · ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၀၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၂၀၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## ပရီမီယာလိဂ်ပွဲစဉ် (၃၁)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၁၆-၃-၁၉ |
| ဘုန်းမောက် | - | ကာဆယ် | ည ၉း၃၀ |
| ဘန်လေ | - | လက်စတာ | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| တနင်္ဂနွေနေ့ | | | ၁၇-၃-၁၉ |
| ဖူလ်ဟမ် | - | လီဗာပူး | ည ၈း၄၅ |
| အဲဗာတန် | - | ချယ်လ်ဆီး | ည ၁၁း၀၀ |

## အက်ဖ်အေဖလားကွာတား

| | | | |
|---|---|---|---|
| စနေနေ့ | | | ၁၆-၃-၁၉ |
| ဝက်ဖို့ဒ် | - | ပဲလေ့စ် | ည ၆း၄၅ |
| ဆွမ်ဆီး | - | မန်စီးတီး | ည ၁၁း၅၀ |
| ဝုဖ် | - | မန်ယူ | နံနက် ၂း၂၅ |
| တနင်္ဂနွေနေ့ | | | ၁၇-၃-၁၉ |
| မီလ်ဝေါလ် | - | ဘရိုက်တန် | ည ၈း၃၀ |

## လာလီဂါပွဲစဉ် (၂၈)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၁၅-၃-၁၉ |
| ဆိုစီဒက်စ် | - | လီဗန်တေး | နံနက် ၂း၃၀ |
| စနေနေ့ | | | ၁၆-၃-၁၉ |
| ဝက်စ်ကာ | - | အလာဗက်စ် | ည ၆း၃၀ |
| ရီးရဲ | - | ဆယ်တာဗီဂို | ည ၉း၄၅ |
| ဘီဘာအို | - | အက်သလက် | နံနက် ၀၀း၀၀ |
| လီဂါနက်စ် | - | ဂျီရိုနာ | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၁၇-၃-၁၉ |
| အီဘာ | - | ဗယ်လာဒိုလစ် | ည ၅း၃၀ |
| အက်စ်ပန်ညို | - | ဆီဗီလာ | ည ၉း၄၅ |
| ဗလင်စီယာ | - | ဂီတာဖေး | နံနက် ၀၀း၀၀ |
| ဗီလာရီးရဲ | - | ဗယ်လက်ကာနို | နံနက် ၀၀း၀၀ |
| ဘက်တစ် | - | ဘာစီလိုနာ | နံနက် ၂း၁၅ |

## စီးရီးအေပွဲစဉ် (၂၈)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၁၅-၃-၁၉ |
| ကယ်ဂလီယာရီ | - | ဖီအိုရင်တီးနား | နံနက် ၂း၀၀ |
| စနေနေ့ | | | ၁၆-၃-၁၉ |
| ဆက်ဆူအိုလို | - | ဆမ်ဒိုရီးယား | ည ၈း၃၀ |
| SPAL | - | ရိုးမား | ည ၁၁း၃၀ |
| တိုရီနို | - | ဘိုလော့ဂ်နာ | နံနက် ၂း၀၀ |
| တနင်္ဂနွေနေ့ | | | ၁၇-၃-၁၉ |
| ဂျီနိုအာ | - | ဂျူဗင်တပ်စ် | ည ၆း၀၀ |
| အတ္တလန္တာ | - | ချီယေဗို | ည ၈း၃၀ |
| အမ်ပိုလီ | - | ဖရိုစီနိုနီ | ည ၈း၃၀ |
| လာဇီယို | - | ပါးမား | ည ၈း၃၀ |
| နာပိုလီ | - | အူဒီးနိစ် | ည ၁၁း၃၀ |
| မီလန် | - | အင်တာ | နံနက် ၂း၀၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၉)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၁၅-၃-၁၉ |
| နိုက်စ် | - | တူးလောက်စ် | နံနက် ၀၀း၃၀ |
| လိုင်လီ | - | မိုနာကို | နံနက် ၂း၁၅ |
| စနေနေ့ | | | ၁၆-၃-၁၉ |
| လိုင်ယွန် | - | မောင့်ပယ်လီယာ | ည ၁၀း၃၀ |
| အန်ဂျာ | - | အာမီယန် | နံနက် ၁း၃၀ |
| ကိန်း | - | စိန့်အေတီယန် | နံနက် ၁း၃၀ |
| ဂူအင်ဂမ့် | - | ဒီဂျွန် | နံနက် ၁း၃၀ |
| နီမက်စ် | - | စထရက်ဘော့ခ်ျ | နံနက် ၁း၃၀ |
| တနင်္ဂနွေနေ့ | | | ၁၇-၃-၁၉ |
| ရိမ်းစ် | - | နန့်စ် | ည ၈း၃၀ |
| ဘော်ဒိုး | - | ရိန်းနက်စ် | ည ၁၀း၃၀ |
| ပီအက်စ်ဂျီ | - | မာဆေး | နံနက် ၂း၃၀ |

## ဘွန်ဒက်လီဂါပွဲစဉ် (၂၆)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၁၅-၃-၁၉ |
| ဂလာဘတ်ချ် | - | ဖရိုင်းဘတ် | နံနက် ၂း၀၀ |

# နိုင်ပွဲပြန်လည်ရှာဖွေသွားမယ့် ချယ်လ်ဆီး



● ဝေမိုးဆက်

ဒီတစ်ပတ်ပရီမီယာလိဂ်ပွဲစဉ် ၃၁ မှာတော့ အက်ဖ်အေဖလားပွဲတွေကြောင့် ပွဲစဉ်အချို့ကို ရွှေ့ဆိုင်းထားပြီး ငါးပွဲတည်းသာကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါ ငါးပွဲထဲမှာ ချယ်လ်ဆီးအနေနဲ့ အဲဗာတန်ရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားရမယ့်ပွဲ ပါဝင်နေပါတယ်။ ချယ်လ်ဆီးအနေနဲ့ ပွဲစဉ် ၃၀ မှာ နိုင်ပွဲမရခဲ့လို့ ဒီပွဲစဉ်မှာနိုင်ပွဲပြန်ရမလားဆို တာစောင့်ကြည့်ရပါလိမ့်မယ်။

### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| အဂူရို | မန်စီးတီး | ၁၈ |
| အူဘာမီယန် | အာဆင်နယ် | ၁၇ |
| ဟယ်ရီကိန်း | စပါး | ၁၇ |

### ဘုန်းမောက် Vs ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၂-၁ ဘုန်းမောက်

ကာဆယ်က အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်ပြီး အဲဗာတန်ကိုတောင် အနိုင်ရခဲ့ပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းကျဆင်းတတ်ပါတယ်။ ဘုန်းမောက်ကတော့ အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်သလို လက်ရှိခြေစွမ်းပိုင်းလည်း ထက်မြက်မှုရှိတာကြောင့် ဒီပွဲမှာကာဆယ်တို့ ရုန်းကန်ရနိုင်ပါတယ်။ ကာဆယ်အမြင့်ဆုံးသရေလောက်ပဲရမယ်။

### ဘန်လေ Vs လက်စတာ

ပထမအကျော့ရလဒ် - လက်စတာ ၀-၀ ဘန်လေ

ရော်ဂျာစ်လက်ထက်မှာ နိုင်ပွဲစရခဲ့ပြီဖြစ်တဲ့ လက်စတာတို့ ဒီပွဲမှာလည်း နိုင်ပွဲဆက်နိုင်အောင် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘန်လေကတော့ အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းက အနည်းငယ်ပြန်လည်ကျဆင်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဘန်လေတို့အခက်တွေ့နိုင်ကာ အမြင့်ဆုံး သရေလောက်ပဲရမယ်။

### ဖူလ်ဟမ် Vs လီဗာပူး

ပထမအကျော့ရလဒ် - လီဗာပူး ၂-၀ ဖူလ်ဟမ်

လက်ရှိအချိန်မှာ လီဗာပူးရဲ့ခြေစွမ်းပိုင်းအနည်းငယ်အားနည်းနေကာ အဝေးကွင်းမှာလည်း ခြေစွမ်းနဲ့ တိုက်စစ်ပိုင်းကျဆင်းမှုရှိတတ်ပေမယ့် အခုရင်ဆိုင်ရမယ့်ဖူလ်ဟမ်ကလည်း ခြေစွမ်းပိုင်းအားနည်းလွန်းတယ်။ ဖူလ်ဟမ်ရဲ့ ခံစစ်ပိုင်းက တည်ငြိမ်ကျစ်လျစ်မှု မရှိတာကြောင့် လီဗာပူးရဲ့ တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ပါတယ်။ လီဗာပူးဂိုးပြတ် အနိုင်ပါ။

### ဝက်စ်ဟမ်း Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၁-၁ ဝက်စ်ဟမ်း

ဟတ်ဒါဖီးလ်က လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းအားနည်းမှုတွေ များနေတယ်။ အိမ်ကွင်းမှာရော အဝေးကွင်းမှာပါ စွမ်းဆောင်ရည်မတည်ငြိမ်ပါဘူး။ ဝက်စ်ဟမ်းက ခြေမငြိမ်ပေမယ့်လည်း အိမ်ကွင်းပွဲတွေမှာ စွမ်းဆောင်ရည်ထက်မြက်တတ်တယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဝက်စ်ဟမ်းကိုသာ နှစ်သက်မိပါတယ်။

### အဲဗာတန် Vs ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၀-၀ အဲဗာတန်

အဲဗာတန်က လက်ရှိအချိန်မှာခြေစွမ်းမဆိုးဘူးလို့ ပြောနိုင်ပါတယ်။ ကာဆယ်ကိုအရေးနိမ့်ခဲ့ပေမယ့်လည်း တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ထက်မြက်ခဲ့ပြီး အပြန်အလှန်တုံ့ပြန်နိုင်ခဲ့တာတွေ့ရပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့်လည်း အဲဗာတန်တို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းမှာ ကစားခဲ့တဲ့ နောက်ဆုံး ငါးပွဲမှာလည်းနှစ်ပွဲသာအရေးနိမ့်ခဲ့ပြီး အဆိုပါနှစ်ပွဲအနက်တစ်ပွဲကမန်စီးတီးကို အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် မျှော်လင့်ချက်ရှိနေတာကြောင့် ဒီပွဲမှာ အမှားခံမှာမဟုတ်ပါဘူး။ အထူးသဖြင့် ပွဲစဉ် ၃၀ မှာ ချယ်လ်ဆီးတို့နိုင်ပွဲမရခဲ့တာကြောင့် ဒီပွဲမှာ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာ ဖြစ်သလို ဒီပွဲစဉ်မှာ မန်ယူ၊ အာဆင်နယ်တို့ပွဲတွေ မကစားရဘဲ ပွဲရွှေ့ထားရတာကြောင့် ချယ်လ်ဆီးတို့ နိုင်ပွဲရယူထားပြီး ဖိအားပေးနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ချယ်လ်ဆီးအနေနဲ့ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်သလို အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းအနည်းငယ် ကျဆင်းတတ်ပေမယ့်လည်း ဒီပွဲမှာတော့နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

# တိုက်စစ်မှူး နေမာ ဝေဖန်မှုနှင့်ပတ်သက်၍ ယူအီးအက်ဖ်အေ စစ်ဆေးမှုများပြုလုပ်

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး နေမာသည် ပီအက်စ်ဂျီအသင်းက အိမ်ကွင်း၌ မန်ယူအသင်းအား လက်ခံကစားခဲ့သော ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲတွင် တာဝန်ယူခဲ့သူ ဒိုင်လူကြီးများအား ပြစ်တင်ဝေဖန်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒဏ်ရာပြဿနာကြောင့် ဘောလုံးကစားခြင်းမှ အနားယူနေရသူ ဘရာဇီးတိုက်စစ်မှူး နေမာသည် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ထပ်ဆောင်းအချိန်ပို၌ မန်ယူအသင်းအား ပယ်နယ်တီကန်ခွင့်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ လူမှုရေးစာမျက်နှာတွင် ဒိုင်လူကြီးများအား ပြစ်တင်သည့်စာရေးသားခဲ့ခြင်းကြောင့် ယခုကဲ့သို့ အရေးယူခံရမည့် အခြေအနေနှင့် ကြုံတွေ့နေရခြင်း ဖြစ်သည်။ အဆိုပါပွဲတွင် မန်ယူကစားသမား ဒါလော့၏ အဝေးကန်ချက်အား ပီအက်စ်ဂျီကစားသမား ကမ်ပမ်ဘီက ဂိုးရေိယာအတွင်း ကာကွယ်စဉ် လက်ဖြင့် ထိသွားခဲ့ခြင်းဖြစ်ပြီး ကွင်းလယ်ဒိုင်က ရုပ်သံမှတ်တမ်း ပြန်လည်ကြည့်ရှုကာ မန်ယူအသင်းအား ပယ်နယ်တီ ကန်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ပင်နယ်တီကန်ခွင့် သတ်မှတ်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ တိုက်စစ်မှူး နေမာက "စိတ်ပျက်စရာပါပဲ။ ရုပ်သံမှတ်တမ်းပြန်လည်ကြည့်ရှုတဲ့နေရာရဲ့ရှေ့မှာ ဘောလုံးအကြောင်း ဘာမှနားမလည်သူတွေက အနှေးပြကွက်ကို ပြန်လည်ကြည့်ရှုခဲ့ကြတယ်။ ဘောလုံးက ကမ်ပမ်ဘီရဲ့ကျောဘက်ကို လာရောက်ထိမှန်ချိန်မှာ ဘယ်လိုလုပ်ပြီး လက်ထိဘောဖြစ်နိုင်မှာလဲ"ဟု ရေးသားခဲ့ခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေ တာဝန်ရှိသူများက တိုက်စစ်မှူး နေမာ၏ လူမှုရေးစာမျက်နှာတွင် ရေးသားချက်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်ဟုဆိုသည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် မန်ယူအသင်းအား နှစ်ကျော့ပေါင်း သုံးဂိုးစီ သရေကစားနိုင်ခဲ့သော်လည်း အဝေးဂိုးစည်းမျဉ်းအရ ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သောကြောင့် တိုက်စစ်မှူး နေမာအား ယူအီးအက်ဖ်အေမှ ချန်ပီယံလိဂ် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့မည်ဆိုပါက တိုက်စစ်မှူး နေမာသည် လာမည့် ၂၀၁၉-၂၀၂၀ ပြည့်နှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်း၏ ချန်ပီယံလိဂ် အုပ်စုပွဲ သုံးပွဲကို လွဲချော်ရမည်ဖြစ်သည်။



ပီအက်စ်ဂျီအသင်းသည် ယခုနှစ် ပြင်သစ်ပထမတန်းပြိုင်ပွဲ၌ ၂၇ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၇၄ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေကာ ၂၈ ပွဲ ကစားထားပြီး ဒုတိယနေရာတွင် ရပ်တည်နေသည့် လိုင်လီအသင်းထက် ရမှတ် ၁၇ မှတ် အသာစီးရရှိထားသည်။ ။

**ထက်အောင်**

**စံချိန်ဆိုတာဟာ ရော်နယ်ဒိုရဲ့ လက်ထဲမှာတော့ အမြဲတမ်းဆုပ်ကိုင်ထားတဲ့အရာလို့တောင် ပြောရမယ်။ ကစားသမားဘဝတစ်လျှောက် တလက်လက်တောက်ပနေခဲ့တဲ့ ရော်နယ်ဒိုအတွက်တော့ သူဖြတ်သန်းခဲ့တဲ့နေရာတိုင်းမှာတော့ အမှတ်တရတွေနဲ့အတူ စံချိန်ကောင်းတွေကို စိုက်ထူထားနိုင်ခဲ့တဲ့သူလို့ ပြောရမယ်။ အသက် ၃၄ နှစ်ရှိပြီဖြစ်တဲ့ ရော်နယ်ဒိုဟာ လက်ရှိအချိန်မှာတော့ ဂျူဗင်တပ်စ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ကစားရင်းသမိုင်း မှတ်တိုင်တွေကို စိုက်ထူထားနိုင်ဆဲလို့ ပြောရမယ်။**




# ချန်ပီယံလိဂ်သမိုင်းရဲ့ အကောင်းဆုံးကစားသမား

သို့မဟုတ်

# ရော်နယ်ဒို

သူ့ရဲ့ကြိုးစားမှုတွေနဲ့အတူ မန်ယူ၊ ရီးရဲနဲ့ လက်ရှိဂျူဗင်တပ်စ်အသင်းတို့ကလည်း ချန်ပီယံလိဂ်မှာ ရလဒ်တွေကောင်းနေခဲ့တယ်လို့ပြောရမယ်။ ပြီးခဲ့တဲ့ရက်က အက်သလက်တီကိုအသင်းကို ပထမအကျော့မှာ နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး ဒုတိယအကျော့ သုံးဂိုး-ဂိုးမရှိနဲ့အနိုင်ရရှိခဲ့တဲ့ ဂျူဗင်တပ်ရဲ့ရလဒ်ဟာ ရော်နယ်ဒိုရဲ့ ဟက်ထရစ်ကြောင့်လို့ ပြောရမယ်။ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ရော်နယ်ဒိုရဲ့ကြိုးစားမှုနဲ့အတူ အခုတော့ ကွာတားဖိုင်နယ်ကို တက်ရောက်သွားခဲ့ပြီ။ ဒါကြောင့် ရော်နယ်ဒိုရဲ့ ချိုးဖြတ်ဖို့သိပ်မလွယ်တဲ့ ချန်ပီယံလိဂ်စံချိန်တွေကို တင်ပြလိုက်ပါတယ်။

### ချန်ပီယံလိဂ်ရဲ့ သွင်းဂိုးအများဆုံးစံချိန်

ရော်နယ်ဒိုဟာ ချန်ပီယံလိဂ်ပြိုင်ပွဲပေါင်း ၁၆၀ ပါဝင်ကစားထားပြီး သွင်းဂိုးစုစုပေါင်းက ၁၂၄ ဂိုးရှိသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါကိုအချိုးချကြည့်မယ်ဆိုရင်တော့ သူ့ရဲ့ဂိုးသွင်းနှုန်းဟာ ၀ ဒသမ ၇၈ ရာခိုင်နှုန်းရှိပါတယ်။ လက်ရှိအချိန်မှာ သူ့ရဲ့ချန်ပီယံလိဂ်သွင်းဂိုးစံချိန်ကို လိုက်မီနိုင်တဲ့ကစားသမား မရှိသေးပါဘူး။ ဒုတိယနေရာမှာရှိနေတဲ့ မက်ဆီရဲ့ သွင်းဂိုးက ၁၀၆ ဂိုးသာရှိပြီး ရော်နယ်ဒိုရဲ့ သွင်းဂိုးစံချိန်ကို လိုက်မီဖို့ ၁၈ ဂိုးလိုနေပါသေးတယ်။ ရော်နယ်ဒိုရဲ့နောက်ထပ်စံချိန်တစ်ခုကတော့ ရှုံးထွက်အဆင့်မှာ ၆၃ ဂိုး သွင်းယူထားနိုင်တဲ့စံချိန်ဖြစ်ပါတယ်။

### ဖန်တီးမှုအများဆုံးစံချိန်

ရော်နယ်ဒိုဟာ ဂိုးသွင်းကောင်းတဲ့ကစားသမားတစ်ဦးသာမက အသင်းဖော်တွေ ဂိုးရအောင် ဖန်တီးပေးနိုင်မှု အားကောင်းတဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ရော်နယ်ဒိုဟာ ချန်ပီယံလိဂ်သမိုင်းမှာ ဂိုးရရှိအောင် ပံ့ပိုးပေးနိုင်မှုဟာ ၄၄ ကြိမ်ရှိနေပြီဖြစ်ပြီး လက်ရှိအချိန်မှာတော့ ဖန်တီးနိုင်မှုအများဆုံး ကစားသမားအဖြစ် ထိပ်ဆုံးမှာရပ်တည်နေတာ ဖြစ်ပါတယ်။

**ရော်နယ်ဒိုဟာ ချန်ပီယံလိဂ်ပြိုင်ပွဲပေါင်း ၁၆၀ ပါဝင်ကစားထားပြီး သွင်းဂိုးစုစုပေါင်းက ၁၂၄ ဂိုး ရှိသွားခဲ့ပြီဖြစ်ပါတယ်။ ဒါကိုအချိုးချကြည့်မယ်ဆိုရင်တော့ သူ့ရဲ့ဂိုးသွင်းနှုန်းဟာ ၀ ဒသမ ၇၈ ရာ ခိုင်နှုန်းရှိပါတယ်။ လက်ရှိအချိန်မှာ သူ့ရဲ့ချန်ပီယံလိဂ်သွင်းဂိုးစံချိန်ကို လိုက်မီနိုင်တဲ့ကစားသမား မရှိသေးပါဘူး။**

### ဟက်ထရစ်သွင်းဂိုးစံချိန်

ပြီးခဲ့တဲ့စက်တင်ဘာတုန်းက ဘာစီလိုနာတိုက်စစ်မှူးမက်ဆီဟာ အိုင်ဟိုဗင့်အသင်းနဲ့ ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာတော့ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အဲဒီဟက်ထရစ်ဂိုးဟာ မက်ဆီရဲ့ ချန်ပီယံလိဂ်သမိုင်းမှာတော့ စံချိန်တင် ရှစ်ကြိမ်မြောက်ဟက်ထရစ်ဂိုး ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း သူဟာ ရော်နယ်ဒိုရဲ့ ခုနစ်ကြိမ်မြောက် ချန်ပီယံလိဂ်ဟတ်ထရစ်စံချိန်ကို ဖြတ်ကျော်သွားခဲ့ပါတယ်။ အခုတော့ ရော်နယ်ဒိုက အက်သလက်တီကိုအသင်းကို နိုင်ခဲ့တဲ့ပွဲမှာတော့ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် မက်ဆီစံချိန်တင်ထားတဲ့ ရှစ်ကြိမ်မြောက် ချန်ပီယံလိဂ်ဟက်ထရစ်ဂိုးစံချိန်နဲ့တူညီသွားခဲ့ပြီ ဖြစ်ပါတယ်။

### ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲ သုံးကြိမ်စလုံး ဂိုးသွင်းယူနိုင်တဲ့စံချိန်

ရော်နယ်ဒိုဟာ မန်ယူအသင်းကစားသမားဘဝနဲ့ ၂၀၀၈ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာတော့ ဂိုးသွင်းယူခဲ့ပါတယ်။ ဒုတိယအကြိမ်ကတော့ ၂၀၁၅-၂၀၁၆ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာဖြစ်ပြီး အက်သလက်တီကိုအသင်းနဲ့ကစားခဲ့တဲ့ပွဲမှာ ဖြစ်ပါတယ်။ တတိယအကြိမ်ကတော့ ရီးရဲမက်ဒရစ် ကစားသမားဘဝမှာဖြစ်ပြီး ၂၀၁၆-၁၇ ဂျူဗင်တပ်စ်အသင်းကို နိုင်ခဲ့တဲ့ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိချန်ပီယံလိဂ်ဘောလုံးသမိုင်းမှာတော့ နောက်ဆုံးဗိုလ်လုပွဲ သုံးပွဲ ဆက်တိုက်ဂိုးသွင်းယူနိုင်သူက ရော်နယ်ဒိုတစ်ဦးတည်းသာရှိသေးတယ်လို့ ပြောရမှာပါ။

### အုပ်စုပွဲအားလုံးဂိုးသွင်းယူနိုင်တဲ့ စံချိန်

ရီးရဲမက်ဒရစ်အသင်းဟာ ၂၀၁၇-၂၀၁၈ ရာသီမှာတော့ အုပ်စုပွဲစဉ်မှာ စပါး၊ ဒေါ့မွန်၊ အေပိုးလ်အသင်းတွေနဲ့ ယှဉ်ပြိုင်ခဲ့ရပါတယ်။ ရော်နယ်ဒိုဟာ အဲဒီအုပ်စုပွဲစဉ်ဖြစ်တဲ့ ခြောက်ပွဲလုံးမှာ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါဟာ ချန်ပီယံလိဂ်သမိုင်းမှာတော့ တစ်ကြိမ်တစ်ခါမှထွက်ပေါ်ဖူးခြင်းမရှိသေးတဲ့စံချိန်လည်း ဖြစ်ပါတယ်။

### ချန်ပီယံလိဂ်တစ်ရာသီအတွင်း ဂိုးသွင်းအများဆုံး စံချိန်

တိုက်စစ်မှူးရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်အသင်းနဲ့အတွက် ၁၀ ကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားရယူပေးနိုင်ခဲ့တဲ့ ၂၀၁၃-၁၄ ရာသီမှာဆိုရင်သူ့ရဲ့ချန်ပီယံလိဂ်တစ်ရာသီအတွင်း သွင်းဂိုးစုစုပေါင်းဟာ ၁၇ ဂိုးအထိ ရှိခဲ့ပါတယ်။ ဒီစံချိန်ကို လက်ရှိအချိန်အထိ လိုက်မီနိုင်တဲ့ တိုက်စစ်မှူး မရှိသေးပါဘူး။ ဒါကြောင့်လည်း သူဟာ ချန်ပီယံလိဂ်သမိုင်းမှာ တစ်ရာသီအတွင်း သွင်းဂိုးအများဆုံးကစားသမားအဖြစ် စံချိန်တင်ခဲ့တာ ဖြစ်ပါတယ်။

### ချန်ပီယံလိဂ်ဆုဖလားအများဆုံး ရယူထားနိုင်တဲ့စံချိန်

ယူအီးအက်ဖ်အေက ၁၉၉၂ ခုနှစ်မှာတော့ ဥရောပဖလားကို ချန်ပီယံလိဂ်ဆုဖလားအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ အဲဒီလို ပြောင်းလဲသတ်မှတ်ခဲ့ပြီးနောက်ပိုင်း ရော်နယ်ဒိုဟာ ချန်ပီယံလိဂ်ဆုဖလားကို ငါးကြိမ်မြောက်ရယူထားနိုင်ခဲ့တဲ့ ပထမဦးဆုံး ကစားသမားအဖြစ် စံချိန်တင်ထားတာလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ရော်နယ်ဒိုရဲ့အသက်ဟာ ၃၄ နှစ်ရှိပေမယ့် ဂျူဗင်တပ်စ်အသင်းနဲ့အတူ နောက်ထပ် ချန်ပီယံလိဂ်ဆုဖလားကို ရယူဦးမလားဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာပါ။ ။

**အောင်က**

---

## အက်သလက်တီကိုနှင့်ပွဲမှ အောင်ပွဲခံပုံစံကြောင့် ရော်နယ်ဒို ပြစ်ဒဏ်ချခံရဖွယ်ရှိနေ

ပြီးခဲ့သည့် မတ်လ ၁၃ ရက်တွင် ဂျူဗင်တပ်စ်အသင်းက အက်သလက်တီကိုအသင်းကို အိမ်ကွင်း၌ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် အောင်ပွဲခံခဲ့သည့်ပုံစံကြောင့် ဂျူဗင်တပ်စ်အသင်း တိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုအား ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) မှ အရေးယူမှု ပြုလုပ်ဖွယ်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။



ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် အဆိုပါပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့ပြီးနောက် ပထမအကျော့ပွဲအပြီးတွင် အက်သလက်တီကိုအသင်း နည်းပြ ဒီယေဂိုဆင်မွန်နီ အောင်ပွဲခံခဲ့သည့်ဟန်အမူအယာအတိုင်း ပြုလုပ်အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေမှ တာဝန်ရှိသူများက နည်းပြ ဆင်မွန်နီအား ၎င်း၏ အောင်ပွဲခံသည့် အမူအယာကြောင့် ဒဏ်ငွေအဖြစ် ပေါင် ၁၇၁၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယခုအခါ တိုက်စစ်ကစားသမား ရော်နယ်ဒိုသည်လည်း နည်းပြ ဆင်မွန်နီ၏ ပုံစံအတိုင်း ပြုလုပ်အောင်ပွဲခံခဲ့ခြင်းကြောင့် ယူအီးအက်ဖ်အေတာဝန်ရှိသူများက ရော်နယ်ဒိုအား နည်းပြ ဆင်မွန်နီအပေါ် ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်အလားတူ ပြစ်ဒဏ်ချမှတ်သွားဖွယ်ရှိနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

အက်သလက်တီကိုအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲအဖြစ် ဂျူဗင်တပ်စ်အသင်းအား အိမ်ကွင်းတွင် လက်ခံကစားခဲ့စဉ်က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယအကျော့ပွဲတွင် ရော်နယ်ဒို၏ ဟက်ထရစ်သွင်းဂိုးများကြောင့် နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ရီးရဲမက်ဒရစ်နှင့် မန်ယူကစားသမားဟောင်း ရော်နယ်ဒို၏ အက်သလက်တီကိုအသင်းနှင့်ပွဲတွင် သွင်းယူခဲ့သော ဟက်ထရစ်က ၎င်း၏ ကစားသမားသက်တမ်းအတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ရှစ်ကြိမ်မြောက် သွင်းယူနိုင်ခဲ့သည့် ဟက်ထရစ်ဖြစ်ကာ ချန်ပီယံလိဂ်သမိုင်းကြောင်းတစ်လျှောက် ဟက်ထရစ်အများဆုံး သွင်းယူနိုင်သည့် ကစားသမားများစာရင်းတွင် ဘာစီလိုနာကစားသမား လီယွန်နယ်မက်ဆီနှင့်အတူ ထိပ်ဆုံးတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။ တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအတွက် စုစုပေါင်း ၃၆ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၂၄ ဂိုး သွင်းယူပေးထားသူဖြစ်သည်။

**ထက်အောင်**

---

## ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်း အောင်ပွဲခံနိုင်မည့် အခြေအနေရှိသည်ဟု ဂိုးသမား အလီဆွန် ယုံကြည်ထား




လီဗာပူးအသင်းအနေဖြင့် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်ပွဲခံနိုင်ရန် ပြီးပြည့်စုံမှုရှိနေသည်ဟု ယုံကြည်ကြောင်း လီဗာပူးအသင်းဂိုးသမား အလီဆွန်ဘက်ကာက ထုတ်ဖော်ပြောဆိုလိုက်သည်။

လီဗာပူးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲတွင် ပထမအကျော့၌ ဘိုင်ယန်မြူးနစ်အသင်းအား အိမ်ကွင်းတွင် လက်ခံကစားခဲ့စဉ်က ဂိုးမရှိသရေသာ ကစားနိုင်ခဲ့သော်လည်း ဒုတိယ အကျော့အဖြစ် ဘိုင်ယန်မြူးနစ်အသင်း၏ အိမ်ကွင်းတွင် သွားရောက်ယှဉ်ပြိုင်ခဲ့သော ပွဲစဉ်၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိထားသည့်အသင်း ဖြစ်သည်။

ဂိုးသမား အလီဆွန်က "လီဗာပူးအသင်းမန်နေဂျာ ဂျာဂျင်ကလော့ဟာ ဘောလုံးအကြောင်း ကောင်းကောင်းနားလည်သူပါ။ သူဟာ ကမ္ဘာ့အကောင်းဆုံးမန်နေဂျာတွေအနက်ကတစ်ဦးလည်း ဖြစ်ပါတယ်။ ဂျာဂျင်ကလော့က ချန်ပီယံလိဂ်ဗိုလ်လုပွဲအဆင့်၊ ယူရိုပါလိဂ် ဗိုလ်လုပွဲအဆင့်တွေကိုလည်း တက်ရောက်နိုင်ခဲ့သူပါ။ ကျွန်တော်တို့က မန်နေဂျာ ဂျာဂျင်ကလော့အပေါ် ယုံကြည်မှုရှိပြီး သူကလည်း ကျွန်တော်တို့ရဲ့စွမ်းရည်ကို ယုံကြည်ပါတယ်။ လီဗာပူးအသင်းဟာ တိုက်ပွဲဝင်သွားဖို့ အသင့်အနေထားမှာ အမြဲတမ်းရှိနေတယ်။ ဒါက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ချင်တဲ့ အသင်းတစ်သင်းမှာ ရှိရမယ့် အရေးအကြီးဆုံးအချက်ပါ"ဟု ပြောဆိုခဲ့သည်။

လီဗာပူးအသင်းသည် ချန်ပီယံလိဂ် (ယခင် ဥရောပဖလား) ပြိုင်ပွဲတွင် ချန်ပီယံဆုငါးကြိမ် ရရှိထားသည့်အသင်းဖြစ်ပြီး အင်္ဂလန်ကလပ်များအနက် ချန်ပီယံလိဂ် (ယခင် ဥရောပဖလား) ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့်အသင်းဖြစ်သည်။

ဂိုးသမား အလီဆွန်သည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်းအတွက် ပွဲ ၃၀ ပါဝင်ကစားခဲ့ရာ၌ ၁၇ ပွဲတွင် ဂိုးပေးရခြင်းမရှိစေရန် စွမ်းဆောင်ပေးထားသူဖြစ်သည်။

**ထက်အောင်**

# တီထွင်မှု မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၃၈။ မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်တွင် လျှောက်ထားသော ပြည်ပနိုင်ငံတစ်ခုခုတွင် တင်သွင်းထားပြီးဖြစ်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးနိုင်ရေးအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို သတ်မှတ်သည့် အချိန်အတွင်း တင်ပြရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူထံ အကြောင်းကြားနိုင်သည် -

(က) လျှောက်ထားသူရရှိထားပြီးဖြစ်သော သက်ဆိုင်ရာ ပြည်ပနိုင်ငံ တစ်ခုခု၏ မူပိုင်ခွင့်ရုံးက ဆောင်ရွက်ခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့၏ မိတ္တူ၊

(ခ) လျှောက်ထားသူ ပြည်ပမှ ရရှိထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့်လက်မှတ် မိတ္တူမှန်၊

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ မူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ငြင်းပယ်လျှင်ဖြစ်စေ၊ အဆိုပါလျှောက်ထားချက်ပါ တောင်းဆိုချက်ကို ငြင်းဆိုလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ သို့မဟုတ် အဆိုပါ လျှောက်ထားချက်အရ ခွင့်ပြုခဲ့သော မည်သည့်တီထွင်မှု မူပိုင်ခွင့်ကိုမဆို ပျက်ပြယ်စေလျှင်ဖြစ်စေ၊ ရုပ်သိမ်းလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ။

၃၉။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်အား စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အစိုးရဌာန အဖွဲ့အစည်းများသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ပြည်ပတီထွင်မှု မူပိုင်ခွင့်ရုံးများသို့လည်းကောင်း အေဂျင်စီ၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

၄၀။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ် မူရင်းပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန်သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၁။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

၄၂။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခဲ့ရာတွင် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များပါဝင်သည်ဟု မှတ်ပုံတင်အရာရှိက ယူဆခဲ့လျှင် အေဂျင်စီ၏ သဘောတူညီချက်ဖြင့် အဆိုပါ တီထွင်မှုလျှောက်ထားချက်ပါ အကြောင်းအရာများနှင့် ဆက်စပ်သော ဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက်ရရှိသည်အထိ အဆိုပါ လျှောက်ထားချက်ကို မထုတ်ပြန်ဘဲ လျှို့ဝှက်ထားနိုင်သည်။

(ခ) သဘောထားမှတ်ချက် လက်ခံရရှိပြီးနောက် သက်ဆိုင်သည့် ဝန်ကြီးဌာနသည် ကင်းရှင်းခြင်းမရှိသည့် လျှောက်ထားချက်ကို စစ်ဆေးခြင်းပြုလုပ်ရန်၊ သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့် သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို သက်ဆိုင်ရာအစိုးရဌာနသို့ လွှဲပြောင်းပေးရန် လျှောက်ထားသူအား သင့်လျော်သည့် လျော်ကြေးပေး၍ ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် နေထိုင်သူမည်သူမဆို မှတ်ပုံတင်အရာရှိထံ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားပြီး ပုဒ်မခွဲ (က) အရ သဘောထားမှတ်ချက် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်း မပြုရ။

(ဃ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့် လျော်ကြေးရရှိရန် သက်ဆိုင်သည့် ဝန်ကြီးဌာနသို့ တောင်းဆိုနိုင်သည်။ ပေးအပ်သောလျော်ကြေးပမာဏကို ကျေနပ်မှုမရှိပါက မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သည့် ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဆက်လက်၍ လျှို့ဝှက်ထိန်းသိမ်းထားရှိရန် လိုအပ်ခြင်းမရှိတော့ကြောင်း ပေါ်ပေါက်သည့်အခါ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားခြင်းကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၂)
## ဦးစားပေးအခွင့်အရေး

၄၃။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် စတင်လျှောက်ထားခဲ့သည့်နေ့မှ တစ်နှစ်အတွင်း ဦးစီးဌာနသို့ တူညီသောတီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဆိုပါ စတင်လျှောက်ထားသည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၄။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် တီထွင်မှုအတွက် စတင်ခင်းကျင်းပြသခဲ့သည့်နေ့မှ တစ်နှစ်အတွင်း ဦးစီးဌာနတွင် တူညီသော တီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဆိုပါ စတင်ခင်းကျင်းပြသခဲ့သည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၅။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၄၃ အရ လျှောက်ထားသည့်နေ့မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

၄၆။ လျှောက်ထားသူသည် သတ်မှတ်ထားသည့် ကာလအတွင်း စာရွက်စာတမ်းများ တင်ပြနိုင်ခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိထံ ဦးစားပေးအခွင့်အရေး ပြန်လည်ရရှိရေးအတွက် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) နှင့်အညီ တောင်းဆိုချက်တစ်ရပ်ကို တင်ပြနိုင်သည်။

## အခန်း (၁၃)
## တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့် နှစ်စဉ်ကြေး

၄၇။ တီထွင်မှုမူပိုင်ခွင့်သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းသည့်နေ့မှ နှစ် ၂၀ ဖြစ်သည်။

၄၈။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ထိန်းသိမ်းရန်အလို့ငှာ ဦးစီးဌာနသို့ ကာလအပိုင်းအခြားအလိုက် သတ်မှတ်သည့် နှစ်စဉ်ကြေးပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နှစ်စဉ်ကြေးပေးသွင်းရမည့်နေ့မတိုင်မီ ခြောက်လအတွင်း သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းရမည်။

(ခ) နှစ်စဉ်ကြေးပေးသွင်းမှု နောက်ကျခြင်းအတွက် နှစ်စဉ်ကြေးပေးသွင်းရန် ကုန်ဆုံးသည့် နောက်တစ်ရက်မှ အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း၌သာ ပေးသွင်းခွင့် ရှိသည်။ ယင်းသို့ ပေးသွင်းသည့်အခါ သတ်မှတ်ထားသော နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၉။ မှတ်ပုံတင်အရာရှိသည်-

(က) နှစ်စဉ်ကြေးပေးသွင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ခ) နှစ်စဉ်ကြေးကို အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း ပေးသွင်းခြင်း မရှိသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ပျက်ပြယ်စေရမည်။

(ဂ) နှစ်စဉ်ကြေးပေးသွင်းမှုမရှိခြင်းသည် ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကို ထိခိုက်ခြင်းမရှိဟု ယူဆလျှင် ငွေပေးသွင်းရမည့်ကာလ ကျော်လွန်ပြီးနောက် တစ်နှစ်မကုန်ဆုံးမီ အချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှုမူပိုင်ခွင့်ကို ထုတ်ပြန်ကြေညာခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်သည်။

(ဃ) ပျက်ပြယ်သွားသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၀။ ပုဒ်မ ၄၈ တွင် ဖော်ပြထားသော နောက်ဆုံးရက်သတ်မှတ်ချက် ကျော်လွန်သွားသည့် ကိစ္စရပ်တွင် လျှောက်ထားသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ပုဒ်မ ၃၁ ပါ အချက်များနှင့် ကိုက်ညီပါက အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။

## အခန်း (၁၄)
## တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၅၁။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက တီထွင်မှုမူပိုင်ခွင့် သက်တမ်းကာလအတွင်း ဤအခန်းပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၅၂။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ-

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားလျှင် ၎င်းထုတ်ကုန်ကို အခြားသူတစ်ဦးက ယင်း၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း ပြုလျှင် ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားလျှင် ၎င်းထုတ်လုပ်မှုနည်းစဉ်အား အခြားသူတစ်ဦးက ယင်း၏ သဘောတူညီချက်မပါဘဲ အသုံးပြုလျှင်ဖြစ်စေ၊ ၎င်းထုတ်လုပ်မှုနည်းစဉ်ကို တိုက်ရိုက်အသုံးပြုပြီး ထုတ်လုပ်သော ထုတ်ကုန်တစ်ခုကို ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် အပြုအမူများကို ဆောင်ရွက်လျှင်ဖြစ်စေ ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့် ရှိသည်။

(ဂ) အခန်း (၁၅) နှင့် အခန်း (၁၆) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်း၏ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၅၃။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသည့် တီထွင်မှုအပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေရမည်။

၅၄။ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ-

(က) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို စီးပွားဖြစ်မဟုတ်ဘဲ အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂလိကတစ်ဦးချင်းအတွက် အသုံးပြုခြင်း၊

(ခ) စမ်းသပ်လေ့လာရန် သို့မဟုတ် သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း၊

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ယာယီအားဖြင့်ဖြစ်စေ၊ မမျှော်လင့်သောဖြစ်ရပ်ကြောင့် မတော်တဆဖြစ်စေ ဝင်ရောက်လာသော အခြားနိုင်ငံများမှ လေယာဉ်၊ ကုန်းလမ်းသွားယာဉ်များ သို့မဟုတ် ရေယာဉ်များပေါ်ရှိ တီထွင်မှုမူပိုင်ခွင့်နှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာတန်ဆာပလာများကို အသုံးပြုခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့် ရရှိထားသော တီထွင်မှုကို လျှောက်ထားသည့်နေ့မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့မတိုင်မီ တစ်စုံတစ်ဦးက သဘောရိုးဖြင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့အသုံးပြုရန် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ယင်း၏ သဘောတူညီချက်အရဖြစ်စေ ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော တီထွင်မှုမူပိုင်ခွင့် ရရှိထားသည့် ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်း၊

(စ) ထုတ်ကုန်တစ်ရပ်ရပ်ကို ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်ဆိုင်သော နိုင်ငံတော်၏ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ်အရ လိုအပ်သည့် သတင်းအချက်အလက်များ ပြုစုတင်ပြခြင်းတို့နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော တီထွင်မှုကို ခိုင်လုံစွာ သက်ဆိုင်သော အသုံးပြုမှုအတွက်သာ ပြုလုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်း၊

(ဆ) မှတ်ပုံတင်ထားသော ဆေးဘက် သို့မဟုတ် သွားဘက်ဆိုင်ရာ ကုသရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကပေးသော ဆေးစာအညွှန်းအရ တစ်ဦးတစ်ယောက်အတွက် ဆေးဆိုင်တွင် ဆေးဝါးဖော်စပ်ပေးခြင်းများ ပြုလုပ်ခြင်း။

၅၅။ တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့ အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် မခွဲဝေရသေးသော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်သူအား အခြားသော တီထွင်မှုမူပိုင်ခွင့် ပူးတွဲရရှိသူများ၏ သဘောတူညီချက်ရယူရန် မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိသူထံမှ အခွင့်အရေးများအား တရားဝင် ဆက်ခံရရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

## အခန်း (၁၅)
## တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို လွှဲပြောင်းခြင်း

၅၆။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် ယင်း၏ လျှောက်ထားချက်ကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့် ပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှု လွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် လျှောက်ထားလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဖုန်ကန်ရာဇီ ရေခဲတောင်တက်ခရီးက ပြန်ခဲ့တယ်


မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ အသက်ကြီးဆုံး တောင်တက်အားကစားသမား ဦးဝင်းရှိန် (၇၂) နှစ် အပါအဝင် တောင်တက်အသင်းဝင် ၂၀ အဖွဲ့သည် ပူတာအိုမြို့နယ်အတွင်းရှိ ဖုန်ကန်ရာဇီ ရေခဲတောင်အမြင့် ပေ ၁၁၉၂၀ တက်ရောက်ခဲ့ပြီး မတ် ၁၃ ရက်က မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် မိတ္ထီလာမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ၎င်းတို့အဖွဲ့သည် မိတ္ထီလာမှ ဖုန်ကန်ရာဇီ ရေခဲတောင်တက် ခရီးစဉ်ကို မတ် ၃ ရက်ကစတင် ထွက်ခွာသွားခဲ့ရာမှ မတ် ၁၃ ရက်တွင် ပြန်လည်ရောက်ရှိလာကြခြင်းဖြစ်သည်။

ရေခဲတောင်တက်ခရီးတွင် ရာသီဥတုမကောင်းမွန်သည့် အခြေအနေများကြောင့် တောင်တက်အဖွဲ့ဝင် ၂၀ အနက် ၁၄ ဦးမှာ အမြင့်ပေ ၉၇၀၀ ခန့်အထိ တက်ရောက်နိုင်ခဲ့ပြီး အဖွဲ့ဝင် ၆ဦးမှာ အမြင့်ပေ ၁၁၀၀၀ ခန့်အထိသာ တက်ရောက်နိုင်ခဲ့ကြသည်။ ဖုန်ကန်ရာဇီ ရေခဲတောင်ထိပ်အမြင့်ပေ ၁၁၉၂၀ အထိသို့ မတက်ရောက်နိုင်သော်လည်း ရာသီဥတုဆိုးရွားသည့်အခြေအနေကြားမှပင် ဘဝ မှတ်တိုင်ကိုယ်စီ စိုက်ထူနိုင်ကြမည့်အတိုင်းအတာ တစ်နေရာအထိ တက်ရောက်နိုင်ခဲ့ကြသည့် မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းဝင်များ၏ ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးစဉ်မှတ်တမ်းဓာတ်ပုံများကို ဂုဏ်ပြုစုစည်းတင်ပြလိုက်ပါသည်။

**ချမ်းသာ ( မိတ္ထီလာ )**




**ရာသီဥတုဆိုးရွားနေသည့် အခြေအနေ၌ပင် ဖုန်ကန်ရာဇီရေခဲတောင် အမြင့်ပေ ၁၁၀၀၀ နေရာအထိ တက်ရောက်နိုင်ခဲ့သည့် မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းဝင်ခြောက်ဦးနှင့် လမ်းပြအဖွဲ့ခေါင်းဆောင်တို့ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။** ဓာတ်ပုံ - ကိုထွန်းလွင် (ထီလာ)



**ခမ်းတောက်မြစ်စခန်းနှင့် ရေခဲစပ်စခန်းအကြားတွင် ခက်ခဲကြမ်းတမ်းသည့် တောင်တက်ခရီးအား ဖြတ်ကျော်နေသည့် မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းဝင် နှစ်ဦးအား တွေ့ရစဉ်။** ဓာတ်ပုံ - ကိုထွန်းလွင် (ထီလာ)




**ဖုန်ကန်ရာဇီရေခဲတောင်တက်ရာလမ်းရှိ အဝဒ်ဒမ်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ မိတ္ထီလာတောင်တက်အသင်းဝင်တချို့က အားဆေးများလှူဒါန်းစဉ်။** ဓာတ်ပုံ - ကိုဇေယျာ



**ဖုန်ကန်ရာဇီရေခဲတောင်တက်လမ်းရှိ ရေခဲစပ်စခန်းအနီးသို့ ရောက်လုနီးနေရာ ရေခဲတောကြား၌ မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းဝင် အချို့ ဖြတ်သန်းခရီးဆက်နေစဉ်။** ဓာတ်ပုံ - ကိုထွန်းလွင် (ထီလာ)



**ခရီးတစ်ထောက်နားရာ သစ်ပင်ကြီးစခန်းမှ မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းဝင်တချို့ ဆက်လက်ခရီးထွက်ခွာစဉ်။** ဓာတ်ပုံ - ကိုထွန်းလွင် (ထီလာ)



**ဖုန်ကန်ရာဇီရေခဲတောင်တက်လမ်းရှိ ရေခဲစပ်စခန်းအနီးသို့ ရောက်လုနီးနေရာတွင် ရေခဲတောကြား၌ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းဝင်အချို့ ဖြတ်သန်းခရီးဆက်နေစဉ်။** ဓာတ်ပုံ - ကိုထွန်းလွင် (ထီလာ)

# ပြည်တွင်း ချိတ်ဆက်ထားတဲ့ တက္ကသိုလ်တွေ၊ ပြည်ပတက္ကသိုလ်နဲ့ ပညာရေးအဖွဲ့အစည်း စတာတွေနဲ့ ဆရာ ဆရာမတွေရဲ့ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်

ဒေါက်တာအေးအေးမြင့်
(ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်)

## ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကျင်းပ

**ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင် ဒေါက်တာဝင်းအောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီ၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်း၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။**

*ယမန်နေ့မှအဆက်*

တခြားကပေးတဲ့ Training ဆိုတော့ ဒါပြည်တွင်းကိုပြောသလို ဆရာမကြီးတို့ ကျောင်းမှာ ပြည်ပအဖွဲ့အစည်းနဲ့ ဆောင်ရွက်ပြီး လုပ်နေတာတွေ အများကြီးရှိပါတယ်။ ရန်ကုန်ပညာရေးတက္ကသိုလ်အနေနဲ့ AsTEN လို့ခေါ်တဲ့ ASEAN Teacher Education Network, University Network ရှိပါတယ်။ အဲဒီ ၁၀ ကျောင်းထဲမှာ ဆရာမကြီးတို့ ကျောင်းက member ဖြစ်ပါတယ်။ အဲဒီတက္ကသိုလ် ၁၀ ခုနဲ့လည်း Networking ချိတ်ဆက်ပြီးတော့ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်ရှိပြီးတော့ အခြားသော ကိုးခုနဲ့ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ စတာတွေပါ။ အဲဒီလို နိုင်ငံတွေနဲ့ ချိတ်ဆက်တာ အားလုံးတက္ကသိုလ် ၁၉ ခုပါ။ ပြီးတော့ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းတွေ UNESCO၊ UNICEF ပညာရေးအဖွဲ့အစည်းတွေ စောစောကလို AsTEN, OSF, EU စတဲ့ အဖွဲ့အစည်းတွေက အားလုံး ကိုးခုပါ။ ဒီလို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်း တက္ကသိုလ်ရဲ့ Teacher Educator ဆိုတဲ့ စွမ်းရည်ကိုမြှင့်တင်ပါတယ်။

ဘယ်လိုဆောင်ရွက်သလဲဆိုတော့ Student Exchange ဆောင်ရွက်တယ်။ Student Exchange လုပ်တဲ့အခါ Study Tour တွေ လွှတ်ခြင်းအားဖြင့် International Expert Sharing တွေရှိတယ်။ ကိုယ့်မှာ ဘာဖြည့်ရမလဲဆိုတာ သိလာတယ်။ ကိုယ့်ဆီမှာလုပ်နေတာတွေလည်း Share လုပ်နိုင်တယ်။ နောက်တစ်ခုက Workshop တွေပါ။ Workshop တွေကိုလည်း ကျင်းပပါတယ်။ Workshop တွေက Assessment ဆိုင်ရာလုပ်တယ်။ အခုဆိုရင် Teacher Competency ဆရာစွမ်းရည်၊ ဆရာရဲ့အတတ်ပညာ စွမ်းဆောင်ရည် တတ်ကျွမ်းမှုတွေကို ပြဋ္ဌာန်းဖို့လုပ်နေတော့ ဒီပြဋ္ဌာန်းမှုနဲ့အညီ သင်ရိုးတွေကို ပြောင်းတော့မယ်ဆိုရင် ဒီသင်ရိုးကို ရေးဆွဲဖို့ ကျောင်းကပါမောက္ခတွေ၊ တွဲဖက်ပါမောက္ခတွေ၊ Teacher Educator တွေ ကိုယ်တိုင်က ဘယ်လို Competence-based Curriculum ကိုရေးမယ်၊ ပညာရေး တက္ကသိုလ်ရဲ့ Curriculum ဘယ်လို Competence-based Assessment ကို လုပ်မယ်ဆိုတာ သိဖို့အတွက် ဂျာမနီနိုင်ငံရဲ့ DAAD အဖွဲ့အစည်းရဲ့အကူအညီနဲ့ Dr. Michacl Grosch ကနေပြီးတော့ Workshop တွေ လာပေးပါမယ်။

> “ပညာရေးကောလိပ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့ ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်း ရေးဆွဲမြှင့်တင်မှု သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို တက်ရောက်စေခြင်း၊ သင်ကြားသင်ယူမှုအထောက်အကူပြုတဲ့ ICT ကို အသုံးပြုပြီးတော့ သင်ကြားနည်းစနစ်တွေ တိုးတက်စေဖို့အတွက် သင်တန်းများပေးခြင်းနဲ့ လုပ်ငန်းပြီးသုတေသနလို့ခေါ်တဲ့ Action Research တွေကို စာတမ်းဖတ်ပွဲတွေ ကျင်းပပေးခြင်းနဲ့ ပြည်ပကို ပညာတော်သင် စေလွှတ်ခြင်းဆိုပြီးတော့ ဆောင်ရွက်လျက်ရှိ”

### ဆရာ ဆရာမတွေရဲ့ အရည်အသွေးကို မြှင့်တင်

တစ်ဖက်ကလည်း စောစောက ဆရာတွေ လေ့ကျင့်ပျိုးထောင်သလို တစ်ဖက်က Capacity Building မှာ Student Teacher တွေ Capacity Building ကိုလည်းလုပ်ပါတယ်။ စောစောကချိတ်ဆက်တဲ့ နိုင်ငံတကာမှာ Study Exchange Program, Practicing Teaching Program တွေကို စေလွှတ်ပေးပါတယ်။ ပြီးတော့ အဲဒီကျောင်းတွေမှာ လုပ်နေတဲ့ Youth Forum တွေ၊ Student Forum တွေကို လွှတ်ပါတယ်။ အဲဒီတော့ AsTEN ရဲ့ Member တစ်ခုဖြစ်တဲ့ PNU ပါ။ Philippine Normal University မှာဆိုရင် သူက Practice Teaching Program ကို Member University တစ်ခုစီက နှစ်ယောက်စီကို ပညာသင်ဆုပေးတဲ့ အတွက်ကြောင့် နှစ်စဉ်ဆရာမကြီးတို့ ကျောင်းက နှစ်ယောက်ကို ရွေးချယ်ပြီးတော့ Practice Teaching တစ်လ စေလွှတ်ပါတယ်။ ဒီလို အစီအစဉ်တွေနဲ့လည်း လွှတ်တော်လေ့လာရေး ခရီးစဉ်များနဲ့ Youth Forum တွေမှာလည်း ပါဝင်ဆင်နွှဲတယ်။ ဒီနည်းအားဖြင့်လည်း Student Teacher တွေရဲ့ Capacity Building ရော၊ ဆရာ ဆရာမတွေရဲ့ Capacity Building ကိုရော ပြည်တွင်းချိတ်ဆက်ထားတဲ့ တက္ကသိုလ်တွေနဲ့သော်လည်းကောင်း၊ ပြည်ပတက္ကသိုလ်နဲ့ ပညာရေးအဖွဲ့အစည်းနဲ့ သော်လည်းကောင်း၊ ချိတ်ဆက်သမျှ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ဆရာ ဆရာမတွေရဲ့ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ နောက်ထပ်တစ်ခုက ပညာရေးတက္ကသိုလ်အနေနဲ့ ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီးတော့ အခြားသော ပြည်တွင်းပြည်ပက ပညာရေးအဖွဲ့အစည်းတွေ၊ နောက်တက္ကသိုလ်တွေ Partner Schools တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်ဆိုရင် ဆွေးနွေးပေးပါဦး။**

**ဒေါက်တာအေးအေးမြင့်။** ။ စောစောက မေးခွန်းနဲ့လည်း တစ်ဆက်တည်းဖြစ်ပါတယ်။ ဆရာ ဆရာမတွေကို Capacity Building ထဲမှာ စောစောက ကျန်ခဲ့တဲ့ တစ်ချက်ကတော့ ဆရာမကြီးတို့ Teacher Educators တွေပါ။ ပညာရေးကောလိပ်တွေနဲ့အတူ ဆရာ ဆရာမတွေရဲ့ English proficiency ပါ။ နိုင်ငံတကာနဲ့ချိတ်ဆက်ဆက်သွယ်တော့ English စာ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့အတွက် ပြည်ပအဖွဲ့အစည်းထဲကဖြစ်သလို ကိုယ့်နိုင်ငံကို အမြဲကူနေတဲ့ British Council နဲ့ ပညာရေးတက္ကသိုလ်က ဆရာ ဆရာမတွေရဲ့အင်္ဂလိပ်စာအရည်အသွေးကို မြှင့်တင်တဲ့အစီအစဉ်ကို ဆောင်ရွက်ခဲ့တာ ၂၀၁၄-၁၅ ကနေပြီး ၂၀၁၆-၁၇ အထိ EfECT Course, EfECT ဆိုတာ English for Education College Teachers နောက်ပြီးတော့ EfECT Bridge Course, E-bridge Course for Teacher Educators ဆိုပြီး သုံးနှစ်ဆက်တိုက် British Council နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီဟာအပြင် တက္ကသိုလ်ဖြစ်တဲ့အတွက် Teacher Educator ဆရာ ဆရာမတွေက သင်ကြားရေး သင်ယူရေးပဲ ကောင်းမွန်လို့မဖြစ်ပါဘူး။ သူတို့ဟာ သုတေသနအရည်အသွေး တိုးတက်ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ သုတေသနအရည်အသွေး တိုးတက်ကောင်းမွန်ဖို့ဆိုရင် စောစောကချိတ်ဆက်ထားတဲ့ တက္ကသိုလ် ၁၉ ခုရှိပါတယ်။ ညီလာခံတွေ သုတေသနစာတမ်းတွေကို ပြည်ပမှာလည်း ဖတ်ကြားတင်သွင်းစေတယ်။ စောစောက ချိတ်ဆက်ထားတဲ့ ပြည်ပတွေမှာလည်း International Conference တွေမှာ စာတမ်းသွားရောက် ဖတ်ကြားတာမျိုး၊ Seminar တွေ သွားတက်တာမျိုး၊ Workshop တွေ တက်တာမျိုးကိုလည်း ဆောင်ရွက်ပါတယ်။ ပြည်တွင်းမှာဆိုရင်တော့ MAAS တို့ မြန်မာနိုင်ငံဝိဇ္ဇာ၊ သိပ္ပံစာတမ်း၊ URJ လို့ခေါ်တဲ့ Universities Research Journal, ကျောင်းမှာ ကိုယ်တိုင်ထုတ်တဲ့ Yangon University of Education Journal နဲ့ ထပ်ပြီးတော့ Theme တစ်ခုတည်းနဲ့ ရေးလို့ရတဲ့ Research တူများကို စုစည်းတင်ပြတဲ့ Monograph ကို မနှစ်က စပြီးထုတ်ခဲ့ပါတယ်။ ဒါတွေမှာလည်း ရေးသားထုတ်ဝေတဲ့အပြင် စောစောကချိတ်ဆက်ထားတဲ့ သုတေသနတွေမှာလည်း သွားရောက်ဖတ်ကြားတဲ့အပြင် အဲဒီ Proceeding မှာလည်း ပါအောင်ရေးခြင်းအားဖြင့် Teacher Educators ရဲ့သုတေသန စွမ်းရည်ကို တိုးတက်အောင်လုပ်ပါတယ်။

### သုတေသန အရည်အသွေး တိုးတက်အောင် ဆောင်ရွက်နေ

အဲဒီတော့ ဘယ်မှာပါလဲဆိုရင် AsTEN member, (ASEAN Teacher Education Network University) member ဖြစ်တဲ့အတွက် အဲဒီ AsTEN Research Journal ကို နှစ်စဉ်ထုတ်ပါတယ်။ အဲဒီမှာလည်း ရေးသားတင်သွင်းပြီးတော့ သုတေသနအရည်အသွေး တိုးတက်ကောင်းမွန်အောင် Regional အဆင့်၊ ဒေသဆိုင်ရာအဆင့်၊ နိုင်ငံတကာအဆင့်၊ တိုးတက်အောင်လုပ်ပါတယ်။ Hong Kong University နဲ့ Project နှစ်ခုလုပ်ပါတယ်။ ပထမပြီးသွားတဲ့ Project ကို စာတမ်းတင်သွင်းလိုက်တဲ့ အချိန်မှာ နိုင်ငံတကာက ကိုယ့်စာတမ်းကို တောင်းတာမျိုး သူတို့ရဲ့ Paper တွေထည့်ပါဦးဆိုတာမျိုး အားလုံးပဲ အရေးတယူ လာမေးကြတယ်။ တွေ့ရှိချက်တွေကိုပါ။ ဒီလိုမျိုး အောင်မြင်အောင်လို့ UNICEF နဲ့ ARNEC လိုမျိုး တကယ့် ASEAN Pacific Early Childhood ဆိုင်ရာ Conference တွေမှာလည်း စာတမ်းဖတ်တယ်။ ဒါပေမယ့် မဖတ်ခင်မှာ ဆောင်ရွက်ခဲ့တာကတော့ Hong Kong University နဲ့ Project တွေ လုပ်ပါတယ်။ နောက် Kwansei Gakuin University(KGU) လို့ခေါ်တဲ့ ဂျပန်နိုင်ငံတက္ကသိုလ်နဲ့ MoU ထိုးထားတဲ့ University နဲ့ကတော့ Student Exchange နဲ့သွားပါတယ်။ Faculty of International Development နဲ့ ဆောင်ရွက်ဖို့က သုံးနှစ် ဖြစ်ပါတယ်။

အခု ၂၀၁၉ခုနှစ် August လမှာလည်း သူတို့ဆီက Student Exchange လာပြီးတော့ ကိုယ့်ဆီကတစ်ဖွဲ့ကလည်း ပြန်သွားမှာ ဖြစ်ပါတယ်။ ပြီးတော့ KGU နဲ့လည်း Research တစ်ခုရှိပါတယ်။ အထူးသဖြင့်တော့ အခြေခံပညာနဲ့ပတ်သက်တဲ့ ကျောင်းဝင်တာနဲ့ Drop Out ထွက်တဲ့ဟာကို သုံးနှစ် Research လုပ်ခဲ့ပြီးတော့ အဲဒီမှာဖတ်တဲ့ Conference တွေမှာလည်း ဆရာမတို့ဆီက သုတေသီနဲ့ ပေါင်းပြီးတော့ ဖတ်ခဲ့တာမျိုးတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဟောင်ကောင်တင်မကဘဲနဲ့ OSF အထောက်အပံ့နဲ့ ECCD diploma သင်တန်းဖွင့်တယ်။ အမေရိကန်ပြည်ထောင်စုသံရုံးကနေပြီးတော့ အစိုးရရဲ့အကူအညီနဲ့ Fellow တွေလာတဲ့အခါ ECED သင်တန်းအတွက် Research Expert တွေလာတယ်။ စောစောက DAD ဆိုတဲ့ ဂျာမနီကနေ Expert ကိုလွှတ်ပြီးတော့ Visiting Lecturer အဖြစ်နဲ့လာတယ်။ အခု Longterm Visiting Lecturer အဖြစ်နဲ့ ဇန်နဝါရီလကနေ စပြီးတော့ ဘွဲ့ကြိုသင်တန်းသား၊ ဘွဲ့လွန်သင်တန်းသားတွေကို နိုင်ငံခြားသား Expert ကိုယ်တိုင် မြန်မာနိုင်ငံက ပါမောက္ခတွေနဲ့ ပူးတွဲပြီးတော့ သင်ကြားမယ့် အစီအစဉ်တွေနဲ့ Student Teachers တွေကိုရော၊ ဘွဲ့ကြိုသင်တန်းသားတွေရော၊ ဘွဲ့လွန် တွေရော ဆရာ ဆရာမတွေရဲ့ အရည်အသွေးကို စွမ်းဆောင်ရည် မြှင့်တင်နေတယ်။

### စွမ်းဆောင်ရည်မြှင့်တင်နေမှု

တစ်ချက်ရှိတာက အင်္ဂလိပ်စာ Fellow ဖြစ်ပါတယ်။ အဲဒါကလည်း တက္ကသိုလ်တစ်ခုမှာ လေးနှစ် ဆက်တိုက်ကိုပဲ အမေရိကန် သံရုံးကပဲ အကူအညီပေးတယ်။ Cultural Affairs ဌာနက ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ကိုရယူပြီးတော့ တစ်နှစ်ကို နှစ်ယောက်၊ East-West Centre ကနေ ဘရူနိုင်းက English Teacher တစ်ယောက်နဲ့ အမေရိကန် Native Speaker တစ်ယောက်သည် Student Teacher တွေအတွက် အင်္ဂလိပ်စာကို ELT(English Language Teaching) ကို Special ယူတဲ့သူတွေအတွက် သူတို့က တစ်နှစ်ကို နှစ်ယောက် လွှတ်ပြီးတော့ သုံးနှစ်ဆက်တိုက် လာရောက်ပြီး သင်ကြားပို့ချတဲ့ အစီအစဉ်တွေနဲ့ ဆရာ ဆရာမလောင်းဖြစ်မယ့်၊ အင်္ဂလိပ်စာကို သင်ကြားမယ့်သူတို့ရဲ့ အင်္ဂလိပ်စာ စွမ်းရည်ကောင်းအောင် ဒီအခွင့်အရေးတွေလည်း ရယူပြီးတော့ လေ့ကျင့်ပျိုးထောင်လျက်ရှိပါတယ်။ ရှေ့နှစ်မှာလည်း ဒီအစီအစဉ်ကို ဝန်ကြီးဌာနကို တောင်းဆိုတဲ့အခါမှာ ဒီ Fellow ကို ထပ်ပေးဖို့အတွက် ဆရာမကြီးတို့ တောင်းဆိုတင်ပြထားပါတယ်။ အဲဒီတော့ ဒီလိုအစီအစဉ်မျိုးနဲ့ မိမိချိတ်ဆက်တဲ့ ပြည်တွင်း ပြည်ပ ပညာရှင်တွေ ရယူပြီးသော်လည်းကောင်း၊ ကိုယ်ကနေသွားပြီးသော်လည်းကောင်း၊ စာတမ်းတွေ ဖတ်ကြားခြင်းအားဖြင့်သော်လည်းကောင်း၊ ကျောင်းမှာ Capacity မြှင့်တင်တဲ့ အစီအစဉ်တွေကို ဆောင်ရွက်နေပါတယ်လို့ ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။ ။ ပညာရေး ကောလိပ်တွေမှာဆိုရင် ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်တာနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုတွေဆောင်ရွက်ထားရှိနေလဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာမေစန်းရီ။** ။ကျွန်မတို့ ပညာရေးကောလိပ်တွေကတော့ လုပ်ငန်းခွင်အကြိုသင်တန်းနဲ့ လုပ်ငန်းခွင်သင်တန်းဆိုပြီး နှစ်ခုရှိပါတယ်။ ကျွန်မဦးစွာ ပြောလိုတာကတော့ လုပ်ငန်းခွင်အကြို သင်တန်းတွေပဲဖြစ်ပါတယ်။ ပညာရေးကောလိပ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေ Teacher Educators တွေနဲ့ ဆရာ ဆရာမလောင်း ကျောင်းသား ကျောင်းသူတွေ (Student Teachers) ရဲ့ စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုပြီးတော့ အပိုင်းနှစ်ပိုင်း ခွဲပြီး ပြောသွားချင်ပါတယ်။

ပညာရေးကောလိပ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့ ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်း ရေးဆွဲမြှင့်တင်မှု သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို တက်ရောက်စေခြင်း၊ သင်ကြား သင်ယူမှုအထောက်အကူပြုတဲ့ ICTကို အသုံးပြုပြီးတော့ သင်ကြားနည်း စနစ်တွေ တိုးတက်စေဖို့အတွက် သင်တန်းများပေးခြင်းနဲ့ လုပ်ငန်းပြီးသုတေသနလို့ခေါ်တဲ့ Action Research တွေကို စာတမ်းဖတ်ပွဲတွေ ကျင်းပပေးခြင်းနဲ့ ပြည်ပကို ပညာတော်သင်စေလွှတ်ခြင်းဆိုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ဖို့အတွက် သင်ရိုးညွှန်းတမ်းတွေ ရေးဆွဲတယ်။ ကျွမ်းကျင်မှုအရည်အသွေးတွေရရှိစေဖို့အတွက် ဆောင်ရွက်ထားရှိမှု အနေအထားလေးကိုလည်း ရှင်းပြပေးပါဦး။**

**ဒေါက်တာမေစန်းရီ။** ။ ကျွန်မတို့ ခုနစ်နှစ်သင်ပညာရေးကောလိပ်ကနေ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်တွေ တိုးမြှင့်ဖွင့်လှစ်နိုင်ဖို့အတွက် ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းတွေကို ပြန်လည်သုံးသပ်ပြီး တတ်ကျွမ်းမှုအခြေပြု Competency - based Curriculum တွေ ရေးဆွဲခြင်းကိုလည်း ၂၀၁၇ ခုနှစ်ကစပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ UNESCO (Myanmar) ရဲ့နည်းပညာအထောက်အပံ့နဲ့ International Bureau of Education (IBE)နဲ့ University College of London (UCL) တို့က နိုင်ငံတကာ သင်ရိုးညွှန်းတမ်း ရေးဆွဲရေး ပညာရှင်များနဲ့ ပူးပေါင်းပြီးတော့ ပညာရေးတက္ကသိုလ်တွေ၊ ပညာရေးကောလိပ်တွေနဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်မှာရှိတဲ့ ဆရာ ဆရာမနဲ့ ဖွဲ့စည်းထားတဲ့ သင်ရိုးညွှန်းတမ်း ဗဟိုအဖွဲ့ဝင် ၅၀ ပါတဲ့ သင်ရိုးညွှန်းတမ်းရေးဆွဲမှု အရည်အသွေး ကျွမ်းကျင်မှုတွေကိုရရှိစေဖို့နဲ့ Curriculum Development Skills တွေ ရရှိစေဖို့အတွက် ၂၀၁၇ခုနှစ် ဇွန်လကစပြီး အလုပ်ရုံဆွေးနွေးပွဲသင်တန်း စုစုပေါင်း ၁၀ ကြိမ်ပေးပြီး ဆရာ ဆရာမများရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိပါတယ်။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

**အစီအစဉ်မှူး။ ။ ဒီသင်ကြားသင်ယူမှု အထောက်အကူပြု သတင်းအချက်အလက်နည်းပညာ ICT ကို အသုံးပြုပြီးတော့ ပညာရေးကောလိပ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ သင်ကြားနည်းစနစ်နဲ့ တိုးတက်ဖို့အတွက် ဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာမေစန်းရီ။** ။ ပညာရေးကောလိပ်တွေမှာတော့ ၂၀၁၅ ခုနှစ်မှာ ICT နည်းပြအသစ်တွေဖြစ်တဲ့ Computer မဟာဘွဲ့ရတဲ့ ဆရာ ဆရာမတွေကို တစ်ကျောင်းကို နှစ်ဦးစီနဲ့ ခန့်ထားပြီးတော့ အဲဒီ ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည် မြှင့်တင်ဖို့ အတွက် UNESCO (Myanmar) ရဲ့ နည်းပညာ အထောက်အပံ့နဲ့ လက်ရှိပညာရေး ကောလိပ်တွေမှာရှိတဲ့ ICT သင်ရိုးညွှန်းတမ်း စာအုပ်တွေကို ပြန်လည်သုံးသပ်ပြီးတော့ ICT သင်ကြားနည်းပညာသင်တန်းနဲ့ အလုပ်ရုံ ဆွေးနွေးပွဲတွေကိုလည်း နှစ်စဉ်ကျင်းပပြုလုပ်ပေး လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာ ဆရာမတွေနဲ့ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အခြားဆောင်ရွက်ထားတဲ့ အစီအစဉ်တွေရှိတယ်ဆိုရင်လည်း ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာမေစန်းရီ။** ။ ပညာရေးကောလိပ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေကို လုပ်ငန်းပေး သုတေသန Action Research များကို ဆောင်ရွက်စေပြီး အဲဒီ စာတမ်း ဖတ်ပွဲတွေကို နှစ်စဉ်တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပပေးတဲ့အတွက် ဆရာ ဆရာမများရဲ့ သုတေသန ပြုလုပ်တတ်တဲ့ စွမ်းရည်တွေကိုလည်း မြှင့်တင်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပြည်ပ နိုင်ငံများမှာ လေ့လာရေးတွေ ဆွေးနွေးပွဲတွေနဲ့ ပညာသင် သင်တန်းတွေကိုလည်း စေလွှတ်ခဲ့ပါတယ်။ ကာလရှည်သင်တန်းအနေနဲ့ဆိုရင် ဂျပန်နိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ Master for Education သင်တန်းကို ၂၀၁၇ခုနှစ်မှာ နှစ်ဦး၊ ၂၀၁၈မှာတစ်ဦး၊ စုစုပေါင်း သုံးဦး စေလွှတ်ခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ ပါရဂူဘွဲ့သင်တန်းကိုလည်း လေးဦး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ Computer မဟာဘွဲ့သင်တန်း တစ်ဦး စုစုပေါင်း ငါးဦးကိုလည်း စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။ ကာလတိုသင်တန်းအနေနဲ့တော့ ဂျပန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ စင်ကာပူစတဲ့နိုင်ငံတွေမှာ ဖွင့်လှစ်တဲ့ သင်တန်းတွေကို စေလွှတ်ခဲ့တာဆိုရင် ၂၀၁၇ ခုနှစ်မှာ ၁၁ ဦး၊ ၂၀၁၈ ခုနှစ်မှာ ငါးဦး စုစုပေါင်း ၁၆ဦး စေလွှတ်ပြီး ဆရာ ဆရာမများရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာ ဆရာမလောင်း ကျောင်းသားကျောင်းသူတွေရဲ့စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းအနေနဲ့ လက်ရှိဆောင်ရွက်ထားမှု အနေအထားတွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာမေစန်းရီ။** ။ ပညာရေးကောလိပ်တွေမှာ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်တန်းမှာ လက်တွေ့အသုံးချမှုစွမ်းရည်တွေ ပိုမိုတိုးတက်စေဖို့အတွက် Peer Group Teaching လို့ခေါ်တဲ့ သက်တူရွယ်တူအုပ်စုအလိုက် စာသင်ကြားခြင်းကို ဘာသာရပ် နှစ်ခု မှာ ၁၅မိနစ်ခန့် လက်တွေ့တန်းပြဆင်းခြင်း Practicum ကိုတော့ ရက် ၄၀ နဲ့ ဆရာ ဆရာမလောင်းတွေကို သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အခု လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အသစ်မှာဆိုရင် လက်တွေ့သင်ကြားမှုအချိန် Practicum ရဲ့အချိန်ဟာ အခုလက်ရှိ နှစ်နှစ်သင် ပညာရေးဒီဂရီကောလိပ်များမှာရှိတဲ့ Practicum အချိန်ထက် ပိုမိုထည့်သွင်း ရေးဆွဲထားပါတယ်။

ပြီးတော့ ပညာရေးကောလိပ်မှာရှိတဲ့ လေ့ကျင့်ရေးကျောင်းတွေမှာ တင်မကဘူး။ အခြေခံပညာကျောင်းတွေမှာ Partnership Schools လို့ခေါ်တဲ့ မိတ်ဖွဲ့ကျောင်းတွေကို ဖွဲ့စည်းပြီးတော့လည်း သင်ကြားသင်ယူမှုလေ့ကျင့်ကောင်းတွေ စွမ်းဆောင်ရည်မြှင့်တင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အဲဒီဆရာ ဆရာမလောင်းတွေအတွက်ကို Teaching Aids ပြိုင်ပွဲတွေ နှစ်စဉ်တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပပေး လျက်ရှိပါတယ်။

**မေသော်လဝန်း။** ။ ဒီနေ့မှာ အချိန်ပေးပြီးတော့ လာရောက်ဆွေးနွေးပေးခဲ့ကြတဲ့ ဆရာကြီး ဆရာမကြီးတွေ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့**

## မကွေးတိုင်းဒေသကြီး၌ ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မိခင်ဝိုင်း ၄၁ ဝိုင်း ဖွင့်လှစ်

**မကွေး မတ် ၁၄**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေ နှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ တစ်နိုင်ငံလုံးတွင် ငါးနှစ်အောက်ကလေး သေဆုံးမှုအများဆုံး မှတ်တမ်းဝင်ထားသည့် မကွေးတိုင်းဒေသကြီး၌ ငါးနှစ်အောက်ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကလေးများအား စောင့်ရှောက်မှုပေးသည့် မိခင်ဝိုင်း ၄၁ ဝိုင်းအထိ ဖွင့်လှစ်၍ ဆောင်ရွက်နေကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

မိခင်ဝိုင်းဆိုသည်မှာ မူကြိုကျောင်းမဖွင့်လှစ်နိုင်သည့် ကျေးရွာများရှိ ကလေးငယ်များအား မိခင်များက ဝိုင်းဝန်းပြုစုပျိုးထောင်သည့် လုပ်ငန်းဖြစ်ပြီး မိခင်ဝိုင်းတစ်ဝိုင်းလျှင် ကလေးငယ် ၂၀ ဦးကို စောင့်ရှောက်မှုပေးလျက်ရှိသည်။

“မိခင်ဝိုင်းတွေကို တစ်နှစ်မှာ ၁၁ လ ဖွင့်လှစ်မှာဖြစ်ပါတယ်၊ ကလေးငယ်တစ်ဦးရဲ့အာဟာရအတွက် လူမှုဝန်ထမ်းရုံးက တစ်နေ့ကို ၃၅၀ ကျပ်နှုန်းနဲ့ ဝိုင်းဦးဆောင်သူ မိခင်တစ်ဦးကို တစ်လ ကျပ်သုံးသောင်းနှုန်း ထောက်ပံ့ပေးနေပါတယ်၊ မိခင်ဝိုင်းတွေ ရေရှည်လုပ်နိုင်ဖို့ထောက်ပံ့ပေးနေတာဖြစ်ပါတယ်”ဟု မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်အောင်က ပြောသည်။



မကွေးမြို့နယ်မှ မိခင်ဝိုင်းတစ်ခုတွင် ကလေးများအား ပြုစုစောင့်ရှောက်နေစဉ်။

မိခင်ဝိုင်းများအတွင် ပြုစုပျိုးထောင်ပေးမည့် မိခင်များအား သင်တန်းများပို့ချပေးခြင်းနှင့် ကလေးငယ်များအား ချက်ပြုတ်ကျွေးရန် မီးဖိုချောင်သုံးပစ္စည်း ထောက်ပံ့ပေးခြင်းကိုလည်း လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်ပေးထားကြောင်း၊ ၂၀၁၈ ခုနှစ် မတိုင်မီက မိခင်ဝိုင်းများ ရှိခဲ့ဖူးသော်လည်း စိုက်ပျိုးချိန်ရာသီများ၌ လုပ်ငန်းခွင်ဝင်ကြသည့် စောင့်ရှောက်သူမိခင်များ ရှိသဖြင့် အဆင်မပြေမှုများ ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေးသေနှုန်း အမြင့်ဆုံးဖြစ်သည့် မကွေးတိုင်းဒေသကြီး၌ ကလေးတစ်ထောင်လျှင် ၁၀၈ ဦးအထိ သေဆုံးခဲ့သည့်အခြေအနေအထိ ဖြစ်ခဲ့ဖူးခြင်းကြောင့် ယခု ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသော မိခင်ဝိုင်းများက ငါးနှစ်အောက်ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့တစ်ရပ် ဖြစ်လာနိုင်ကြောင်း မကွေးဒေသခံများထံမှ သိရသည်။

**ဇေယျာတု (မကွေး)**

## မြောင်းမြမြို့နယ်မှ မီးဘေးသင့်မိသားစုများအား ထောက်ပံ့

**မြောင်းမြ မတ် ၁၄**

မြောင်းမြမြို့နယ် ငါးမြင်းချောင်းကျေးရွာ၌ မတ် ၁၂ ရက်က မီးလောင်မှုဖြစ်ပွားခြင်းကြောင့် နေအိမ်ကိုးလုံး မီးလောင်ပျက်စီးခဲ့သဖြင့် မီးဘေးသင့် မိသားစုများနှင့် ဒဏ်ရာရသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်း များကို မြောင်းမြခရိုင် သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနက မတ် ၁၃ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ထောင်စုရှစ်စုမှ လူဦးရေ ၃၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့၍ ၎င်းတို့အား ငါးမြင်းချောင်းကျေးရွာ သုဇိတာရုံ ဘုန်းတော်ကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ နေရာချထားပေးပြီး မီးဘေးသင့်အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပစ္စည်းပုံးများကိုလည်းကောင်း၊ မီးလောင်မှုအတွင်း ဒဏ်ရာရရှိသူနှစ်ဦးအား ဆေးကုသရန် တစ်ဦးလျှင် ကျပ်ငါးသောင်းစီကိုလည်းကောင်း မြောင်းမြခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဇော်ဌေးနှင့် ဒုဦးစီးမှူး ဦးကျော်မင်းနိုင်တို့က ပေးအပ်ခဲ့ကြခြင်းဖြစ်သည်။

**အောင်မင်း (မြောင်းမြ)**

## ပြည်ပမှတင်သွင်းနေသည့် စားအုန်းဆီနှင့် ကြက်သွန်ဖြူဈေးကျ

**ရန်ကုန် မတ် ၁၄**

ပြည်ပမှတင်သွင်းသည့် စားအုန်းဆီသည် ပြည်ပဈေးနှုန်း ကျဆင်းမှုနှင့်အတူ ပြည်တွင်းဈေးနှုန်းပါ ကျဆင်းလာရာ မတ်လ ၁၂ ရက်တွင် ၂၀၁၉ နှစ်ဆန်းပိုင်းအတွင်း အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်ရှိလာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ နယ်ပို့ဆီကုန်သည်များထံမှ သိရသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အသိပေးထုတ်ပြန်သောနေ့စဉ် စားအုန်းဆီဈေးနှုန်းစာရင်းအရ မတ်လ ၁၂ ရက်တွင် ပြည်ပစားအုန်းဆီ(FOB) တစ်တန်လျှင် ဈေးနှုန်း ၅၄၅ ဒေါ်လာနှင့် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေးမှာ ၁၅၆၇ ကျပ်နှုန်းရှိကာ ရန်ကုန်ဆီဈေးကွက်တွင် ဆီထုတ်ယူခွင့် DO စာရွက်ဈေးမှာ လက်ကား ဆီတစ်ပိဿာလျှင် ကျပ် ၁၅၀၀ နှုန်းရှိသည်ဟု သိရသည်။ ထိုဈေးနှုန်းမှာ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက်က FOB တစ်တန်လျှင် ၅၈၅ ဒေါ်လာနှုန်း၊ တစ်ပိဿာ အရင်းဈေး ၁၆၈၅ ကျပ်နှင့် DO စာရွက် လက်ကားဈေး တစ်ပိဿာ ၁၆၅၀ ကျပ်နှုန်းမှ လျော့ကျလာခြင်းဖြစ်ကာ တစ်လအတွင်း ဆီတစ်ပိဿာလျှင် ကျပ် ၁၅၀ ခန့် ဈေးကျလာခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်အတွင်းကမူ ဒီဇင်ဘာ ၄ ရက်နေ့တွင် ပြည်ပစားအုန်းဆီ(FOB) တစ်တန်ဈေးသည် ၄၉၀ ဒေါ်လာနှင့် တစ်ပိဿာအရင်းဈေး ၁၄၁၉ ကျပ်၊ ဆီထုတ်ယူခွင့် DO စာရွက် လက်ကားဈေး တစ်ပိဿာလျှင် ၁၄၄၅ ကျပ်နှုန်းအထိ အနိမ့်ဆုံးဈေးအဖြစ် ရောက်ရှိခဲ့ဖူးသည်။

လက်ရှိအချိန်တွင် စားအုန်းဆီဈေးနှုန်းသည် ပဲဆီဈေးနှုန်း၏ ၂၅ ရာခိုင်နှုန်းဝန်းကျင်အထိ ဈေးကျဆင်းနေသဖြင့် ပြည်တွင်းစားသုံးဆီဈေးကွက်တွင် စားအုန်းဆီသည် ဈေးကွက်ဝေစုကို အများဆုံးရရှိနေသည်ဟုလည်း ဆီလက်လီဆိုင်များမှ သိရသည်။

စားအုန်းဆီကဲ့သို့ပြည်ပမှ တင်သွင်းနေသော ကြူကုတ်ကြက်သွန်ဖြူများသည်လည်း မတ်လဆန်းပိုင်းက ဈေးနှုန်းမြင့်တက်လာခဲ့ရာ မတ် ၈ ရက်တွင် လက်ကားတစ်ပိဿာလျှင် ကျပ် ၂၂၀၀ အထိ ဈေးမြင့်ခဲ့သော်လည်း မတ် ၁၂ ရက်တွင် ကျပ် ၂၁၀၀ နှုန်းသို့ ဈေးနှုန်းပြန်လည်ကျဆင်းလာသည်။ ၂၀၁၈ နှစ်လယ်နောက်ပိုင်းတွင် ကြူကုတ်ကြက်သွန်ဖြူ လက်ကားဈေးနှုန်းသည် တစ်ပိဿာ ၁၂၀၀ ကျပ်အောက်တွင်သာ ရှိခဲ့သော်လည်း ယခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်မှစ၍ ဈေးမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလမှ မတ်လဆန်းအထိ ကြူကုတ်ကြက်သွန်ဖြူများ ဈေးမြင့်တက်လာခဲ့သော်လည်း ပြည်တွင်းထွက် ရှမ်းကြက်သွန်ဖြူ အလုံးကြီးများမှာ လက်ကား တစ်ပိဿာလျှင် ကျပ် ၁၅၀၀ နှုန်းသာရှိနေသည့်အတွက် ရှမ်းကြက်သွန်ဖြူအလုံးကြီးများကို ဝယ်ယူစားသုံးမှုများခြင်းကြောင့် မတ် ၁၂ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူများ ဈေးပြန်ကျလာခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ဆိုင်**

## မူဆယ်မြို့ မြို့ရှောင်လမ်းမှ မန့်ဝိန်းဂိတ်ပေါက်အထိ နိုင်လွန်ကတ္တရာလမ်းခင်းမှု ၉၀ ရာခိုင်နှုန်းခန့် ပြီးစီး

**မူဆယ် မတ် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့ မြို့ရှောင်လမ်းနှင့် မူဆယ်-နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးဆုံသည့်နေရာမှ မန့်ဝိန်းဂိတ်ပေါက်အထိကို အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းနေမှုမှာ မတ် ၁၃ ရက်တွင် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

“ကျွန်တော်တို့ မူဆယ်မြို့တွင်းကို တစ်မိုင်ခင်းကျင်းဖို့ အစီအစဉ်ရှိတယ်၊ အခုခင်းတာက ဖေဖော်ဝါရီ ၂၆ ရက်က စခင်းတာ၊ ကားလမ်းအကျယ်ကတော့ ၅၂ ပေ ကျယ်ပါတယ်၊ လေးလမ်းသွားပေါ့၊ မြို့တွင်းဆိုတော့ လမ်းတွေအရမ်းကျပ်နေတာကြောင့် မြန်မြန်ပြီးစီးဖို့ အချိန်နည်းနည်း ကြန့်ကြာသွားတယ်၊ မြို့တွင်းကိုလည်း ဆက်ခင်းဖို့အစီစဉ်ရှိတယ်၊ ခုမြို့ရှောင်လမ်းကနေ မန့်ဝိန်း ဂိတ်ပေါက်အထိကတော့ လမ်းအရမ်းကျပ်နေလို့ ဦးစားပေးခင်းတာဖြစ်တယ်ဟု လမ်းခင်းလုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်က ပြောကြားသည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်းကို (OH)ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျပ်သုံးသန်းကျော်ဖြင့် လမ်းအရှည် ပေ ၂၀၀၀ ကို နိုင်လွန်ကတ္တရာ(AC)လမ်းအဖြစ် ခင်းကျင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ခင်းပြီးနေသော နိုင်လွန်ကတ္တရာလမ်းတွင် ယာဉ်များသွားလာနေစဉ်။

## ကြံသီးနှံအထွက်တိုးတက်ရေး နည်းပညာပေးဆွေးနွေး

**လောက်ကိုင် မတ် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ရွှေယင်စီးကျေးရွာအုပ်စုတွင် တောင်သူပညာပေးကြံသီးနှံအထွက်တိုးနည်းပညာပေးဆွေးနွေးပွဲကို မတ် ၁၃ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်လွင်က ကြံအထွက်တိုးစိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံဦးမိုးမင်းစိုးက ပိုးသတ်ဆေးပစ္စည်းကိရိယာများ စနစ်တကျအသုံးပြုခြင်းနည်းလမ်းများကိုလည်းကောင်း ပညာပေးဆွေးနွေးခဲ့ကြပြီး ရွှေယင်စီးကျေးရွာအုပ်စုမှ ကြံစိုက်တောင်သူ ၆၃ ဦး တက်ရောက်သည်။ လောက်ကိုင်မြို့နယ်သည် ကြံစိုက်ဧက ၁၁၁၅၆ ဧကရှိပြီး ရွှေယင်စီးကျေးရွာအုပ်စုမှ ၃၄၇၆ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**မောင်ကျော်ကြီး**

DON'T MISS
MCC Budget Intake (50% Discount)

နှစ်စဉ် မတ်လတိုင်းတွင် အထူးအစီအစဉ်အဖြစ် သင်တန်းကြေး (၅၀%) လျှော့ပေးသော Budget Intake ကို ပြုလုပ်ပေးလျက်ရှိပါသည်။ ပုံမှန်သင်တန်းကြေးဖြင့် သင်တန်းတက်ရန် အခက်အခဲရှိသူများအတွက် အထူး အစီအစဉ် ဖြစ်ပါသည်။

B.Sc (Hons:) Business IT
University of Greenwich, UK
ကွန်ပျူတာသိပ္ပံဘွဲ့
( ပုံမှန်သင်တန်းကြေး ကျပ် (၃၀) သိန်း
Budget နှုန်း ကျပ် (၁၅) သိန်း )

ပထမနှစ်ကို Budget နှုန်းဖြင့် တက်ပြီးပါက သင်တန်းပြီးဆုံးသည်အထိ Budget နှုန်းဖြင့် ဆက်လက်တက်ရောက်နိုင်ပါသည်။

သင်တန်းဖွင့်ရက် မတ်လ (၁၈) ရက်

MCC.i (Ygn)Tel : 01-246634,01-249152, 01-652236
MCC.i (Mdy)Tel : 09-402671562, 09-441034062
MCC.i (NPT)Tel : 09-254148940, 09-31354842



နေကြယ်မင်း
အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး

ထားဝယ်(ရှင်ကိုးရှင်)-မောင်းမကန်-ကျိုက္ခမီခရီးစဉ်
စားရိတ်ငြိမ်း(၁၅၀၀၀၀/-)(၃ညအိပ် ၄ရက်)
ဆက်သွယ်စုံစမ်းရန်-၀၉၄၂၁၁၅၀၇၉၉၊၀၉-၇၆၁၁၈၅၅၃၃၊ ၀၉-၂၆၁၆၇၄၄၆၆


**မွေးသက္ကရာဇ် အမှန်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျောင်းစိုးစံပြ ကျေးရွာနေ ဦးသန်းလှိုင်၏သား မောင်ဇေရာဇ်စိုး ၇/ကတခ(နိုင်) ၁၈၃၂၂၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၃-၁၉၉၇ ဖြစ်ပါကြောင်း။


အောင်ကမ္ဘာ
(အိမ်၊ခြံ၊မြေ) ရောင်းဝယ်ရေး
ဒဂုံမြို့သစ်(တောင်ပိုင်း၊ဆိပ်ကမ်း၊အရှေ့ပိုင်း၊မြောက်ပိုင်း)ရွှေပေါက်ကံ၊ မြေကွက်များဝယ်လိုပါသည်။
အိမ်အရောက်ငွေချေပေးသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096144
09-450096155



မ၁ SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ (ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514
09 - 33 333 644


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ် (ဥ-၇၄၆၈)၊ ဦးလှိုင်ဝင်းအောင် ၅/ကဘလ(နိုင်)၁၁၃၅၈၉ (ဘ)ဦးလှထွန်းအမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ငွေးဝင်း ၃/ဘအန(နိုင်)၀၁၉၃၆၉ (ဘ)ဦးစံကြည်မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1N/9915 Suzuki Carry DA63T P/U(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်း ၉/မရတ(နိုင်)၀၆၉၀၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3H/9307 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြည့်ပြည့်လတ် ၉/ရမသ(နိုင်)၁၁၈၆၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2J/4576 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/9352 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3E/2289 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**


မီး သတိပြု



STRATEGY FIRST

မိမိလုပ်ငန်းခွင်မှာ တိုးတက်ဖို့ ပေါင်းစပ်သင်ယူပါ။

ICM The Institute of Commercial Management
CIM The Chartered Institute of Marketing
PMI Registered Education Provider Project Management Institute
Cambridge Assessment English



STRATEGY FIRST တွင် ယူကေနိုင်ငံ ICM,CIM,PMI, Cambridge Programme များမှ စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဒီပလိုမာ သင်တန်းများကို အလုပ်တစ်ဖက် နှင့် မအားလပ်သော သူများအတွက် ရုံးချိန်လွတ် ပူးတွဲတက်ရောက်နိုင်ရန် စီစဉ်ပေးထားပါသည်။ မိမိလုပ်ကိုင်သော လုပ်ငန်းများအတွက် သက်ဆိုင်ရာ ဘာသာရပ်များကို တွဲဖက် လေ့လာသင်ကြားနိုင်ပြီး လုပ်ငန်းခွင်တွင် မိမိတို့ Career Development အတွက်များစွာအထောက်အကူပြုသောသင်တန်းများဖြစ်ပါသည်။

စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများ

01. Advertising (ICM)
02. Business Management & Administration (ICM)
03. Consumer Behaviour (ICM)
04. Customer Service (ICM)
05. Financial Management (ICM)
06. Hospitality Management (ICM)
07. Human Resource Development (ICM)
08. Human Resources Management (ICM)
09. International Business Communication (ICM)
10. Logistics & Supply Chain Management (ICM)
11. Management of Travel & Tourism Operations (ICM)
12. Marketing Management (ICM)
13. Marketing Research & Quantitative Methods for Manager (ICM)
14. Project Management (ICM)
15. Public Relations (ICM)
16. Sales & Sales Management (ICM)
17. Strategic Management (ICM)
18. Diploma in Professional Marketing (CIM)
19. Project Management Professional (PMP)®
20. Business English (Cambridge Assessment English)
ရုံးချိန်လွတ်အတန်းများစီစဉ်ထားပါသည်။

REGISTER ONLINE NOW
enroll.strategyfirst.edu.mm

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon.
#Yangon Campus (4) - 575, Near Hladen Fly-over and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Yangon Campus (5) - 142-146, Sule Pagoda Road, Kyauktadar Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa.

ရန်ကုန်၊ မန္တလေး၊ မုံရွာ မတ်လတန်းခွဲသစ်များ စမည်။

YGN: 09 76543 4000 | MDY: 09 444 555 616 | MONYWA: 09 4242 67577

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees. www.strategyfirst.edu.mm

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်ကြင်မြိုင်

## (ဦးခင်မောင်-ဒေါ်ကြင်မြိုင်လျှပ်စစ်ပစ္စည်း)

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၂လမ်း၊ အမှတ်(၁၅၀)နှင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၃)နေ (ဦးခင်မောင်)၏ဇနီး၊ ဒေါ်တင်တင်နွဲ့၊ ဒေါ်သန်းသန်းနွဲ့၊ ဦးစိန်ဝင်း-ဒေါ်ခင်သီတာစိုး၊ ဦးဝင်းထွဋ်-ဒေါ်ခင်ခင်နွဲ့၊ ဒေါ်အေးအေးနွဲ့၊ ဒေါ်သိန်းသိန်းအေး၊ ဦးကျော်စိုး၊ ဦးကျော်ငွေးတို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၃-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3D/3380၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၁

ဒေါ်စိုးစိုးသန်း နှင့် ဦးသန်းထွဋ်
အမှတ်(၇၁၈)၊ ဘုမ္မာ(၄)လမ်း
ဈ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။
တရားလို တရားပြိုင်

အထက်ပါအမှုမှ တရားပြိုင် ဦးသန်းထွဋ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်စိုးစိုးသန်းက "ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"လျှောက်ထား စွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင် သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၁၉ခုနှစ်၊ မတ်လ(၂၅)ရက် ၁၃၈၀ပြည့်နှစ်၊ တပေါင်းလဆုတ်(၅)ရက်နေ့ မွန်းမတည့်မီ(၁၀) နာရီတွင် အထက်က အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေ ရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှု လိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မတ်လ(၁၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နန္ဒမျိုး)
မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

---

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၂

ဒေါ်စိုးစိုးသန်း နှင့် ၁။ဒေါ်ကြည်
အမှတ်(၇၁၈)၊ ဘုမ္မာ(၄)လမ်း ၂။ဦးညွန့်တင်
ဈ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။
တရားလို တရားပြိုင်များ

အထက်ပါအမှုမှ တရားပြိုင်များ (၁)ဒေါ်ကြည်၊ (၂) ဦးညွန့်တင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်တို့အပေါ် တရားလို ဒေါ်စိုးစိုးသန်းက "ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"လျှောက်ထား စွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်ဆိုင် သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၁၉ခုနှစ်၊ မတ်လ(၂၅)ရက် ၁၃၈၀ပြည့်နှစ်၊ တပေါင်းလဆုတ်(၅)ရက်နေ့ မွန်းမတည့်မီ(၁၀) နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှု လိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မတ်လ(၁၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နန္ဒမျိုး)
မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

---

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9V/39472, Mandalar F/T (GBM-V), F/T(4x2)L DUMP BODY ယာဉ်လက်ဝယ်ရှိသူ Good Brother Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းကို ဖျက်သိမ်းခြင်း

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးသန်းရည်၏သမီး မဖြူဖြူလှိုင် ၁၁/သတန(နိုင်)၀၇၉၉၈၈ မှ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၊ အိမ်အမှတ်(၄၆)နေ ဦးရဲအောင်၏သမီး မခိုင်ခိုင် အသက်(၃၅)နှစ် ၁၁/စတန(နိုင်)၀၆၇၄၁၈ ကို အထူးကိုယ်စားလှယ်လွှဲအပ်ထားခြင်းအား ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ မဖြူဖြူလှိုင်မှာ စစ်တွေမြို့နယ် တရားမကြီးမှုအမှတ်-၃၄/၂၀၁၈ အမှုအတွက် အထူးကိုယ်စားလှယ်လွှဲအပ်ပေးအပ်ထားခဲ့ရာ ယခုအချိန်တွင် တရားလိုနှင့်တရားပြိုင်တို့ ညှိနှိုင်းဖြေရှင်းအဆင်ပြေသွားပြီဖြစ်၍ တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ခိုင် (စဉ်-၁၀၃၃၂)ကို ၁၂-၁၂-၂၀၁၈ ရက် အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားခြင်းကို ယနေ့မှစ၍ လုံး၀(လုံး၀) ဖျက်သိမ်းလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**မဖြူဖြူလှိုင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဗိုလ်မှူးလှမြင့်(ငြိမ်း)** အသက်(၈၂)နှစ်

**ကြည်း-၈၇၆၁ YOC (၁၈)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊အမှတ်(၃၇)နေ ဦးဉာဏ်ထွန်း(လ/ထညွှန်မှူး၊ ဆည်/ရေဦးစီးဌာန)-ဒေါ်ကလျာမြင့်(ဦးစီးအရာရှိ၊ငြိမ်း၊ ဆည်/ရေဦးစီးဌာန)တို့၏ဖခင်ကြီးသည်၁၄-၃-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်အေးမြင့်အောင်

### အသက်(၇၉)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)မှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့၏မိခင်ကြီးသည် ၁၃-၃-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**တည်ဆောက်ရေး(၃)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့**

---

ဝမ်းနည်းကြေကွဲခြင်း
မိုဟမ္မဒ်အီစာ(ခ)ဦးအေးမောင် အသက်(၆၁)နှစ်
တပ်မတော်ရေ(ငြိမ်း)
ငါးပါးသခင်ဒါရ်ုဂါဘဏ္ဍာတော်ထိန်းအဖွဲ့(ရုံးအဖွဲ့မှူး)

(၉-၃-၂၀၁၉)ရက် စနေနေ့ ည (၁၁း၅၀)နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဂုဏ်ထူးဆောင်နာယကကြီးများ
၂၀၁၈-ခုနှစ်အူရွတ်စ်အခမ်းအနားကျင်းပရေးကော်မတီ
ငါးပါးသခင်ဒါရ်ုဂါတော်၊သန်လျင်မြို့

---

ဝမ်းနည်းကြေကွဲခြင်း
မိုဟမ္မဒ်အီစာ(ခ)ဦးအေးမောင် အသက်(၆၁)နှစ်
တပ်မတော်ရေ(ငြိမ်း)
ငါးပါးသခင်ဒါရ်ုဂါဘဏ္ဍာတော်ထိန်းအဖွဲ့(ရုံးအဖွဲ့မှူး)

(၉-၃-၂၀၁၉)ရက် စနေနေ့ ည (၁၁း၅၀)နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဇဖရ်ရှားဒါရ်ုဂါ
မင်္ဂလာဒုံဒါရ်ုဂါ
တောင်ငူကြာနီကန်ဒါရ်ုဂါ
မော်လမြိုင်၊လှိုင်ဒါရ်ုဂါ

---

## မိသားစုနှင့်ထပ်တူကျေးဇူးတော်ချီးမွမ်းခြင်း

## နော်ထားထားမူ (အသက်-၅၉)နှစ်

မိခင်အမျှကျေးဇူးကြီးမားလျက်ချစ်ခင်လေးစားရသော အဒေါ်မိုးတူတူ(ခ)နော်ထားထားမူ၏ ဘုရားသခင်၏ရင်ခွင်တော် ကောင်းကင်ဘုံတွင် တိုးဝင်လျက် ကောင်းချီးမင်္ဂလာခံစားရသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါ၏။

**ချစ်သောတူ/တူမများ**

၁။ ကိုဇော်ဝင်းထွတ်
၂။ ကိုဝေဖြိုးထွတ်
၃။ ကိုဝင်းမော်ထွတ်
၄။ စောချစ်ဇော်အောင်
၅။ စောဝေမျိုးချိန်
၆။ စောအောင်ဖြိုးထက်
၇။ စောပြည့်စုံဝင်း
၈။ စဝင်းထွန်း
၉။ နမ့်စမ်းစမ်းအေး
၁၀။ နော်အေးအေးမိုး
၁၁။ နော်စိုးစံနှင့်ဒေါ်တေးမိသားစု

---

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၆ယ/၄၁၀၉၂ Canda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုးဦး ၁၄/ကလန(နိုင်)၁၁၀၇၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/7950၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်အေးမြင့်အောင်

### အသက်(၇၉)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)မှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့၏မိခင်ကြီးသည် ၁၃-၃-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၉)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## ဒေါ်အေးအေးစိုး

## M.Sc(Chemistry)

### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီကွန်ဒို၊ တိုက်(C)၊ အခန်း(၅၀၁)နေ [ဦးပြည့်စိုး (ညွှန်ချုပ်-ငြိမ်း၊ မွေး/ရေဝန်ကြီးဌာန)-ဒေါ်သန်းသန်းဇင်]တို့၏သမီး၊ ဦးမျိုးချစ်-ဒေါက်တာသင်းသင်းစိုး တို့၏ညီမ၊ (ဦးမြတ်စိုး)-ဒေါ်သီဂီသောင်း၊ ဦးညီစိုးတို့၏အစ်မ၊ ကိုလင်းထက်၊ ဒေါက်တာနှင်းပွင့်ဦး၊ မလှမြတ်စိုး၊ ကိုရဲခေါင်စိုးတို့၏အဒေါ်သည် ၁၂-၃-၂၀၁၉ရက် ၅း၂၅နာရီတွင် ဘန်ကောက်မြို့ BNH ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ဘန်ကောက်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၉ရက်(တနင်္လာနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## နော်ထားထားမူ

**အလယ်တန်းပြ(ငြိမ်း)၊ အလက(၅)မရမ်းကုန်း**

### အသက်(၅၉)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဦးဘုန်းကြွယ်(ဒုတိယအင်ဂျင်နီယာချုပ်)၏ဇနီး နော်ထားထားမူ အသက်(၅၉)နှစ်သည် ၁၄-၃-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင်နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုအောင်နှင့်ဇနီး**
**အင်ဂျင်နီယာချုပ်**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## နော်ထားထားမူ

**အလယ်တန်းပြ(ငြိမ်း)၊ အလက(၅)မရမ်းကုန်း**

### အသက်(၅၉)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဦးဘုန်းကြွယ်(ဒုတိယအင်ဂျင်နီယာချုပ်)၏ဇနီး နော်ထားထားမူ အသက်(၅၉)နှစ်သည် ၁၄-၃-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင်နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်နှင့်အင်ဂျင်နီယာဌာနဝန်ထမ်းများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

---

## ကိုဟန်ဇင်ထူး

### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်၊ ကျော်သူ(၂၁)လမ်း၊ အမှတ်(၇၉၂)နေ (ဦးသန့်ဇင်)-ဒေါ်လှလှထူးတို့၏သား၊ မအေးအေးရှင်၏ခင်ပွန်း၊ မောင်ထူးဘုန်းခန့်၏ဖခင်၊ ဦးသော်ဇင်ထူး-ဒေါ်ညိုမီညိုတို့၏ညီ/မောင်သည် ၁၃-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# စာအုပ်စာပေ လူ့မိတ်ဆွေ

---

## ဒေါ်အုံးအုံး

### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးသာစိန်-ဒေါ်ရွှင်ကျင်)တို့၏သမီး၊ (ဦးဟုတ်ဝမ်-ဒေါ်ကျင်သုံ)တို့၏သမီးချွေးမ၊ ဒေါက်တာနာဂသိန်းလှိုင်၏ဇနီး၊ ဦးဟန်ထွန်း-ဒေါ်မေသန်းငွေး၊ ဦးမြတ်သိန်းထွန်း-ဒေါ်ဇင်မာလှိုင်၊ (ဦးဝင်းမြင့်ဦး(ခ)ကိုပေါက်)-ဒေါ်သက်ငုံလွင်၊ ဒေါက်တာထွန်းမြင့်အောင်-ဒေါက်တာအေးအေးလှိုင်၊ ဒေါက်တာဝင်းဝင်းလှိုင်၊ Capt. ဥက္ကာကျော်ထက်-ဒေါ်ချောစုလှိုင်၊ ဒေါ်ချောကလျာလှိုင်တို့၏မိခင်၊ မောင်ခန့်ဖြိုး၊ မမေသွယ်ဟန်၊ မသဥ္ဇာသိန်းလှိုင်၊ မစုသစ္စာဦး၊ [မောင်ဘုန်းသက်ပိုင်ဦး(ခ)ဒါဒါဒို]၊ မောင်လပြည့်အောင်(ခ)ပီတာ၊ မမေဖူးမွန်၊ မောင်ဟိဏ်းနေထက်တို့၏အဘွားသည် ၁၃-၃-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀နာရီတွင် အောင်ရတနာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိ ပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

**ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ခဲ့သည့် ကျောက်မျက်ပြပွဲများအပြင် အခြားလုပ်ငန်းများမှ ဝင်ငွေများရှိပါက အခွန်အပြည့်အဝရရှိစေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းကြပ်ကောက်ခံသွားမည်**

**နေပြည်တော် မတ် ၁၄**

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ မန္တလေးမြို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ပြုလုပ်နေသည့် ကျောက်စိမ်းအရိုင်းပြပွဲများ၏ အခွန်ငွေပေးဆောင်မှုအခြေအနေ တိုင်ကြားစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ်(၅/၂၀၁၉)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်ဖြင့် ကျင်းပပြီးစီးခဲ့ပြီးဖြစ်သော ပုဂ္ဂလိကကုမ္ပဏီများ၏ ကျောက်စိမ်းအရိုင်းရောင်းချပွဲများ ကျင်းပမှု၊ တင်ပြကျောက်အတွဲ၊ ရောင်းချရသောကျောက် အတွဲ၊ ရောင်းရသည့် တန်ဖိုးငွေများ၊ အမှန်တကယ်ငွေပေးချေသည့် ကျောက်အတွဲ တန်ဖိုးငွေစာရင်းများ၊

*စာမျက်နှာ ၆ ကော်လံ ၁* ❄



ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပစဉ်။



ဒဂုံအသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မောရဝတီဂိုးသမား ကာကွယ်နေစဉ်။

# ဒဂုံနှင့် ငွေကြယ်ပွင့်အသင်း ရှုံးထွက်ဒုတိယအဆင့်သို့ တက်ရောက်

**ရန်ကုန် မတ် ၁၄**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်(ဒုတိယနေ့)ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဒဂုံအသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ နောက်တစ်ဆင့်တက်သွားပြီး MNL ကလပ် Chinland အသင်းမှာမူ မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ကာ ပြိုင်ပွဲမှစောစီးစွာ ထွက်ခဲ့ရသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံအသင်းက မောရဝတီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီတွင် MNL သို့ တန်းတက်ခွင့်ရထားသည့် ဒဂုံအသင်းသည် မောရဝတီအသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့သည်။ မောရဝတီအသင်းသည် ယခုပွဲတွင် ထူးထူးခြားခြား လုပ်ပြနိုင်ခြင်းမရှိဘဲ ပထမအဆင့်မှ ထွက်ခဲ့ရသည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားများအပါအဝင် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း မောရဝတီအသင်းမှာ ကစားကွက်တည်မရဖြစ်နေသောကြောင့် ဒဂုံအသင်းက ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ သို့သော် အဆုံးသတ် အားနည်းမှုကြောင့် ဒဂုံအသင်းသည် ၂၉ မိနစ်မှ အဖွင့်ဂိုးရခဲ့သည်။ ဒဂုံအသင်းအတွက် အဖွင့်ဂိုးကို ဇာမာက သွင်းယူခဲ့ပြီး ၃၆ မိနစ်တွင် မျိုးမင်းဇော်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဒဂုံအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၇၂ မိနစ်တွင် အောင်ခိုင်ထွန်းနှင့် ၇၇ မိနစ်တို့တွင် ဇွဲခန့်တို့က သွင်းယူခဲ့သည်။ ဒဂုံအသင်းသည် ဒုတိယအဆင့်တွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ငွေကြယ်ပွင့်အသင်းက Chinland အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ❒

# မြန်မာအသင်းယှဉ်ပြိုင်မည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပွဲများ ထွက်ပေါ်

**ရန်ကုန် မတ် ၁၄**

မြန်မာ ယူ-၁၈ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။ ယင်းပြိုင်ပွဲကို ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ မတ် ၂၃ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းအပါအဝင် အာရှအင်အားကြီး တရုတ်၊ အာဆီယံအသင်းများဖြစ်သည့် ထိုင်းနှင့် မြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃၊ ၄ နေရာရအသင်းမှာ တတိယလုပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မတ် ၂၃ ရက်တွင် ဗီယက်နမ်အသင်း၊ မတ် ၂၅ ရက်တွင် တရုတ်အသင်း၊ မတ် ၂၇ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို မတ် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ◆



မတ် ၇ ရက်က မြန်မာ ယူ-၁၈ အသင်းနှင့် နီဂါတာအသင်း ခြေစမ်းပွဲကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

“ဂျပန်နိုင်ငံ၏ သင်ရိုးအတိုင်းသင်ကြားပေးသော မော်တော်ကားပြုပြင် ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းများ”

▶▶ဂျပန်နိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Second Class Automotive Mechanic သင်ရိုးညွှန်းတမ်းဖြင့် အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။

▶▶သင်တန်းအမျိုးအစား - Advanced Diploma in Automotive Eng ; (Maintenance)
သင်တန်းကာလ - 6 Months (၆လ) ၊
လက်ခံမည့်ဦးရေ - (၂၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 22 - 4 - 2019
သင်တန်းအပတ်စဉ် - (၃)
ပညာအရည်အချင်း - OIST (Japan) ၏ Automotive Engineering Diploma (Third Class) အောင်မြင်ထားသူများ

သင်ကြားပေးမည့်ကြောင်းအရာများ

- Automotive Repair and Inspection
- Advanced Troubleshooting and Diagnosis
- Advanced Automotive System (GDI , Common Rail , Hybrid , DSC , Air Bag , Safety)
- Business Management and Customer Services
- အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ –
  - OBD Scanner အမျိုးမျိုး , Break Tester , Side Slip Tester , 5D Alignment Tester , Digital Oscilloscope , Exhaust Gas Tester , Compression Pressure Gauge နှင့် အခြား Special Tools and Measuring Instrument များ

GLORY Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
09-73121717 , 09-5197817 Facebook- GLORY Career Training Centre